www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃
နတ်ရွာမိုး
ရင်နဲ့ရွာတဲ့မိုး/နတ်ရွာမိုး။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၄။
၁၅၈ - စာ၊ ၁၃.၅ × ၂၁ စင်တီ။








www.burmeseclassic.com

www.burmeseclassic.com








# အခန်း(၁)

"ဝေါ. . ဝေါ. . ဝရော. . ဝေါ. ."

ရွာလိုက်တဲ့မိုး။

စိုင်းထီးဆိုင်ရဲ့. . 'သေအောင်သာရွာပါမိုး'၊ ဦးမြကြီး. .

မိုး. . ။ မိုးစမ်းဟ. . . ။

"ဂျိန်းဒလိန်း!. . ဒိမ်း!. ."

"သောက်ခွေးဟ. ."

ဆံပင်ပေါ်ကနေ တစ်ထွာလောက် ခွာပြီး. . ရှပ်ပစ်လိုက်



www.burmeseclassic.com

တဲ့ မိုးကြိုးတစ်ချက်ကြောင့် လက်ကလေးခေါင်းပေါ်တင်ပြီး ကတ္တရာလမ်းမပေါ် ဝပ်မှောက်မိမလိုဖြစ်သွားသည်။ ငယ်ငယ်တုန်းက ဆိုလျှင်တော့ လျှောခနဲ ဒိုင်ပင်ပစ်ပြီးသား။ လောလောဆယ်တော့. . ဒူးလေး ညွှတ်ရုံကလေး. . . ။

သို့သော် ထိုအညွှတ်ကလေးက ဘောင်းဘီခါးပတ်ကို ပို၍တင်းစေပြီး ဆီးအိမ်ကို ညှစ်သလိုဖြစ်ကာ. . ဇီဇာမရလို့ ပြူတစ်ပြူတစ်ဖြစ်နေသော ဝမ်းတွင်းက ညည်သည်တချို့ တို့လို့တွဲလောင်းဖြစ်ကုန်ကြသည်။

"အမလေးနော်. . အား!. . ကျွတ်ကျွတ်!. .၊ လွှတ်လိုက်ရင် ကောင်းမယ်ထင်တယ်. ."

ကားပေါ်မှာကတည်းက ဆီးသွားချင်သောစိတ်ကို ကြိတ်မှိတ်မြိုကာ. . မြတ်ထူးတို့အိမ်ရောက်မှပဲ ပေါက်တော့မည်ဟု. . အားတင်းကာ လျှောက်လာခြင်းဖြစ်သည်။

ရွာလိုက်တဲ့မိုးကလည်း. . သူ့အမျိုးတွေ မြေကြီးပေါ်မှာတစ်ယောက်မှမရှိတဲ့အတိုင်း မိုက်မိုက်ရိုင်းရိုင်းကို ရွာချသည်။

ရေမှ. . သောက်ရေသက်သက်၊ ရွာတာက ပြဿနာမရှိ၊ တစ်နေ့လုံး ရေခမ်းအောင်ပူပြီး တစ်မိုးလုံး တာကျိုးအောင်ရွာတာ ရွာပါ။ မိုးရွာလျှင်. . ဆီးသွားချင်တာကတော့ ဆိုးလွန်းသည်။

လူတိုင်း ဒီလိုဖြစ်တတ်သလားတော့မသိ ရဲရင့်ကတော့ ဖြစ်သည်။ မိုးရွာတာမပြောနှင့်. . ရေဘုံဘိုင်က ရေကျလျှင်တောင် ဒီမှာ. . ဆီးသွားချင်နေပြီ။





ဒါဟာ. . ကျောက်ကပ်အားနည်းလို့လား၊ ဒါမှမဟုတ်. . ဆီးရောဂါလား. . တစ်ခုခုပဲ၊ ဟုတ်ပြီ. . ဆရာဝန်နှင့်ပြသကြည့်တော့. . စိတ်ရောဂါဟုဆိုပါသည်။

အာထရာဆောင်းရိုက်၊ ဓါတ်မှန်ရိုက်၊ ဆီးစစ်သွေးစစ်. . အကုန်စစ်ကြည့်သည်။ အားလုံးကောင်းသည်တဲ့. . ။ ဒါဆို စိတ်ကဖြစ်တာပေါ့. . ၊ စိတ်ကမဖြစ်အောင် ဘယ်လိုကုစားရမလဲဟု မေးတော့. . ဆရာဝန်က. . တရားစခန်းဝင်ကြည့်ပါ၊ ရေတံခွန်အောက်မှာ တရားထိုင်ပါဟု. . အကြံဉာဏ်ပေးပါသည်။

ရဲရင့် တရားစခန်း မဝင်ဖြစ်သော်လည်း. . အိမ်က ရေချိုးခန်းထဲမှာ ရေပန်းခရားပွင့်ပြီး တရားထိုင်ကြည့်သည်။ ထိုင်သာထိုင်ရသည် ထွက်တာကထွက်နေသဖြင့်. . စိတ်ပျက်ပြီး. . 'နေကွာ. . ပေါက်စရာကြီး ပါနေမှတော့ ပေါက်မှာပဲ. . မပေါက်ချင်ရင် ပြဿနာရှိ ရုံပဲရှိတယ်' ဟုတွေးကာ မထိုင်ဖြစ်တော့ပါ။

ဖြတ်ပစ်ရမှာလည်း အလွန်နှမြောစရာကောင်းလှ၍. . . ဒင်'သီချင်းနှင့် နေလိုက်သည်။

". . 🎼. . ဒီအတိုင်းပဲ. . ဒီအတိုင်းပဲ. . 🎼. . ဒီအတိုင်းပဲ. . ဆင်းလာခဲ့. . 🎼. ."

"အား!. . ကျွတ်!. . ကျွတ်!. . မရတော့ဘူး. ."

ထီးကလည်းမပါသဖြင့်. . တစ်ကိုယ်လုံးပြာနေအောင် ရွှဲနစ်ပြီး ညှစ်အောင့်ထားရသောစိတ်ကြောင့်. . လေကလေးအေးအေး သွက်သွက် တိုက်လိုက်တိုင်း. . ခန္ဓာကိုယ်ပေါ် ကြက်သီးလိုင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖျဉ်းခနဲ. . ဖျင်းခနဲ. . ဖြစ်သည့်ဒုက္ခ. . (ရုံတင်ကားကြီး နတ်ဖြစ်ရတဲ့ဒုက္ခ). . ထက်ဆိုးပါသည်။ သင်တို့ဖြစ်ဖူးလျှင် သိလိမ့်မည်. . ။

မြတ်ထူးတို့ အိမ်ကလည်းဝေးသေးသည်။ FMI လိုဇာ့ဆင့် မြင့်လူနေရပ်ကွက်ထဲ. . အုတ်တံတိုင်းကာ သီးသန့်ခြံဝင်းနှင့် ကွန်ကရစ်ခင်းလမ်းသာရှိပြီး၊ အခြားအခြားသော. . ရပ်ကွက်တွေလို ချုံကြိုချုံကြားလည်း မရှိသောကြောင့်. . ရဲရင့်ခင်မျာ ပိုက်ထားရသော ဆီးအိုးကို. . ဘယ်လိုမျိုး သွန်မှောက်ရမှန်းမသိ ဖြစ်နေရှာပါသည်။

မညာမတာ ရွာသောမိုးကိုပဲ ဆဲရမလား. . နီးရာအိမ်တစ်အိမ်ကိုပဲ အကူအညီတောင်းရမလား။ ဒါကတော့ မဖြစ်နိုင်ပါ. . 'ကျွန်တော်ဆီးသွားချင်လို့ပါ ခဏလေးကူညီပါ'. . ဆိုသော စကားနှင့် မမြင်ဖူးသော မျက်နှာစိမ်းတစ်ယောက်ကို. . ဒီလိုလူနေမှုအဆင့်အတန်းနှင့်လူတွေ ပိုတောင်လက်မခံချင်. . ။

မြင်လိုက်ကတည်းက. . . နှာခေါင်းရှုံ့ပြီး. . တစ်ချောင်းတည်းချထားတဲ့တံခါးချက်(ဘွန်)ကို. . နှစ်ချောင်းပြည့်အောင် ထပ်ချမှာ သေချာသည်။

ဒါလည်း. . သူတို့အပြစ်မရှိ၊ ဒီလိုသီးသန့်နေထိုင်သော ခြံဝင်းမျိုးတွေမှာ မကြာခဏ အမှုအခင်းဖြစ်တာမျိုး ကြားလည်းကြားနေရသည်။ FMI မှာတော့မဟုတ်. . အခြားသောနေရာတွေမှာ ခုလိုမျိုး သနားအောင် အကူအညီတောင်းပြီး. . အိမ်ထဲရောက်မှ လူသတ်ဓါးပြတိုက်တာမျိုးတွေ ရှိကြသည်။





ဆိုတော့ကာ. . အင်းလေ. . အင်းပေါ့. . . ။

"အား!. . ကျွတ်!. . ကျွတ်!. . "

"ဂျိမ်း!. . ဒလိန်း!. . "

"အမေ့!. . ဟာ. . သွားပြီ. . "

လုံခြုံရေး အထပ်ထပ်ချထားတဲ့ကြားထဲက. . မိုးချိန်းသံကို အခွင့်ကောင်းယူပြီး တိုးထွက်သွားတဲ့တစ်ချက်ကြောင့် ညာဘက်ပေါင်မှာ နွေးခနဲဖြစ်သွားသည်။

သို့သော်. . လုံခြုံရေးကောင်းပါသည်။ အချိန်မီလေး ပြန်သိမ်းထားလိုက်သည်။

"ဒုက္ခပဲကွာ. . ဟိုနားနည်းနည်း ဒီနားနည်းနည်းနဲ့. . မြတ်ထူးတို့အိမ်ရောက်ရင် သေးစော်နံလို့ ဒုက္ခပေးတော့မယ်. . ဒါဘယ်လိုလုပ်ရမလဲ"

သူ အားကိုးတစ်ကြိမ် ဟိုဒီလှည့်ရှာလိုက်တော့. . သူ့ဘေးမှာ ဇီဇဝါ(၄)လမ်းဆိုသော လမ်းနာမည် ဆိုင်းဘုတ်ကလေးကလွဲလို့ ရှင်းနေသော လမ်းသွယ်တစ်ခုသာရှိသည်။

သို့သော်. . . လမ်းအလည်လောက်မှာ. . သဲဘော်ဒီနှင့် ဆူဇူကီးအမျိုးအစား ကားတစ်စီး ရပ်ထားတာတွေ့ရသဖြင့်. . ရဲရင့် အတွေးထဲ လင်းခနဲ ဖြစ်သွားသည်။

အုတ်တံတိုင်းဘေး သေးပန်းတာနှင့်နှိုင်းစာလျှင် ကားဘီးဘေးသေးပေါက်တာက ကာလံဒေသံ မွန်လောက်သည်။

အုတ်တံတိုင်းက အိမ်တစ်အိမ်. . (ဥပမာ) နယ်နမိတ်



www.burmeseclassic.com

www.burmeseclassic.com



စည်ရိုးပိပိ ခန့်ခန့်သန့်သန့်ကြီး ကာနေရမည်။ ကားဘီးက နေရာ ဘကာ လိမ့်နေရသော အမျိုးအစား. . တကယ့်ကို တွေ့မရှောင် အစစ်ကြီး၊ ဘာကြီးပဲ ကန့်လန့်ခံနေနေ. . . ဗျစ်ခနဲ. . ဗျိုးခနဲ. . နေ ခအောင် နင်းသွားမှ. . ၊ သူ့ဘဝလောကမှာ အညစ်ပတ်ဆုံးကို ပြော ပါဟုမေးလျှင်. . ကားဘီးကိုလက်ညှိုးထိုးရမည်၊ မဝင်တွင်းကမှ မစင် ဘစ်မျိုးတည်းတွင်းနေတာ. . ကားဘီးက မစင်ဘာတွေရော စင်တာ ခတွေပါ. . အကုန်နင်းရမှ ကျေနပ်သူ. . ။

အဟတ်ဟတ်. . ဒီလောက်ညစ်ပတ်တဲ့အကောင်ကို. . ခသးနဲ့ပန်းတာ ဘာဆန်းလဲ. . ။

"ဟား!. . ဟူး!. . ရှီး!. . ကောင်းမှကောင်း. . "

ဘောင်းဘီနှင့်ဆိုတော့ ထိုင်လို့မရ။ ထို့ကြောင့် မတ်တတ် ဘလေး. . ၊ နောက်ဘော်ဒီကို အကာအကွယ်ယူပြီး. . နောက်ဘီး ဘည့်တည့်. . မိုးနှင့်အပြိုင် ကြဲလိုက်သည်။ ကြက်သီးမွေးညှင်း ဖျဉ်း ခနဲဖြစ်တာတောင်. . အရသာရှိလှသည်။





"တီလတီ. . တီတီ. . တီလတီ. . "

ဖုန်းမြည်သံကြောင့် ကြည့်လိုက်တော့. . . ဖုန်းနံပါတ်က အိမ်ရှေ့အိမ်က ဦးစည်သူရဲ့ဖုန်းနံပါတ်. . 'ရှာသွန်းဖြိုး' ညည့်ခန်းသဲ က အိမ်ရှေ့ဘက် လှမ်းကဲကြည့်ရင်း. . .

"ဟဲလို. . "

"အေး. . သမီးရေ. . ဦးစည်သူပါ။ သမီးတို့ကားကို လူတင် ယောက် သေးပန်းနေလို့ အမြင်မတော်လို့ ဖုန်းနဲ့လှမ်းအသိပေး တာပါကွယ်. . ဒါပဲနော်. . "

ရှာသွန်းဖြိုး ဖုန်းပိတ်ပြီး ညည့်ခန်းမှန်ချပ်၏ ခန်းဆီးလိုက် ဘာတွေကို ဆွဲဖယ်ကြည့်လိုက်သည်။

ဘုရားရေ. . .



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကလေးမော့ပြီး စည်းစိမ်တောင် ခံနေလိုက်သေးသဖြင့် ရှာသွန်းဖြိုး အော်ကလီဆန်သွားကာ ထီးယူ၍ အိမ်ရှေ့ပြေးထွက်လာခဲ့သည်။

ခြံအပြင်ဘက်ကိုတော့မဟုတ်. . အုတ်တံတိုင်းက အရပ်မြင့်သောလူတစ်ယောက်၏ ရင်ညွှန့်လောက်သာမြင့်သဖြင့် ဟိုဘက်ဒီဘက်ကတော့ သေချာမြင်ရသည်။ (ခေါင်း. . )

"ဟဲ့!. ."

"ဟဲ့!. . လူယုတ်မာ. ."

"ဟဲ့!. . တောက်!. ."

မိုးလေသံနှင့်မို့ ရှာသွန်းဖြိုး၏အသံက ရှေ့မရောက်. . . ထို့ကြောင့် အုတ်နံရံဘေး အုတ်ခဲအကျိုးပိုင်းစ တစ်ခုကို ကောက်ယူ၍. . နောက်ခန်း ကားဘော်ဒီခွက်ထဲ ပစ်ထည့်လိုက်တော့၏။

"ဒုန်း!. ."

"ပလုပ်တုတ်!. ."

ရုတ်တရက်မို့ ရဲရင့်လန့်ဖျပ်ပြီး တုန်ခနဲဖြစ်ကာ. . ဘရိတ်ကလည်း ကောင်းလေသည်။ လူမိသွားပြီဆိုသော အသိက. . လမ်းဘေးဈေးသည်တစ်ယောက်၏ လျှင်မြန်မှုမျိုးနှင့် သိမ်းထုပ်ပြီးသွားပြီဖြစ်သည်။မျက်လုံးတွေကလည်း. . စည်ပင်ကားကို ရှာသလိုမျိုး။

"ဒီမှာ. ."

ရဲရင့် တွေ့သွားသည်။

အဝါရောင် ထီးကလေးနှင့်. . အဝါနုရောင် မျက်နှာလှလှ





လေး. . ။

သူခိုးလူမိတာထက်. . သေးပေါက်လူမိက ပို၍ ရှက်ဖွယ်ကောင်းလှ၏။ မိမယ့်မိတော့လည်း. . ကံဆိုးမိုးမှောင်ကျစွာ မျက်နှာလှလှလေးနှင့် မိရသလား. . ။ ရဲရင့်ခင်မျာ အီတီအာတာကြီးနှင့်. . ကားဘေးမှ ထွက်ကာ ရပ်ရသည်။

"ရှင် မိုက်ရိုင်းလှချည်လား. . လူကမွေးတာရော ဟုတ်ရဲ့လား. ."

"အာ. . အဲဒါတော့အစစ်ပါဗျာ၊ မယုံရင်စမ်းကြည့်ပါ. ."

"ဘာကိုစမ်းရမှာလဲ. . ရှင်ထွက်သွား၊ တောက်!. . သူများအိမ်ရှေ့လာပြီး ကားဘေးသေးပန်းရတယ်လို့ပဲ. . တောက်!. . အတော်ပဲ့တဲ့လူ. ."

"အမလေး. . . အတော်ကိုယ်ချင်းမစာတဲ့မိန်းမ. . မင်းအလှည့်ကျမှသိမယ်. ."

"ဘာ!. . ရှင်ဘာပြောတာလဲ. ."

"ဘာမှမပြောပါဘူး. ."

"သွား. ."

"သွားမယ်. . ထမင်းကျွေးပါ့မယ်လို့ပြောတာတောင် မနေဘူး. ."

"ကြည့်စမ်း. . ငါ့ကိုများ ပတွတ်ပတက်နဲ့ ပြောသွားသေးတယ်. ."

"ပြောမှာပဲ. . အောင်မာ. . FMI မှာနေတယ်ဆိုပြီး. . ဖင်



www.burmeseclassic.com

www.burmeseclassic.com



လေဟပ်နေလိုက်တာများ၊ မကျေနပ်ရင် သေးပေါက်ခြံလေး ဘာလေး လုပ်ထားကြပါလား. . "

ရဲရင့်. . ရပ်ပြီး တစ်ခွန်းမခံ ပြန်ပြောနေခြင်းမဟုတ်ပဲ. . လမ်းလျှောက်ရင်း ပြောခြင်းဖြစ်၍. . မိုးနှင့်လေနှင့်. . ရွှံသွန်းဖြိုး မကြားနိုင်အောင်ဖြစ်ကာ ဒေါသပိုဖြစ်လာတော့သည်။

ထို့ကြောင့်. . သက်ဆိုင်ရာလုံခြုံရေးကို ဖုန်းဆက်တိုင်ဖို့ အိမ်ထဲဝင်လာတော့သည်။

ရဲရင့်ကတော့. . လူဖြစ်ရသောဒုက္ခများ. . သုံးပုံနှစ်ပုံခန့် လျော့ကျသွား၍ အတော်ပင် နေသာထိုင်သာရှိကာ. . . ခပ်သွက်သွက်ပင် ဆက်လျှောက်သွားတော့သည်။

ခုတော့လည်း. . မိုးရေထဲလမ်းလျှောက်ရတာ ဗီလင်လာသလိုလို. . .။



အချစ်ဆိုတာ..
ကမ္ဘာတည်ဦးကတည်းကလို့
ပြောစမှတ်ပြုကြပေမယ့်..
(သမိုင်းအရတော့..)
ကိုလံဘတ်တို့...ဘတ်စကိုဒဂါးမားတို့...
ရှာဖွေသွားတဲ့အထဲမှာ
အချစ်မပါဘူး...။



www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့...
အချစ်ဆိုတာ...
ကမ္ဘာတည်ဦးကတည်းက...
ဒီနေ့အချိန်အထိ..
မှိုရှာသလိုရှာပြီး
မှိုစားသလိုစားနေကြတာပါပဲ..
သေတော့လည်း
မှိုတောက်ပြီးသေသလိုပေါ့..
အဲ့ဒါကြောင့်အချစ်ဆိုတာ..
ရှာမှတွေ့တယ်..
တွေ့ပြီးတော့လည်း ရှိတယ်လို့ပြောလို့မရ
မရှိဘူးလားဆိုတော့ ရှိပြန်တယ်..
(စိတ်ညစ်တယ်..အချစ်ရယ်...)





# အခန်း(၂)

"ပေါ့ကောင် မြတ်ထူး၊ မတ်တူး. . ခါတ်ဘူး. . နတ်ရှူး. ."

"ဟာ. . ရဲရှင့်၊ ပရဲစင့်. . မွဲသင့်. . ဝဲနင့်. . အသေကောင် တစ်မနက်မလုံး မျှော်နေတာ. . မြန်မြန်ဝင်. ."

"လဲစရာ အဝတ်တစ်စုံပေးကွာ. . ၊ မဟုတ်ရင်. . အကုန်ချွတ်လိမ့်မယ်. ."

"အေး. . ခဏလေး. ."

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတုန်းကတည်းက ခင်ခဲ့ကြသော. . . အတန်းဖော်သူငယ်ချင်းများဖြစ်၍ ကျောင်းမှာတုန်းကအတိုင်း နာမည်ပြောင်များနှင့်နှုတ်ဆက်ကာ. . အလွမ်းသယ်ကြစမြဲ. . ။ ဒီလိုလေး အော်လိုက်ဟစ်လိုက်ရင်ပဲ စိတ်ထဲကြည်နူးသလိုလို ခံစားမိခြင်းက. . သူတို့သူငယ်ချင်းအုပ်စုတွေကြား အလေ့အထလို ဖြစ်သွားသည်။ ကျောင်းပြီးတာ (၃)နှစ်နီးပါးရှိသွားပြီဖြစ်၍. . အားလုံး ကိုယ့်ပုံစံနှင့်ကိုယ် အသက်ရှင်နေထိုင်ကြကာစလည်းဖြစ်သည်။

မြတ်ထူးက သူ့မိဘများကုမ္ပဏီမှာ အလုပ်ဝင်လုပ်ပြီး. . သန်းစိုးက စင်ကာပူ ထွက်သွားသည်။ မြတ်ဆုမွန်တို့ အုပ်စုကတော့ ဘယ်တွေရောက်ကုန်သည်မသိ။ လောလောဆယ်. . . ရန်ကုန်မှာ သက်ရှိထင်ရှားရှိနေသော မြတ်ထူးနှင့်သူသာ အဆက်အသွယ်မပြတ်ပဲ ရှိနေကြသည်။

သူကတော့ ကျောင်းပြီးကတည်းက. . အဖေ့ညီ လူပျိုကြီး ဦးလေးတင့်၏ အီလက်ထရွန်းနစ်ဆားဗစ်မှာ အလုပ်ဝင်ခဲ့သည်။ အဖေရှိစဉ်ကတည်းက အိမ်မှာ TV/DVD ပြင်သဖြင့်. . သူလည်း အဖေ့ကိုကူရင်း နားမျက်စိယဉ်ခဲ့သည်။ ဝါသနာလည်းပါ၍ ကျောင်းမပြီးခင်ကတည်းက အဖေ့လမ်းညွှန်မှုဖြင့်. . အီလက်ထရောနစ် သင်တန်းများတက်ခဲ့သည်။

သူကျောင်းမပြီးခင် အဖေဆုံးသွားသဖြင့်. . သားအမိနှစ်ယောက် စားဝတ်နေရေးအတွက် အဖေ့ပညာကို အမွေခံကာ အဖေ့လက်ငုတ်လက်ရင်းနေရာ သူဝင်ကာ ရပ်တည်ခဲ့ပါသည်။





ကျောင်းပြီးသည့်နောက်ပိုင်း (၃၄)လမ်းထဲမှာ အခန်းငှားပြီး ပြင်ဆင်ဖွင့်ထားသော ဦးလေးတင့်ဆိုင်မှာ ဝင်လုပ်ဖြစ်သွားသည်။

လက်ခစား MECHANIC ဆိုသော်လည်း ဦးလေးတင့်က ရလျှင်ရသလိုပေး၍ အဆင်ပြေပါသည်။

"ရော့. . ပုဆိုး၊ ဒီမှာ. . သဘက်၊ ဒါက. . အကျီ. . လဲပြီး ဝင်ခဲ့ကွာ. . ငါ ကော်ဖီပူပူလေး ဖျော်ထားမယ်. . "

"မုန့်ပါချထားကွာ. . ငါဗိုက်ဆာလာတယ်. . "

မြတ်ထူး မျက်ခုံးမြှင့်ပြီး ပြုံးကြည့်သဖြင့်. . ရဲရင့် မျက်စိအလေးမိုတ်ကာ လျှာထုတ်ပြလိုက်သည်။ အဝတ်လဲပြီး ဧည့်ခန်းရောက်တော့ မြတ်ထူး စားသောက်စရာများနှင့် ထိုင်စောင့်နေလေသည်။

"ဘယ်လိုဖြစ်လို့ နောက်ကျနေတာလဲ. . "

"ဟာ. . ငါထွက်လာကာနီးမှ ဦးလေးတင့်က ဝိုက်တစ်လုံးနှင့်စစ်ခိုင်းနေလို့ ကြာနေတာ. . ဒီကြားထဲ မိုးကလည်းရွာနဲ့. . "

"အေး. . ထီးလေးဘာလေးလည်း ဆောင်းမှပေါ့ ငါ့ကောင်ရာ. . တော်ကြာ ဖျားမှဖြင့်. . "

"ထီးကိုင်ရမှာ ပျင်းတယ်ကွ. . ၊ မိုးကာလောက်ဆို မဆိုးဘူးထားလို့. . "

ရဲရင့်က. . နံရံချိပ်မှာချိပ်ထားသော မြတ်ထူး၏ မိုးကာအကျီကိုကြည့်ပြီး ပြောသဖြင့်. .

"ရတယ်လေ. . အဲ့ဒီမိုးကာ မင်းယူသွား. . "



www.burmeseclassic.com

"ဟေ. . တကယ်လား. ."

"တစ်ကယ်ပြောတာ. . အဲ့ဒါလက်ခပဲ၊ ငါ့အိမ်ကတီဗီကို ကောင်းအောင်သာ ပြင်ပေးခဲ့. ."

"ဟမ်!. ."

"ဟမ်မလုပ်နဲ့. . ဘောလုံးပွဲတွေကောင်းနေကာမှ တီဗီ ကပျက်နေတယ်. ."

"လက်ဖက်ရည်ဆိုင် ထွက်ကြည့်ပေါ့ကွ. ."

"မကြည့်ပါဘူး. . စိတ်ရှုပ်စရာကြီးပါ၊ ကဲ. . သောက်. . အေးကုန်မယ်. ."

ဆိုတော့လည်း. . ရဲရင့်က သဒ္ဓါတရားမပျက်အောင် ခပ်သွက်သွက်ပင် ယူသောက် ယူစားပစ်ကော့သည်။

ထိုစဉ်. . မြတ်ထူး၏ဟမ်းဆက်မှ ခွေးဟောင်သံထွက်ပေါ်လာသဖြင့်. . မြတ်ထူးဟန်းဆက်ဖွင့်ကာ လက်ခံလိုက်သည်။

ခွေးဟောင်သံတော့မဟုတ်။

"ဟဲလို. ."

". . . . . ."

"ဩော်. . အေး. . ရောက်ပြီ၊ မိုးတွေရွာလာလို့. . မီးဖုတ်ထားရတယ်. ."

". . . . . . . . . ."

"အဟတ်ဟတ်ဟတ်. . အေးပါ. . ငါ့ဆီမှာ မကြာပါဘူး ပြီးတာနဲ့ ခေါ်လာခဲ့မယ်. ."





မြတ်ထူးဖုန်းပိတ်ပြီး. .

"မြို့လို့ ဆိုလို့ မပြီးသေးဘူးလား ရဲရင့်. . ချထားတဲ့မုန့် တစ်ဘူးလုံး ကုန်အောင်စားမှာလား. ."

"ဩော်. . အေး. . အဟဲဟဲ. . ငါလည်းအရသာရှိတာနဲ့ မြှုပ်ပြီးစားနေတာ၊ သိမ်းလိုက်တော့လေ. . တော်ကြာမင်းအတွက် ကျန်ပဲနေဦးမယ်. ."

"ငါ့အတွက်က. . သပ်သပ်ရှိပါတယ်ကွာ၊ ဒီဘူးက ပါပီစားတဲ့ဘူး ဆိုတော့. ."

"ဘာ. . ဘာ. ."

"အဟိဟိဟိ. . မြန်မြန်လုပ်၊ ဟိုဘက်က. . ဖုန်းလှမ်းဆက်နေပြီ. ."

"ဘယ်ဖက်ကလည်း. ."

"ငါ့အသိပါ. . သူ့အိမ်ကတီဗီလည်း ပြင်ချင်လို့တဲ့၊ ငါလည်း မင်းရောက်လာတုန်း အဆင်ပြေသွားအောင်လို့ အလုပ်စပ်ထားတာ. ."

ဒီလိုဆိုတော့လည်းမြတ်ထူးက. . မဆိုးပါ၊ ခွေးစားတဲ့မုန့်ဘူး ချကျွေးပေမယ့်. . . သူငယ်ချင်းကောင်းတစ်ယောက်ရဲ့ စိတ်ဓာတနာတော့ အပြည့်ရှိသည်။

တကယ်ခွေးစားတဲ့ မုန့်ဘူးလည်း ဟုတ်ချင်မှဟုတ်ပါမည်၊ ဆောက်တာဖြစ်လိမ့်မယ်. . ၊ သူ့ဒွေးတွေဆိုတော့ကာ တစ်သောင်းတန် မုန့်ပုံးလောက်က ပါပီ့အတွက်လည်း ဖြစ်နိုင်သည်။

www.burmeseclassic.com



သချောတာကတော့ မုန့်ပုံးမှာ 'ခွေးများသာစားရန်'ဟု ရေးမထားသောကြောင့်. . မည်သူမဆို လွတ်လပ်စွာ စားသောက်နိုင်ပါသည်။ စားလည်းစားပြီးပြီ. . ။

သို့သော်. . စိတ်ထဲ သိပ်ဘဝင်မကျချင်သဖြင့်. . တီဗီဖွင့်ပြင်ရင်း မေးမိသည်။

"မင်း ငါ့ကို. . တစ်ကယ်ခွေးမုန့်ပုံး ချကျွေးတာလား. ."

"ဟော့ကောင် လာမေးမနေနဲ့. . ပါပီရောငါရော ဒီပုံးထဲကပဲစားတယ်. . ခွီးမှပဲ. ."

"ဩော်. . ဒီလိုလား. . တော်သေးတာပေ့ါ. ."

"ဘာလဲ. . မင်းက ခွေးမုန့်ပုံးချကျွေးတယ်ဆိုပြီး နှိမ်တယ်ထင်လို့လား. ."

"ဒီလိုတော့ ဘယ်ထင်မလဲကွာ. .၊ နည်းနည်းတော့ ငုတ်တာပေ့ါ. ."

"အောင်မာ. . လူသာ ငါးပါးသီလ မလုံခြုံတာ. .၊ ခွေးက ခွေးပါးသီလ လုံတယ်ကွ. ."

"ဘာ. ."

"မဘာနဲ့ တစ်ကယ်ပြောတာ. .၊ ပါပီနဲ့ငါနဲ့ ခုတင်တစ်လုံးတည်း အတူအိပ်တယ်. .၊ ဖက်ပြီးတော့တောင် အိပ်တယ်ကွာ ဘာဖြစ်လဲ. .၊ ဒီမှာ. . မင်းသေချာစဉ်းစားကြည့်စမ်း. လူတွေဟာ သူများအသက်သတ်ရမှာလည်း ဝန်မလေးဘူး၊ လိမ်ပြောဖို့လည်း မတွန့်ဘူး၊ ခိုးမလား ဝှက်မလား. . မမေးနဲ့ လုပ်တယ်၊ အရက်. .





အိုးဟိုး. . လက်ဖက်ရည်ဆိုင်သာ လူမရှိရင်နေမယ် အရက်ဆိုင်ကို မနက်မိုးမလင်း ခင်ကတည်းက နိုးပြီး လာသောက်တယ်၊

သူများသားမယား ကြာခိုတဲ့ကောင် မင်းကြည့်မလား. . လောက်လေးဂွကို မိုးပေါ်ထောင်ပစ်ကွာ. . လောက်စလုံးခေါင်းပေါ်ကျတဲ့ကောင် ကြာခိုတဲ့ကောင်ပဲ. .၊ ဒီခေတ်မှာ အဲ့သလောက်ကို ပျက်နေတာ. . လူတိုင်းလားဆိုတော့ မဟုတ်ဘူးပေ့ါ၊ သီလရှိသူနဲ့ မရှိတဲ့သူရယ်လို့တော့ ရှိတာပေ့ါ၊ ဒါပေမယ့် မရှိတဲ့ကောင်တာ ခပ်များများဖြစ်နေပြီ. .၊

ခွေးတွေကိုကြည့်. . ဘယ်ခွေးဖြစ်ဖြစ် ခွေးသီလ လုံတယ်တွ၊ မင်းလေ့လာကြည့်. . ခွေးတွေ မုသာဝါဒကံ မကျူးလွန်ဘူးကြောင်ပဲ. . ဝုတ်. ဝုတ်. . ဝုတ်. . ပဲ. . ဒါပဲ. ."

"ဟင်. ."

"ခွေးတွေမှာ. . တရားဝင်လက်ထပ်ထားတဲ့ အကြင်လင်မယားရယ်လို့ မရှိဘူး. . ဟိုတုန်းကလည်းကြုံဒိုး အခုလည်းကြုံဒိုး၊ ဒါကြောင့်. . ကာမေသုမိစ္ဆာလို့ မပြောနိုင်ဘူး၊ ပြီးတော့. . ခွေးတွေအရက်မသောက်ဘူး၊ လူတွေက နိုင့်ထက်စီးနင်းပြုပြီး မတိုက်ရင်မသောက်ဘူး၊ အဲ့ဒါကြောင့်. . ခွေးပါးသီလသုံးပါ တစ်ပါးမှမကျိုးဘဲထိန်းနိုင်တယ် ရှင်းပြီလား. . လူထက်မမြတ်ပေမယ့် ကိုယ့်အကျင့်ကိုယ်ထိန်းတဲ့နေရာမှာတော့ လူထက်တော်သကွ. ."

"ဒါကြောင့်. . . မင်းလည်း ခွေးကျင့်ခွေးကြံ ကြံနေတယ်ဆိုပါတော့. ."



www.burmeseclassic.com

www.burmeseclassic.com



"ဟမ်!. ."

"အေးလေ. . မင်းက ခွေးသုတေသီဆိုတော့ ခွေးစကားနားလည်မယ်၊ ခွေးနဲ့လည်း အတူအိပ်တယ်၊ ခွေးစာလူစာ မခွဲဘဲစားတယ်၊ နောင်ဆို. . ခွေးမယား. ."

"ဟော့. . ဟော့. . ရဲရင့်. . တော်ပြီ. . အခု. . ငါ့စက်က ဘာဖြစ်တာလဲ. ."

"ဘာမှမဖြစ်ပါဘူး. . H.out power တစ်လုံး ပျက်သွားတာပါ. . အခုထည့်ပေးလိုက်ရင်ရပြီ. ."

"ဒါဆို. . မြန်မြန်လုပ်. ."

မြတ်ထူး သူ့ခွေးငိုကာကို. . သူဘာသာအဆုံးသတ်ပြီး အတင်းကို စကားလွှဲပစ်နေတော့၍. . ရဲရင့်တခိခိရယ်ပြီး H.out ကို ဖြုတ်ထုတ်နေတော့၏။





သူမတစ်ယောက်တည်း ဧည့်ခန်းထဲမှာ ပျင်းရိငြီးငွေ့စွာ ထိုင်ရင်း. . ရွာအားကောင်းကောင်းနှင့် ရွာနေသော မိုးရေတွေထဲ အတွေးတွေ တစ်ဖွဲဖွဲကျကာ ပို့လွှတ်ထားမိသည်။ နာရီကို လှမ်းကြည့်လိုက်တော့ (၁၁)နာရီခွဲနေပြီဖြစ်၍ အစာအိမ်ထဲ ကျုတ်ကျုတ်မြည်လာသည်။ ထမင်းသွားစားရင် ကောင်းမလား။

အဲ့သလိုတော့ မဖြစ်သေး၊ တော်ကြာ. . မြတ်ထူးနဲ့စက်ပြင်ဆရာရောက်လာလျှင်. . ထမင်းစားရင်းတန်းလန်းကြီးနဲ့ ထွက်ပြီး ဧည့်ခံနေရမည်။ ဗိုက်ကလည်းဆာနေပြီ။ ရွာသွန်းဖြိုး အစာအိမ်၏ တောင်းဆိုမှုကို သည်းမခံနိုင်တော့ပဲ ဧည့်ခန်းထဲက. . အအေးခန်း ဒီရိုဆွဲဖွင့်၍. . အဆာပြေ သင့်တော်ရာလေး ရှာကြည့်သည်။

ကျောက်ကျောပန်းကန်ထဲက ကျောက်ကျောတုံးဖိုက်ယူပြီး



www.burmeseclassic.com

www.burmeseclassic.com



ပါစပ်ထဲ ထိုးသွပ်ထည့်လိုက်သည်။ ဖျော်ရည်ဘူးထဲကနေ . . ဖျော်ရည်တစ်ခွက်ငှဲ့ပြီး တစ်ကွပ်ကွပ် မော့ချသည်။ ချိုဆိမ့်သော ကျောက်ကျောတို့ . . ချဉ်ချိုမွှေးသောဖျော်ရည်နှင့် ရောကြေကာ အစာအိမ်ထဲ နေသာထိုင်သာ ရှိသွားသည်။

ဒီမနက် သင်တန်းတစ်ချိန် ဖျက်လိုက်တာကိုက ခပ်မှားမှားဟု နောင်တရနေမိသည်။ မနေ့ညက အစီအစဉ်အတိုင်းဆို ဒီမနက် ဖေဖေ့ဆလွန်းနှင့် မေမေလိုက်သွားပြီး . . ဖေဖေက မေမေ့ကို မင်္ဂလာဈေးဝင်ပို့ပြီးမှ ရုံးကိုသွား၊ သူမက ဗင်နှင့်သင်တန်းသွား ဦးတိုးက သူ့ဆူဇူးကီးနှင့် မေမေ့နောက်လိုက် . . ပစ္စည်းပို့ကြို ဒါပဲဖြစ်သည်။

ခုတော့ . . သူမ တီဗီပြင်ဖို့ကိစ္စ ကြားဝင်လာသဖြင့် ဖေဖေသူ့ကားနှင့်သူ သီးသန့်ထွက်သွားပြီး မေမေက ဗင်ကားကို ဦးတိုးမောင်းခိုင်းပြီး ယူသွားသည်။ တကယ်ဆို တီဗီပြင်သည့်ကိစ္စ ဦးတိုးနှင့်ထားခဲ့ . . သူမ သင်တန်းသွားမည့်ကိစ္စ ကိုယ်ဘာသာသွား . . ဒါဆိုဘာပြဿနာမရှိ၊ ညနေ . . ညိုပြာရီတို့နှင့် ဗဟန်းမှာ ချိန်းထားသည့် ကိစ္စလည်း သွားလိုက်ရုံပင် . . ။

သင်တန်းတွေ တစ်ရက်ပျက်သည့်ကိစ္စ နောက်တစ်နေ့ အစားထိုးယူလို့ရသည်။ ညိုပြာရီတို့နှင့် ချိန်းသည့်ကိစ္စ ပျက်လျှင် မလွယ်။ ကြေးတိုက်လို့မဆုံးအောင် နားရာဇဝတ်ဘေး သင့်တော့မည်ဖြစ်၍ သူမကြောက်မိသည်။ ကိစ္စက ညိုပြာရီရဲ့ချစ်သူ မွေးနေ့ကို သွားဖို့ကိစ္စ ဖြစ်ကာ . . "မိန်းမ နင့်အလှည့်ကျတော့ ဒီလိုပဲလား"





ဆိုသော . . ညိုပြာရီ၏ပြောဟန်နှင့် စကားသံကို ကြားယောင်မိတော့သည်။

ထိုစဉ် အိမ်ရှေ့ကကားရပ်သံကြားရပြီး ဟွန်းတီးသဖြင့် သူမဧည့်ခန်းထဲမှ လှမ်းကြည့်သည်။ နို့နှစ်ရောင်မတ်တူးဖြစ်၍ မြတ်ထူးကားဟုသိကာ . . ဧည့်ခန်းဘေးရှိ အဝင်အထွက်တံခါးဆီ လျှောက်လာခဲ့တော့သည်။

သူမတံခါးဖွင့်လိုက်တော့ . . မြတ်ထူးတို့ကိုယ့်ဘာသာ ခြံတံခါးဖွင့်ဝင်ပြီး ထီးကြီးတစ်ချောင်း နှစ်ယောက်ဆောင်းကာ . . လျှောက်လာကြသည်။ အမိုးအောက်ရောက်မှ မြတ်ထူးထီးပိတ်လိုက်သဖြင့် . . မျက်နှာတစ်ခုကို ရှင်းလင်းစွာမြင်ရပြီး သူမအံ့အားသင့်နေခိုက် . . ရဲရင့်လည်း သူမကိုမြင်သည်နှင့် မျက်နှာကို ဖြတ်ခနဲလွှဲကာ . . ထီးပိတ်ပြီး ထီးကိုနံရံဘေး ကပ်ထောင်နေသောမြတ်ထူးကို စောင့်နေမိသည်။

(ကွိုင်ပဲကွာ . . ဒီအိမ်မှ . . လာဖြစ်နေရသလား)

"ဝင်လေ . . ရဲရင့် . ."

"အေး . . အင်း . . မင်းကိုစောင့်နေတာ . ."

"ဟဲ့ . . သွန်းဖြိုး . . ဧည့်သည်ကို အထဲခေါ်လေဟာ . ."

"ဟင် . . အင်း . . ဝင်လေ . ."

သူမလည်းစဉ်းစားပါသည်။ ဒီလူကိုမြင်ဖူးသည် . . ရင်းရင်းနှီးနှီးကြီးကို မြင်ဖူးသည်။ မြတ်ထူးတို့ကို ဧည့်ခန်းဆီခေါ်လာပြီး ဆက်တီမှာ ဝင်ထိုင်ကြသည်အထိ သူမစဉ်းစားလို့ မရသဖြင့် မစဉ်း



www.burmeseclassic.com

www.burmeseclassic.com



စားတော့ဘဲ. . ။

"ကော်ဖီလား. . အအေးလား. . မြတ်ထူး. ."

"ဘာမှလုပ်မနေနဲ့တော့ ငါတို့အခုပဲထမင်းစားပြီးတာ. ."

"ဪ. . နင်က စားပြီးမှလာတာကိုး ငါ့မှာအူတွေတောင် လိမ်နေပြီ. ."

"ဟာ. . ဒါဆို စားလေဟာ. . ငါတို့စောင့်ပေးမယ်. ."

"ရတယ် ပြီးမှပဲ စားတော့မယ်. . ၊ အလုပ်ပဲ အရင်လုပ်လိုက်တော့မယ်. ."

"တီဗီက ဘယ်ဟာလည်း. . ဒါလား. ."

မြတ်ထူးက ဧည့်ခန်းထဲထောင်ထားသော LCD ကြီးကို မေးငေါ့ပြသဖြင့်. . .

"မဟုတ်ဘူး. . ငါ့အခန်းထဲကတီဗီ ပျက်တာ. ."

"ဟာ. . အဲ့ဒါ. ."

"အေး. . ငါလည်း မနက်က ဦးတိုးကို အောက်ချခိုင်းဖို့မေ့သွားတယ်. . ဟိုလေအပန်းမကြီးရင်. . အဲ့ဒီမှာပဲ. ."

ရွှာသွန်းဖြိုးက ရဲရင့်ကိုလှမ်းကြည့်ပြီးပြော၍. . ရဲရင့်က. .

"ကျွန်တော်ကဖြစ်ပါတယ်. . ဒါပေမယ့် ခင်ဗျားအခန်း ဖြစ်နေတော့. ."

"ရတယ်. . မြတ်ထူးလည်းရှိနေတာပဲ၊ တီဗီက(၂၉)လက်မ ဖြစ်နေတော့. . အောက်ကိုသယ်ချခိုင်းရမှာ အားနာလို့. ."

"ဒါဆိုလည်း သွားကြမယ်လေ. ."





ရဲရင့်ပြောရင်း ထရပ်သဖြင့်. . အားလုံးထရပ်ကြကာ သူမ ကဦးဆောင်၍ အပေါ်ထပ်ဆီ တက်လာခဲ့ကြသည်။ သူမ ရှေ့က တက်နှင့်သဖြင့်. . ရဲရင့် ဘာရယ်မဟုတ်ပဲ မော့ကြည့်တာကို. . မြတ်ထူးက ခေါင်းကိုဆွဲငုံ့ချပစ်သည်။ ရဲရင့်သဘောပေါက်ပြီး. . ရှက်ကာ ဆဲလေသည်။ အသံတိတ်. . . ။

တီဗီက (၂၉)လက်မ နောက်အိမ်နှင့် ဆိုနီ. . ဖြစ်၍ ခေတ် မရှိတော့သော်လည်း အကြမ်းခံသော ဂျင်းဘောင်းဘီလို. . သုံး၍ ကောင်းနေပါသေးသည်။ သင်းပျံ့ရနံ့လေး စွဲထင်နေသည့် အခန်း ထဲ အမ်းဒိတ်ဟုပြောနိုင်သော တီဗီတစ်လုံးမှအပ ကျန်တာခေတ် နှင့်အညီ သုံးနိုင်သော အဖိုးတန်ပစ္စည်းများချည်းသာ. . . ။

အိပ်ခန်းတစ်ဝက်စာလောက် ကန့်လန့်ဖြတ်နေရာယူထား သော မွေ့ရာခုတင်တစ်ခုတည်းပင်လျှင်. . ဆယ့်ငါးသိန်းလောက် တန်သဖြင့်. . ဘယ်လောက်များ အိစက်ညက်ညောလိုက်မလဲဟု တွေးပြီး. . ဒိုင်ဗင်ပစ်ထိုးချင်စိတ်ပင် ဖြစ်မိသည်။

ရဲရင့် တီဗီကို,မပြီး. . ကြမ်းပြင်ပေါ် အသာချလိုက်သည်၊

ရဲရင့်ချပြီးမှ. . မြတ်ထူးက ဝင်မကြည့်သည်။

"အား. . မနည်းလေးလေးကြီးပဲကွ၊ မင်း,မတာကြည့်ပြီး မလေးဘူးထင်တာ. ."

"အလေ့အကျင့်ပေါ့ကွာ. . ငါကတော့ ရိုးနေပါပြီ. ."

ထိုနောက် သူ၏အိတ်ထဲမှ လက်သုံးကရိယာနှင့် မီတာ ဘူးကိုထုတ်ကာ. . တီဗီနောက်ဖုံး ဖွင့်တော့၏။



www.burmeseclassic.com

"မြတ်ထူး . . အဲ့ဒါနည်းနည်းကြာမလား မသိဘူးနော်. . "

"ငါမသိဘူးလေ. . သူ့မေးကြည့်. . "

ထိုအခါရဲရင့်က. .

"တီဗီက. . ဘယ်လိုဖြစ်သွားတာလဲ. . "

"ကြည့်နေရင်းက. . ဗလာစာအုပ်လို အစင်းစင်းကြီးတွေ ဖြစ်လာပြီး ဖြူဖြူကြီးဖြစ်သွားတယ်၊ အခုဖွင့်ကြည့်ပါလား. . မနက်ကတောင် ဖွင့်ကြည့်သေးတယ်. . အဲ့ဒီအတိုင်းပဲ. . "

"ရပြီ. . ဒါဆိုနည်းနည်းကြာလိမ့်မယ်. . "

"အဲ့ဒါဆို. . ကျွန်မ. . ထမင်းဆင်းစားလိုက်မယ်၊ ပြီးရင်. . ကော်ဖီဖျော်ခဲ့မယ်. . "

"ရပါတယ်. . မုန့်ပါယူလာခဲ့. . "

"ဟုတ်. . ဟုတ်ကဲ့ရှင့်. . "

သူမ အခန်းထဲကထွက်သွာမှ. . မြတ်ထူးက အသံအုပ်အုပ်နှင့်. .

"မင်း တော်တော်တော်ကြီးကျတဲ့ကောင် မရှက်ဘူးလား. . "

"ရှက်တယ်. . . ဒါပေမယ့်မကျေနပ်လို့ကွ. . "

"ဟေ. . ဘာကိုမကျေနပ်တာလဲ. . "

"ငါက. . သူ့အခန်းထဲ ဝင်ပြင်ရမယ့်ကိစ္စ. . တစ်နည်းနည်းနဲ့ရှောင်ရှားစေချင်လို့ ပြောတာကို သူက. . ရတယ်တဲ့၊ မင်းရှိနေလို့ ဖြစ်တယ်ဆိုတော့. . မင်းမရှိရင် မဖြစ်ဘူးပေါ့၊ ငါက သူခိုးဂျပိုးလို ရုပ်မျိုး ပေါက်နေတော့ မယုံကြည်ရဘူးပေါ့. . "





"ဟာ. . အဲ့ဒါ. . မင်းကမျက်နှာစိမ်းလေကွာ၊ ငါက. . ဟိုးငယ်ငယ်ကတည်းက ရင်းနှီးလာတာဆိုတော့. . "

"တော်ပါကွာ. . မင်းတို့ပိုက်ဆံချမ်းသာတဲ့ကောင်တွေကိုက. . သောက်ကြီးမှသောက်ကျယ် ဖြစ်လွန်းနေတာပါ. . "

"ရဲရင့်. . မင်းစကားကဘာလဲကွ၊ ငါတို့ကမင်းကို ဘယ်လိုဆက်ဆံနေလို့လဲ. . "

"မင်းမသိလို့လား. . ၊ ငါ့ကိုဆင်းရဲတယ်ဆိုပြီး ခွေးစားတဲ့မုန့်ပုံး ဖောက်ကျွေးလိုကျွေး၊ အခုလည်း မရှိခိုးနိုး. . မလုစုန်းရှုံးပုံစံမျိုး. . မင်းပါမှ စိတ်ချတဲ့ပုံနဲ့. . "

"ဟေ့ကောင်. . "

"ဘာလဲ. . "

"မင်း. . အဓိပ္ပါယ်မရှိတာနဲ့ လာမရစ်နဲ့ကွာ. . "

"ရစ်တော့ဘာဖြစ်လဲ. . မကျေနပ်ရင် မပြင်နဲ့ပေါ့ကွ. . ၊ ဟောဒီမီးလုံးကိုတောင် ဟောသလိုရိုက်ချိုး. . "

"ဟာ. . ဟာ. . ရဲ. . ရဲရင့်. . "

ရဲရင့် ပလာယာနှင့် တီဗီမီးလုံး နောက်ဖျားပြောင်းပေါ်ကို ရိုက်ခွဲဖို့ ပြင်လိုက်သောလက်အား မြတ်ထူးအချိန်မီ လိုက်ဖမ်းကာ ဆွဲထားသည်။

"လွှတ်စမ်းကွာ. . "

"မင်း. . မင်းဘာဖြစ်နေတာလဲ ရဲရင့်၊ ငါ့ကို ရှုးအောင်လုပ်နေတာလား. . "



www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုင်လဲကွ. . ဒီမီးလုံးကျိုးသွားတော့ မင်းဟာမို့လို့လား. ."

မြတ်ထူး အတော့်ကိုစိတ်ညစ်သွားသလို မျက်နှာကိုရှုံ့မဲ့၍ ခေါင်းခါခါ လည်ခါခါ ဖြစ်သွားပြီး. . .။

"တောင်းပန်ပါတယ် ရဲရင့်ရာ. . ဒီတီဗီသာ တစ်ခုခုဖြစ်သွားရင် ငါနဲ့သွန်းဖြိုးလည်း ပြတ်ပြီကွ. . သဘောပေါက်လား. ."

ရဲရင့်က သူလိုချင်သောပွိုင့်ကို ရောက်လာပြီဖြစ်၍ မျက်နှာကို နည်းနည်းအမာလျှော့လိုက်သည်။

"မင်းနဲ့သူက ဘာလဲ. ."

"ငယ်သူငယ်ချင်းပဲ. .၊ ဒါပေမယ့်. . ငါ. . ငါက. . သူ့ကို ဟဲဟဲဟဲ. . မင်းဒီလောက်ဆို ပေါက်ပါတယ်. .၊ ပြီးတော့ဒီတီဗီက သူငယ်ငယ်လေးကတည်းက မိသားစုတစ်စုလုံးအတွက် တစ်လုံးတည်းရှိခဲ့ဖူးတဲ့ တီဗီဆိုတော့ သူအရမ်းတန်ဖိုးထားတာ. .၊ LCD ဝယ်တုန်းက သူ့အဖေက ရတဲ့ဈေးနဲ့ ရောင်းပစ်မယ်ဆိုလို့. . အဖေ ဘယ်လောက်လိုချင်လဲ အဲ့ဒီတီဗီ သမီးကိုရောင်းဆိုပြီး ယူထားတာကွ. . မင်းသိလား. ."

"ဒါဆို. . မင်းကြိုက်နေတဲ့ ကောင်မလေးဆိုတာ. . သူပေါ့ ဟုတ်လား. ."

"ဟုတ်တယ်. . ငါ့ရဲ့အသည်းကျော်လေး ရွှာသွန်းဖြိုးဆိုတာ သူပဲ. ."

"ဘာ. . ရွှာသွန်းဖြိုး. . ဟုတ်လား. ."





"ဟုတ်တယ်လေ. . ဘာဖြစ်လို့လဲ. ."

"နာမည်ကြားရုံနဲ့တင် သေးပေါက်ချင်လာတယ်. ."

"ဟေ. . မင်းစကားက. . ဘယ့်နှာတုန်းကွ. ."

"သိဘူးကွာ. . မိုးအရမ်းရွာရင် ငါဆီးသွားချင်တယ်၊ ရေကျသံ. . ရေစီးသံကြားရင်. . ကြက်သီးတွေပါ ထလာပြီး နေလို့ကို မရတာ၊ အခု. . နာမည်က ရွှာသွန်းဖြိုး မဟုတ်လား. ."

"တော်ပြီ. . တော်ပြီ. . မင်းအလုပ်မင်းလုပ်တော့ မင်းကွာ ဘာမှန်းမသိ. . ထထရစ်တဲ့ကောင်. ."

"အဟုတ်ဟုတ်. . တမင်. . ရစ်တာ. ."

"ဟင်!. ."

"မင်းနဲ့. . အဲ့ဒီ. . ရွှာကြက်သွန်း. ."

"ရွှာသွန်းဖြိုးပါကွာ. ."

"အေး. . အေး. . အဲ့ဒီရွှာသွန်းဖြိုးက ဘယ်လောက်အထိ ပတ်သက်မလဲဆိုတာ သိချင်လို့တမင်ရစ်ပြီး အစ်တာ. ."

"ခွေးမသား. . မင်း. ."

"အဟိဟိဟိ. ."

"တောက်!. . နောက်ထပ်အဲ့သလို မနောက်နဲ့တော့ ရဲရင့်ရာ. . ငါ့မှာ ရင်တွေတောင်တုန်တယ်. ."

"အေးပါ. . ဒါပေမယ့် ငါတောင်းပန်ရဦးမယ်. ."

"ဘာလဲ. ."

"သူ့ကို မင်းကောင်မလေးမှန်း. . ငါတစ်ကယ်ကိုမသိလို့



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါလောက်မှားခဲ့ဖူးတယ်ကွ. . ”

“ဘာ!!. . ”

မြတ်ထူး၏ ‘ဘာ. . ’က. . လုံပြီး အေးနေသော အခန်းထဲ ဗုံးဖောင်းတစ်လုံး လန့်ပြီးကွဲသည့်နှယ်. . ။

ဖေါင်းခနဲတော့ မမြည်ပါ. . ‘ဘာ’ပဲဖြစ်လေသည်။

သူလှည့်ကြည့်လိုက်တော့. . . ရှုပ်ထွေးနေသော အတွေးများ ထုတ်ဆီးတိုးနေသော မျက်နှာနှင့် မြတ်ထူးဖြစ်နေ၍ ရယ်ချင်လာပါသည်။ မရယ်ဖြစ်အောင် ကြိုးစားပြီး မီးလုံးပြောင်းဖျားပေါ်ကျောမှီထားသော တီဗီဆာ့ကစ်ပြားကို လက်နှစ်ဖက်နှင့် အနည်းငယ်ကြွ၍ ဆော့ကဒ်ကို ဖြုတ်လိုက်သည်။

ဆာ့ကစ်ပြားကို ထောင်ထားစရာမလိုတော့ဘဲ ကြမ်းပြင်ပေါ် လွတ်လပ်စွာချ၍ စစ်ဆေးကြည့်သည်။ ပြစ်ချက်နှင့် ပြဿနာက TMP. . ။ ထိုအိုင်စီပြားချွတ်ပြီး အမျိုးအစားတူတစ်ပြား အစားထိုးလိုက်လျှင် ချက်ချင်းကောင်းသွားမှန်း. . အတွေ့အကြုံအရ သိသော်လည်း ဘာကြောင့်ပျက်ရသနည်းဆိုသော ပြစ်ချက်ကို ရှာဖွေသင့်သည်ဖြစ်၍ မီတာတစ်လုံးနှင့် ယိုစိမ့်မှုများအား စိတ်ရှည်လက်ရှည်စစ်ဆေးသည်။

လိုအပ်လျှင် ဆာ့ကစ်ထဲမှ ဖြုတ်ထုတ်၍ တိုင်းကြည့်သည်။ အီလက်ထရွန်နစ် ဆာ့ကစ်များအပေါ် သူစိတ်ဝင်စားသွားခြင်းမှာ ဤသို့ဖြစ်သည်။ ဆာ့ကစ်တစ်ပြင်လုံးအပေါ်. . ကုံးလိုက်ကွလိုက် မှောက်လိုက်လှန်လိုက် ရှိနေကြသော ပစ္စည်းကလေးများအားလုံး





သည် ကန္တာရကြီးစွာဖြင့် ကိုယ့်တာဝန်ကိုယ်ယူကာ လုပ်ဆောင်တတ်ကြသည်။

ဆာ့ကစ်ထဲရှိနေသော ဇင်နာ ဒိုင်အုပ်တစ်လုံးပဲဖြစ်ဖြစ် ရီစစ်စတာတစ်လုံးဖြစ်ဖြစ် ပိုနေ၍ အလုပ်မလုပ်ဘဲ ငိုက်မျည်းနေတာမျိုးမရှိဘဲ ပါဝါဆပ်ပလိုင်းမှ ဖြန့်ဝေပေးသော တာဝန်ဝတ္တရားများအား. . နိုင်ရာနိုင်ရာ မခိုမကပ် ထမ်းဆောင်ကြရသည်။

တစ်ချို့က ရေစီးတစ်ခု၏အရှိန်ကို ထိန်းပေးသော တာတမံကြီးများသဖွယ်. . တစ်ချို့က အလွယ်တကူ ဖြတ်သန်းသွားလာနိုင်သော တံတားများသဖွယ်. . တစ်ချို့က ဆူညံနှောင့်ယှက်မှုကို ထိန်းသိမ်းပေးသော လုံခြုံရေးတပ်ဖွဲ့ဝင်များသဖွယ်. . တစ်ချို့က လိုအပ်သောဗို့ကို လိုသလောက်ထုတ်ပေးနေသော လျှပ်စစ်ဘဏ်တိုက်ကြီးများသဖွယ်. . ။

သေချာကြည့်လျှင် စည်းလုံးညီညွတ်စွာ စည်ကမ်းသေဝတ်စွာဖြင့်. . မဆုတ်မနစ်သော လှုံ့လရှေ့ထားကာ. . ရှုပ်ရှုပ်ချွန်ချွန် တိုက်ပွဲဝင်နေသော စစ်တပ်ကြီးတစ်တပ်နှင့် တူလှသည်။

သူကတော့. . တိုက်ပွဲဝင်ရင်း ထိခိုက်ဒဏ်ရာရထားသော (သို့မဟုတ်)ကျဆုံးသွားသော. . အီလက်ထရွန်နစ် စစ်သားလေးများအား ရှာဖွေကာ ကုစားပေးရသူဖြစ်သည်။

“ဟေ့. . ရဲရင့်. . ”

“ဘာလဲ. . ”

TMP. . ချွတ်လဲဖို့. . ခဲဖျော် ဖယ်ရှားရင်း. . လှည့်မကြည့်



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ထူးလိုက်သည်။

"မင်း. . မင်း. . ဘာကိုမှားခဲ့တာလဲ ရဲရင့်. . "

"မရည်ရွယ်ပါဘူးကွာ၊ ငါဘယ်လိုမှ မအောင့်နိုင်လို့ပါ. . "

နှမ်းတစ်စေ့စာလောက်တောင် အခွင့်အရေးမရှိသော. . အိုင်စီခြေထောက်ကလေးများကြား အလုပ်လုပ်နေရသောစိတ်နှင့် လှည့်မကြည့်ဘဲဖြေလိုက်၍. . . သူ၏စကားသံက လေးလေးနက်နက်ကြီးရှိနေသည်။ ထိုလေးနက်မှုက. . မြတ်ထူး စိတ်အာရုံထဲ နင့်နင့်ကြီး ဝင်ဝင်လာ၍. . .

"မင်း. . ငါ့ကို ရှင်းအောင်ပြောကွာ. . "

သူ ခဲဂေါက်ကို. . ပလာယာ ပါးစပ်ကြား မေးတင်ပြီး လှည့်ကြည့်လိုက်သည်။ ပြီးမှ. . .

"ငါ. . ဘာကို ရှင်းအောင်ပြောရမှာလဲ၊ ဘယ်လိုမှ မအောင့်နိုင်လို့ တစ်ကြိမ်လောက် မှားခဲ့ဖူးပါတယ်လို့ ဝန်ချတောင်းပန်နေတာကို မလုံလောက်သေးလို့လား. . "

"အေး. . မင်း ဘယ်လိုမှားခဲ့သလဲ. . ဘာမှားသလဲ. . "

"ပြောမထွက်လို့ပေါ့ သူငယ်ချင်းရာ၊ သူ့စိတ်ထဲမှာလည်း ငါ့ကို လူယုတ်မာတစ်ယောက်လို မြင်နေမှာပါပဲ၊ ဒါပေမယ့်. . ငါ မအောင့်နိုင်လို့ ဖြစ်သွားတာတော့. . "

မြတ်ထူး အာရုံစိုက်နားထောင်ရင်း. . အိမ်ထဲဝင်လာခါစ ရွှာသွန်းဖြိုးတစ်ယောက် ရဲရင့်ကိုလှမ်းကြည့်လိုက်သော အကြည့်အား. . ဖျတ်ခနဲ မြင်ယောင်လာမိသည်။ ရုပ်ရှင်ထဲမှာဆိုရင်တော့





ထိတ်လန့်ဖွယ်ရာ အသံ effect တစ်ခု. . ရှဲခနဲ ထွက်ပေါ်လာပြီး စူးလက်တောက်ပစွာ မြင်ရမည့် မျက်ဝန်းတစ်စုံဖြစ်သည်။ ဒီမှာတော့ မြတ်ထူး ဝုန်းခနဲကုန်းထပြီး ရဲရင့်ကို လည်ပင်းညှစ်ပစ်သည်။

"မင်း မှန်မှန်ပြောစမ်း ရဲရင့်. . "

"အစ်!. . အစ်!. . နည်းနည်းလျှော့. . အစ်!. . "

"မလျှော့ဘူးကွာ. . မှန်မှန်ပြော၊ မင်း သွန်းဖြိုးကို ဘယ်တုန်းက ဘာလုပ်ခဲ့လဲ. . "

"အစ်!. . အစ်!. . "

"ဖြေနော်. . ငါရင်ကွဲအောင် လုပ်ထားတယ်ဆို. . မင်းအသေပဲ. . ခွေးမသား. . ပြော. . "

"အစ်!. . ဒါ. . ဒါ. . ဆို. . မပြောတော့ဘူး. . အစ်!. . အစ်!. . "

ထိုစဉ်. . ရွှာသွန်းဖြိုး ကော်ဖီဘန်းနှင့် အခန်းထဲအဝင်. . မြတ်ထူး ခွပြီး လည်ပင်းညှစ်ထား၍ လျှာတန်းလန်းထွက်နေသော ရဲရင့်ကိုမြင်၍ လန့်ပြီးအော်တော့သည်။

"အား!. . အမေ့. . "

"ခလွမ်!. . ဂွမ်!. . "

"ဟင်. . သွန်းဖြိုး. . "

လက်ထဲက ကော်ဖီဘန်းပါ လွတ်ကျပြီး အခန်းဝမှာ ပျော့ခွေကျသွား၍. . မြတ်ထူး ထပြေးကာ သူမကိုပွေ့ထူလိုက်သည်။

"သွန်းဖြိုး. . သွန်းဖြိုး. . "



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!. . ဘာ. . ဘာဖြစ်ကြတာလဲ. ."

"ဘာမှမဖြစ်ဘူး. . ကစားနေတာ. . ငါတို့က ဒီလိုပဲကစားနေကြ. ."

ဒီတော့မှ. . သူမ. . ကတုန်ကယင်နှင့် မြတ်ထူးထံမှ အသာရုန်းထွက်ကာ. . အနည်းငယ် ရွှေ့ခွာထိုင်လိုက်သည်။

ထိုနောက်. . . ရဲရင့်ကို လှမ်းကြည့်သဖြင့်. . ရဲရင့်က သူ့လည်ပင်းကိုပွတ်သပ်၍ ညည်းတွားရင်း. . ။

"ကျွတ်!. . ကျွတ်!. . မစိုးရိမ်ပါနဲ့ဗျာ. . . လူသတ်တမ်းကစားတာ မသေလို့ပါ. ."

"ရဲရင့်. ."

မြတ်ထူး ကြုံးအော်ကာ. . ရောက်လာပြန်သဖြင့်. . ရဲရင့်မထိတရီနှင့် ကြည့်ပြီး. . ခဲဂေါက်လှမ်းယူပြီး. .

"ဒီတစ်ခါ. . ငါ့အလှည့်နော် မြတ်ထူး၊ ဒီမှာ. . တွေ့လားခဲဂေါက်. . မယုံရင်ကိုင်ကြည့် မပူမကျက်ရင် ကြိုက်သလိုပြော. ."

မြတ်ထူး တွန့်သွားပြီး အနည်းငယ်ဆုတ်သွားမှ. . သူ ချွတ်လက်စ အိုင်စီပြားကို ဆက်ချွတ်သည်။ ထိုနောက်. . ဆာ့ကစ်ပေါ်တင်ဒါနှင့် သန့်စင်ပစ်ပြီး. . သူ၏အိတ်ထဲမှ ခရိုမာ TMP သီးသန့်ထည့်ထားသော အိုင်စီအိတ်ကိုယူကာ နံပါတ်တူ အမျိုးအစားတူ ရွေးလိုက်ပါသည်။

ရွှာသွန်းဖြိုးက ပန်ကန်လုံးအကွဲများကို ဘန်းထဲပြန်စုထည့်ပြီး. . မှောက်ထားသော ကော်ဖီရည်များအား သုတ်သင်ရှင်းလင်းရင်း အားနာနေသော မျက်လုံးအကြည့်တွေနှင့်. . . ။

"ပြီးမှပဲ. . အောက်မှာဆင်းထိုင်ရင်း သောက်ကြတော့နော်. ."

"ရတယ်. . မုန့်မှမပါဘဲနဲ့ ကျွန်တော်လည်း မသောက်ချင်ပါဘူး. ."

"အို. . ဟုတ်သားပဲ၊ မုန့်ယူလာဖို့တောင် မေ့သွားတယ် နောက်တစ်ခါတော့ အားလုံးပြည့်စုံအောင် ပြင်ဆင်ထားပေးပါမယ်"

သို့နှင့်. . အခန်းထဲမှာ လူတွေရှိနေပါလျှက်. . ပြောစရာစကားမရှိတော့သလို တိတ်ဆိတ်သွားကာ ရဲရင့်လုပ်ကိုင်နေသည်အား စိတ်ဝင်စားသလို ဝိုင်းကြည့်နေကြသည်။

ရဲရင့် အိုင်စီလဲလှယ်ပြီး အခြားသောနေရာများအား ခဏမျှစစ်ဆေးတိုင်းတာကြည့်ပြီး မီးလုံးနှင့်ဆာ့ကစ်ပြားပြန်တွဲကာ စမ်းဖွင့်ကြည့်လိုက်သည်။

"ဟယ်. . ကောင်းသွားပြီးတော့်. . ဘာဖြစ်သွားတာလဲဟင်. ."

"အိုင်စီ. . လေဖြတ်သွားတာ. ."

"ရှင်!. ."

"တစ်ခြမ်းသေသွားတယ်လို့ပြောတာ. ."

"အော်. ."

ထိုနောက်. . မူလအတိုင်း စနစ်တကျ အထိုင်ချ၊ နောက်ဖုံးပြန်အုပ်ပြီး. . ပါဝါဖွင့်ကြည့်သည်။ စိတ်ချသွားပြီဖြစ်၍ တီဗီစင်ပေါ်







www.burmeseclassic.com

www.burmeseclassic.com



ပြန်,မတင်ကာ. . အင်တာနာကြိုး၊ လိုင်းကြိုးများ ပြန်တွဲပေးကာ ဖွင့်လိုက်ပါသည်။ TV လိုင်းချိတ်ကာ စမ်းလေသည်။ ပြီးမှ DVD စက်နှင့် အခွေစမ်းပေးသည်။ အားလုံး အဆင်ပြေသွားပြီဖြစ်၍. . သူ၏ပစ္စည်းများအား ပြန်သိမ်းထည့်ကာ. . ခဲဂေါက်ကိုတော့ ပူနေသေးသဖြင့် ဒီအတိုင်းကိုင်ကာ ရပ်လိုက်သည်။ မြတ်ထူးက. .

"ဒီ ခဲဂေါက်လည်း ထည့်လိုက်လေကွာ. ."

"မဖြစ်သေးဘူး. . မင်းကိုစိတ်ချလို့မရသေးဘူး. ."

"ကျေးဇူးတင်လိုက်တာရှင်၊ ကဲ. . ဧည့်ခန်းမှာ ဆင်းထိုင်ပြီးနားရင်း ကော်ဖီလေးသုံးဆောင်ကြပါဦး. ."

"မုန့်လည်းယူလာနော်. ."

"စိတ်ချပါ. . ဒီတစ်ခေါက်တော့ မမေ့ပါဘူး၊ အပဟင်းဟင်း ဟဲ့. . မြတ်ထူး. ."

"ဟင်!. ."

တောင့်တောင့်ကြီးရပ်ကြောင်နေသောမြတ်ထူး လျှပ်ခနဲ ဖြစ်သွားပြီး လှည့်ကြည့်သည်။

"ဧည့်သည်နဲ့ ဧည့်ခန်းကဆင်းပြီးစောင့်လေ. . ငါ ဒါလေး တွေသိမ်းပြီး ဆင်းလိုက်လာခဲ့မယ်. ."

"ဩော်. . အင်း. . ရဲရင့်. . ဆင်းကြမယ်. ."

"ငရဲပြည်ကိုလား. ."

"အေး. ."

"ဟာ. . မင်းပဲသွား၊ ဧည့်ခန်းကိုဆင်းမယ်လို့ပြောတာ. .





ကွ. ."

ပြုံးစိစိနှင့် ပုခုံးလေးတွန့်ပြပြီး လိုက်ဆင်းသွားသော ရဲရင့်ကို လှမ်းကြည့်ပြီး သူမပါ ရောယောင်ကာပြုံးရသည်။ မြတ်ထူးနှင့် အတူ ကျောင်းပြီးခဲ့သူဟု မြတ်ထူးပြောပြ၍ သိထားသဖြင့်. . . ပျော်တတ် နောက်တတ်သော သူ့ပုံစံက ခင်စရာတော့ အကောင်းသားဟု တွေးကာ. . တီဗီဖွင့်ပြင်သောနေရာကို လှဲကျင်းရန် အခန်းထဲဝင်လာခဲ့လေသည်။





www.burmeseclassic.com








# အခန်း(၃)

မနေ့ကတစ်ရက် ရုံးမတက်လိုက်သဖြင့် စားပွဲပေါ်ပုံနေသော ဖိုင်တစ်ထပ်ကြီးကိုကြည့်ပြီး မြတ်ထူး စိတ်ပျက်သွားမိသည်။ တစ်နေ့စာအလုပ်က ဒီလောက်တောင်ပဲ များရသလား. . ခါတိုင်း ပုံမှန်ရုံးတက်ချိန်တော့ သူ့စားပွဲကိုရောက်လာသောဖိုင်က ငါးခုထက်မပို. . ။ ဒီနေ့မှ. . . ။

"ကို. . အောင်သော်တိုး. . "

www.burmeseclassic.com



"ဗျာ. . ဆရာ. ."

သူ၏လက်ထောက်ဦးစီးမှူးဖြစ်သော အောင်သော်တိုး အရေးတကြီးပုံစံနှင့် ရောက်လာပြီး. . လက်ကလေးနောက်ပစ်ကာ ရပ်လိုက်သည်။

"ဒါတွေက ဘာတွေလဲဗျ. . များလှချည်လား. ."

"ဟုတ်. . ဟို. . အခုက ဘတ်ဂျက်လဆိုတော့လေ. . လက်ကျန်စာရင်း အားလုံးဖြတ်ပြီး တင်ပေးရလို့ပါ. ."

"လက်ကျန်ဟုတ်လား. ."

"ဟုတ်ပါတယ်. ."

"ဘယ်တုန်းက ဘာတွေကျန်ခဲ့လို့ ဒီလောက်တောင်များ သွားတာလဲ. . သူ့လနဲ့သူ ပြတ်ပြီးသားတွေမဟုတ်လား. ."

"ဟုတ်ပါတယ်. . အမှန်တော့. . ပြတ်တာတွေပဲ တင်ပြီး မပြတ်တာတွေ ကျန်ခဲ့လို့ အခုလို လက်ကျန်ဖြစ်သွားတာပါခင်ဗျာ"

"ဘာ. . ဘယ်လိုဗျ. ."

"စိတ်မရှိပါနဲ့ဆရာ၊ ဆရာ့ရှေ့ကဆရာလည်း အဲ့ဒါကြောင့် စိတ်ညစ်ပြီး ထွက်စာတင်သွားလို့. . ဒီနေရာ ဆရာရောက်လာတဲ့ အတူတူ သည်းခံပြီး. ."

"ဟမ်!. ."

မြတ်ထူး အတော့်ကို စိတ်တိုကာသွားသည်။ ဒေါသနှင့် ဖိုင်တွေကို ကိုင်ပေါက်ပစ်ဖို့ဆဲဆဲ ဖုန်းဝင်လာသဖြင့်. . ဖုန်းဖွင့်ကာ လက်ခံလိုက်သည်။





"ဟဲလို. . အမိန့်ရှိပါ၊ ဖြူးမောက်ကုမ္ပဏီက ဦးစီးမှူး မြတ်ထူး ပါ. ."

"...........".

"သြော်. . သွန်းဖြူး. . အင်းပြော. ."

"..........".

"ကောင်းပြီလေ ငါလာခဲ့မယ်၊ ကုန်ဈေးတန်းတင်ဆိုတော့ သိပ်မဝေးပါဘူး. . ဂျေဒိုးနပ်ကစောင့်လေ. . ဆယ်မိနစ်ပဲ. ."

"................."

"အိုခေ. . ဒါပဲနော်. ."

မြတ်ထူး ဖုန်းပိတ်ရင်း ဟန်ဆောင်ပင့်သက်ကလေး ရှိုက်ကာသွင်းပစ်သည်။ ရွှာသွန်းဖြူးက သင်တန်းနောက်တစ်ချိန်အတွက် တစ်နာရီလောက် အချိန်ပိုနေ၍ စကားပြောရအောင်ဟု ခေါ်လိုက်ခြင်းဖြစ်သည်။

မြတ်ထူးကို ဝန်ခံတာမျိုးမလုပ်ခိုင်းဘဲ. . သူ့ရင်ဘတ်ထဲ အလစ်ချောင်းကြည့်လျှင် တွေ့နိုင်သည်။ ရွှာသွန်းဖြူးနှင့်ခုလို စကားပြောခွင့်ရခြင်းက ပထမဦးဆုံးအကြိမ်ဖြစ်ပြီး. . . ရင်ထဲမှာ မြောက်ဝင်ရိုးစွန်း ရေခဲပျော်တာထက် ပိုပျော်နေမည်မှာ. . သေချာလှသည်။ ရေခဲတော့မဟုတ် နှလုံးသားတွေ ပျော်ကျရော့မည်. . ။

သို့သော်အလုပ်ခွင်ထဲမှာဖြစ်၍. . .

"ကဲ. . ကိုအောင်သော်တိုး. ."

"ဟုတ်ကဲ့ဆရာ. ."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အပြင်ခဏသွားမယ်. . ဒီအပုံကိုစွ ခင်ဗျားရှင်းထား. . "

အောင်သော်တိုး ခေါင်းညိတ်သလား. . ခေါင်းခါသလား မသိနိုင်ခင် မြတ်ထူးထွက်ခွာသွားသဖြင့်. . စားပွဲဖက်မှ အခန်းဖက်သို့ မျက်နှာရောလူပါ လှည့်ရပ်ကာ ခါးဆန့်ထားလိုက်သည်။

"ကဲ. . အားလုံးနားထောင် ဒီအပုံထဲက ကိုယ့်ဖိုင်ကိုယ်ယူပြီး ဖြည့်စွက်စစ်ဆေးမှုလုပ်ကြ၊ ငါပြန်စစ်လို့မှ အမှားတွေ့ရင် ဖိုင်းပဲကွာ. . ဘာဖိုင်းလဲဆိုတာတော့ ငါ့စိတ်ထဲမှာပဲရှိတယ်. . ဟော့. . "





ဂျဒိုးနပ်ရောက်တော့. . ရွှသွန်းဖြိုးကို အဝင်လှေခါး ထစ်ထိပ်ဆုံးက စားပွဲမှာတွေ့ရသည်။

"စောင့်နေတာကြာသွားလား. . "

"မကြာဘူး ခုပဲ. . "

"နင်ဘာမှ. . မမှာဘူးလား. . "

"နင်လာမှာပဲဟာ. . "

"အိုခေ. . ငါသွားယူခဲ့မယ်. . "

မြတ်ထူး ကောင်တာဆီ ဆက်လျှောက်သွားပြီး လိမ္မော်ရည်နဲ့ ဒိုးနပ်မုန့်တစ်ပွဲ ယူလာသည်။

"နင် ခါတိုင်းရက်တွေ ဒီလိုအချိန်ပိုရင် ဘယ်သွားလဲ. . "

"ခါတိုင်းတော့. . နေညိုရီတို့နဲ့ လျှောက်သွားတာပဲ၊ အခုတော့ စိတ်ကောက်နေလို့ တစ်ယောက်တည်းဖြစ်နေတာလေ. . "



www.burmeseclassic.com

www.burmeseclassic.com



ထိုနောက်. . စကားသံတိတ်ဆိတ်သွားပြီး စားသောက်ကြသည်။ ခဏကြာမှ ရွှာသွန်းဖြိုးက. . .

"မနေ့က. . နင့်သူငယ်ချင်း ဘယ်အချိန်ပြန်သွားလဲ. ."

"အိမ်ပြန်ရောက်ပြီး သူ့အဝတ်တွေသူပြန်လဲပြီး ပြန်သွားတာပဲလေ. ."

"ဘယ်လို. . သူ့အဝတ်တွေ. . ဟုတ်လား. ."

"အေးလေ. . မိုးရွဲလာလို့. . ငါ့အဝတ်တစ်စုံ ထုတ်ဝတ်ခိုင်းထားရတယ်"

သူမ. . မျက်မှောင်ကြုံ့ကာ စဉ်းစားသွားပြီးမှ. . .

"ဒါဆို သူ့အဝတ်ဆိုတာ ဂျင်းဘောင်းဘီရယ်၊ ဂျော်ဒန်းနိုး စပို့ရှပ် အဖြူရောင်လက်တို မဟုတ်လား၊ နိုက်စာလုံးနဲ့ လျှာထိုးဦးထုပ် အနက်ရောင်. . ."

"ဟင်!. . နင်ဘယ်လိုသိတာလဲ. ."

ရွှာသွန်းဖြိုးမဖြေသဖြင့် မြတ်ထူး အားမလိုအားမရဖြစ်လာပြီး. .

"ငါလည်း နင့်ကိုမေးချင်တယ်. ."

"မေးလေ. ."

"ဒီကောင်ရဲရင့်. . နင့်ကို တစ်ခါလောက်မှားဘူးတယ်ဆို"

"ဘာ!!. ."

သူမမျက်နှာလေး ဖျန်းခနဲ နီသွားပြီး မျက်တောင်တော့ကော့ကြီးတွေ တဖျတ်ဖျတ်ခါသွားသည်။





"သူ အမှန်အတိုင်းဝန်ခံတာတဲ့၊ တမင်ရည်ရွယ်တာမဟုတ်ပဲ ဘယ်လိုမှမအောင့်နိုင်လို့တဲ့၊ အဲ့ဒါ. . ငါမေးနေတာ ရေရေရာရာမဖြေလို့ မနေ့က ငါလည်ပင်းညှစ်နေတာ. . နင်လည်းမြင်တာပဲ အဲ့ဒါဘာဖြစ်တာလဲ. ."

သူမ မျက်နှာနီနီလေးနှင့် ရယ်မိတော့မလို ဖြစ်သွားသည်။

"သူပြောတာဟုတ်လား. . နင်နဲ့ဘာဖြစ်တာလဲ၊ ဒီကောင်ဘာမှားလဲ. . ဩော်. . ပြီးတော့ပြောသေးတယ် နင့်စိတ်ထဲမှာလည်း သူ့ကို လူယုတ်မာလို့ ထင်နေမှာပဲတဲ့. . ဟာ. . ပြောစမ်းပါ. ."

"သိတော့ရော. . နင်ဘာလုပ်မှာလဲ. ."

"ဟေ. . ဒီကောင်တကယ်ပဲ ယုတ်မာခဲ့တယ်ဆိုရင်. . ငါခွင့်မလွှတ်ဘူးဟာ. . အသေဆော်မယ်. . ပြောသာပြော. ."

သူမ ခစ်ခနဲတစ်ချက်ရယ်လိုက်သည်။

ထိုနောက်. . ဖော့်ရည်ဖန်ခွက်ကို ရှေ့သို့အနည်းငယ် တွန်းရွှေ့ပြီး. . .

"ယုတ်မာတာတော့အမှန်ပဲ. . ဒါပေမယ့် သူကဘယ်လိုမှမအောင့်နိုင်လို့ပါဆိုတော့ ဘယ်လိုလုပ်ရမလဲ. ."

"အေး. . ဘာ!. . ဘယ်လိုယုတ်မာတာလဲ. ."

"အဲ့ဒီမနက်က. . နင့်ဆီကိုသူလာရင်း ငါ့အိမ်ရှေ့ရပ်ထားတဲ့ကားဘီးကို သေးနဲ့ပန်းသွားတယ်. ."

"ဟမ်!. ."

မြတ်ထူး ငိုရမလို ရယ်ရမလိုဖြစ်နေရာက. . ရဲရင့်မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကို ကွက်ခနဲမြင်ကာ. . နားရင်းပါးရင်း ပိတ်အုပ်ချင်သွားသည်။

"နင်နဲ့သူက အတော်ခင်တဲ့ပုံပဲနော်. ."

"ခင်တာတော့. . ပထမနှစ်ထဲက တစ်တန်းတည်း တစ်ခန်းတည်း. .၊ ကျောင်းပြီးတဲ့အထိ အတွဲမပျက်အောင် ခင်တယ်. ."

"ဟုတ်လား. . ငါလည်း အဲ့သလိုသူငယ်ချင်း အရမ်းလိုချင်တယ်သိလား. ."

"ဘာ!. . နင်ကအဲ့ဒီကောင်ကို. ."

"ဟာ. . မဟုတ်ဘူးလေ၊ နင်တို့လိုအတွဲမပျက် ပြောမနာဆိုမနာ သူငယ်ချင်းမျိုး လိုချင်တယ်လို့ပြောတာ၊ ငါ့မှာ သူငယ်ချင်းကို မမြဲပါဘူး. . တော်ကြာ စိတ်ကောက်လိုက် စိတ်ဆိုးလိုက်နဲ့ ကိုယ်ကချည်း လျှော့နေရတာဆိုတော့. . ကြာတော့ ငါလည်း နေဟာဆိုပြီး ပစ်ထားလိုက်တာ ပြတ်ရောလေ. .၊

အခုလည်း သင်တန်းတက်မှခင်ကြတဲ့ နေညိုတို့လည်း ဒီလိုပဲ၊ သူတို့ဘယ်နှခါမှားမှား ကိုယ့်ဘက်က တစ်ခါလောက်မှားရင်ကို ခွင့်မလွှတ်နိုင်ကြဘူး၊ အဲ့ဒါကြောင့် နင်တို့လိုသူငယ်ချင်းမျိုး ဖြစ်ချင်တယ်လို့ပြောတာ. ."

"ပေါက်ပြီ. . ပေါက်ပြီ. . ရုတ်တရက်ဆိုတော့ ငါလည်း စိုးရိမ်သွားတယ်ဟ. ."

"ဘာလဲ. . သူ့ကို ငါလိုချင်တယ်ဆိုလို့လား. ."

"အေးပေ့ါဟ. ."

"သူက. . အကျင့်မကောင်းတဲ့အကောင်လား. ."





ဆိုတော့လည်း မြတ်ထူးဖြေရခက်သွားသည်။ ကောင်းမှန်းသိလျက် မကောင်းဘူးဟုတော့မပြောချင်. . ကောင်းကြောင်းပြောပြန်လျှင်လည်း ရှာသွန်းဖြိုးစိတ်ဝင်စားသွားမှာ ကြောက်သဖြင့် တိုတိုရှင်းရှင်းပဲ ပြောလိုက်သည်။

"ရဲရင့်က လူကောင်းပါ၊ ကောင်းလို့လည်း ငါပေါင်းတာပေါ့"

"တော်တော့တော်သားနော်၊ အမှန်အတိုင်းပြောရရင်. . အိမ်ကတီဗီကို ဦးတိုးနဲ့ဆိုင်ပို့ခိုင်းပြီးပြင်တာ နှစ်ခါရှိပြီ၊ တစ်ခါက နှစ်ပတ်လောက်ကြာတယ်. . ပစ္စည်းမရှိလို့ မပြင်ရသေးဘူး ဆိုတာနဲ့ ပြန်ယူလာတယ်၊ နောက်တစ်ခါကျတော့ တစ်လလောက်ကြာသွားတယ်. . ပစ္စည်းဘိုးနဲ့ လက်ခငါးသောင်း ပေးလိုက်ရတယ်. . အိမ်ရောက်လို့ဖွင့်ကြည့်တော့ ခဏပဲ အရုပ်ပေါ်ပြီး. . အဲ့သလို အဖြူအတန်းအတန်းကြီးတွေ ဖြစ်သွားတော့တာပဲ၊ အခုက. . နင်ညွှန်းလို့လေ. . ပြီးတော့ အိမ်မှာလာပြင်မှာမို့လို့ ငါစိတ်ဝင်စားပြီးပြင်တာ"

"အခု ကောင်းသွားပြီမဟုတ်လား. ."

"မနေ့က နင်တို့ပြန်သွားပြီးကတည်းက ညအိပ်ချိန်မှပဲ ပိတ်လိုက်တာလေ၊ မနက်ပြန်ဖွင့်တော့လည်း အိုခေပဲ. .၊ သူပြင်တာခဏလေးနဲ့ ဒီလောက်ကောင်းသွားလို့ ဖေဖေတို့တောင် အံ့သြနေတယ်၊ ရုံးမှာ ပျက်လို့ဘေးချထားတဲ့ တစ်လုံးရှိသေးတယ်. . အဲ့ဒါ သူ့ကိုပြင်ခိုင်းပြီး. . အောက်ရုံးက စာရေးမတွေအခန်းထဲ ပို့မယ်လို့ တောင်ပြောနေတယ်. . နင် သူ့လိပ်စာသိလား. ."

"သူက. . ဒီ(၃၄)လမ်းအပေါ်ဘလောက်က သူ့ဦးလေးဆိုင်



www.burmeseclassic.com

www.burmeseclassic.com



မှာ အမြဲရှိတယ်လေ. . တစ်ခါတလေ အဲ့ဒီမှာပဲအိပ်တယ်. . ”

“ဆိုင်နာမည်က ဘာတဲ့လဲ. . ”

“တင့်. . အီလက်ထရောနစ်ဆားဗစ်. . ”





မိုးသည်. . မိုးရာသီကို အခွင့်ကောင်းယူကာ. . မိုးလို. . သဲသဲမဲမဲ ရွာသဖြင့်. . လူတွေလည်း လူတွေလို မိုးရေစိုမှာကို နည်းမျိုးစုံဖြင့် ရှောင်ကာရှားကြသည်။ ရှောင်သည့်ကြားက ရွှဲစိုနေသူရှိသကဲ့သို့. . တမင်အစိုခံသောသူလည်း ရှိလေသည်။

ရှောင်သူတွေက. . ထီး(သို့မဟုတ်)မိုးကာ သုံးကြသော်လည်း မိုးများသဖြင့် ကိုယ်တစ်ပိုင်းတော့ ရွှဲတတ်သည်။ မရှောင်သူတို့က ထီး၊ မိုးကာ အသုံးပြုတတ်ပြီး. . . ယူလာဖို့ မေ့လာသူနှင့် လုံးဝအသုံးမပြုဘဲ ဝတ္ထုတွေထဲကဇာတ်ကောင်လို ခပ်ကြောင်ကြောင် မိုးရေထဲ လျှောက်တတ်သူများဖြစ်သည်။

(မိုးရေထဲ ဘောလုံးထွက်ကန်တာ မိုးရေထွက်ချိုးသောသူများလည်း ရှိပါသည်. . )



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်ကတော့ လွန်ခဲ့သည့်ရက်သတ္တပတ်ကအထိ ဇာတ်ကောင်လို ခပ်ကြောင်ကြောင် မိုးရေထဲလျှောက်သွားတတ်သူဖြစ်ပြီး ထိုရက်သတ္တပတ်အစမှ ယနေ့အထိ မြတ်ထူးပေးလိုက်သော Ten မိုးကာအကျႌနှင့်. . ကိုယ်တစ်ပိုင်းရွှဲလာခဲ့သူ ဖြစ်လေသည်။

သည်မနက်. . မိုးက ရွာမြဲရွာ. . ကားများ ကြပ်မြဲကြပ်. . မြို့ထဲလမ်းပေါ် မိုးရှောင်သူများ ဟိုအောက်သည်အောက် ကပ်မြဲကပ်နေကြခိုက်. . ရဲရင့်လည်း ရွှဲမြဲရွှဲကာ (၃၄)လမ်းရှိအလုပ်ခန်းသို့ ရောက်သွားသည်။

"ကိုရဲ လာပြီဟေ့. . "

သူ့ကိုမြင်သည်နှင့် အလုပ်ခန်းပေါက်ဝ လှေခါးထစ်များပေါ်မှာ အထုတ်ကိုယ်စီပိုက်၍ ထိုင်နေကြသောပုဂ္ဂိုလ်များ လှုပ်လှုပ်ရွရွဖြစ်ကာ ထရပ်ကြသည်။

"မင်္ဂလာပါ. . "

"မင်္ဂလာပါ ဆရာသမားရယ်. . နောက်ကျနေလို့ မလာတော့ဘူးထင်တာ. . "

"ဂိုဏ်းချုပ်ရော. . နိုးပြီလား. . "

"ဆိုင်တောင်ရောက်သွားပြီ၊ ကျုပ်ကာတော့ အပေါ်မှာ ရှင်းနေတယ်. . "

ဂိုဏ်းချုပ်ဆိုသည်မှာ သူ့ဦးလေး ဦးလှတင့်ကို ဆိုလိုခြင်းဖြစ်ပြီး၊ ဂျိုကာက ဆိုင်မှာလိုရာသုံး ခေါ်ထားသော လေးတင့်၏တပည့်ကျော် ချာတိတ်ဖြစ်သည်။ သူ့အောက်ထပ်မှာ အဝတ်လဲနေခိုက်. .





အထုတ်ကိုယ်စီနှင့်ပုဂ္ဂိုလ်များ အပေါ်ထပ်သို့တက်လာကာ နေရာယူကြသည်။ ဤနေရာကား အသက်ရှူပေါက်ဟုပြောလျှင် ကြီးကျယ်မည်ထင်ပါသည်။ တကယ့်အဖြစ်မှာလည်း ထိုမျှကြီးကျယ်နိုင်သော အလုပ်သဘောတွေ ဆောင်နေသဖြင့် ရှင်းပြဖို့တော့ လိုလိမ့်မည်။

(၃၄)လမ်းထဲ လေးတင့်လိုပြင်ဆိုင်မျိုး အများကြီးရှိပါသည်။ အားလုံး လေးတင့်တို့နည်းတူ ဝန်ဆောင်မှုပေးကာ လုပ်ကိုင်ကြခြင်းဖြစ်သော်လည်း လုပ်ငန်းသုံးအခေါ်(ကတက်)အများဆုံးရသောဆိုင်ဖြစ်လေသည်။

အမှန်တိုင်းဝန်ခံလျှင် ပြင်ဆင်မှုအပိုင်း ပိုကျွမ်းကျင်. . ပိုတော်နေ၍တော့မဟုတ်၊ အခြားဆိုင်များနည်းတူ ကျွမ်းကျင်မှုနှင့် သုံးစွဲသောပစ္စည်းအရေအသွေးတူပင် ဖြစ်သည်။

သို့သော်. . လေးတင့်က သဘောမနှောကောင်းသည်. . သူ့ဆီရောက်လာသော ကတက်အား နွေးထွေးစွာဆက်ဆံပြီး သူ့ဘက်ကိုယ့်ဘက် မျှအောင်လုပ်ပေးသည်။

သူ့ဘက်ကိုယ့်ဘက်ဆိုသော စကားကိုလည်း စာဖတ်သူသဘောပေါက်ဖို့ လိုအပ်သည်။ ဆိုပါစို့. . စက်ဆရာတစ်ယောက်က သူပြင်ရမည့်တီဗီကို တစ်သောင်းခွဲနှင့်လက်ခံကာ ပြင်ဆင်သည်။ တကယ်ပြင်မှ ပစ္စည်းအခက်အခဲ အတတ်ပညာအခက်အခဲ တစ်ခုခုဖြင့် ဤနေရာသို့ရောက်လာသည်။

ထိုအခါ လေးတင့်က တာဝန်ယူပြင်ဆင်ပေးပြီး လာပြင်သော စက်ဆရာမနစ်နာအောင် ဈေးနှုန်းညှိကာ ယူပါသည်။ သူ



www.burmeseclassic.com

www.burmeseclassic.com



တစ်သောင်းခွဲနှင့် လက်ခံလာသောစက်က ကိုယ်လည်းဒီနှုန်းအတိုင်း ယူသင့်သော်လည်း. . လက်ခံလာသော စက်ဆရာစားဖို့ ချန်ပေးသည်။ ဒါက တကယ်ပြင်တတ်သောဆရာ၏ အခက်အခဲ. . ။

တစ်ချို့က ဖြုတ်တတ်တပ်တတ်ရုံလောက်သာရှိပြီး စက်ဆရာအမည်ခံကာ အိမ်တိုင်ရာရောက်လိုက်ကာ ပြင်ကြသည်။ ပျက်သွားပုံအခြေအနေကို ပိုင်ရှင်ထံအကြမ်းဖျင်းမေးပြီး တောင်စမ်းမြောက်စမ်းနှင့်. . ခပ်တည်တည်ပင်. . စက်ကဘာဖြစ်နေတာ ဘယ်လောက်ကျမယ်. . ဟုဈေးဖြတ်ကာ တီဗီထဲကဆာ့ကစ်ပြားကို ဖြုတ်ယူလာကြသည်။

ဉပမာ. . . သူတို့က သုံးသောင်းနှင့် လက်ခံလာကြသည်။ လေးတင့်ဆီလာပြင်. . အရုပ်ထွက် အသံထွက်အောင် စမ်းသပ်ပြီး တစ်သောင်းခွဲကျသည်ဆိုလျှင် သူတို့အတွက် တစ်သောင်းခွဲကျန်ကာ. . ပိုင်ရှင်ဆီ ဆာကစ်ပြားပြန်တတ်ပေးခြင်းမျိုးဖြင့် ဝမ်းစာရှာကြသူတွေဖြစ်သည်။ တစ်ခါတစ်ရံ သူတို့က ရမ်းသမ်းပြီး. . SCR ဖြစ်တာ တစ်သောင်းခွဲကျမယ် ဘာညာနဲ့ ဖြီးခဲ့သည်။ ရမ်းကုဆိုသော်လည်း ဒီအလုပ်လုပ်စားနေကြသူဖြစ်၍ တီဗီတစ်လုံး၏ အရေးကြီးအစိတ်အပိုင်း အခေါ်အဝေါ်များတော့ လေ့ကျက်ထားကြသည်။

အက်စီအာ၊ ခရိုမာ၊ တီအမ်ပီ၊ ဒီဝိုင်၊ ဖလိုက်ဘက် စသဖြင့် ဒီလောက်တော့. . အကြမ်းဖျင်းသိထားသည်။ ထိုထဲက တစ်ခုခုနှင့် ချိမ်းခြောက်ကာ ပြင်ဆင်စရိတ် တောင်းကြသည်။ ပြဿနာက. . SCRလောက်နှင့်မပြီး၊ မိုးကြိုးလျှပ်စီးစက်ကွင်းမိပြီး တီအမ်ပီရော၊





ခရိုမာပါ ကွဲကုန်၍ လေးသောင်းလောက်မြောက်သွားသဖြင့် မျက်လုံးမျက်ဆန်ပြူးကာ ရူးကုန်တာမျိုးရှိလေသည်။

ထိုအခါ. . ဂိုဏ်းချုပ်ရယ် ကျွန်တော်က တစ်သောင်းခွဲနဲ့ လက်ခံခဲ့တာပါ ကြည့်လုပ်ပါဦး. . ဆိုတာမျိုးတွေ ဖြစ်လာသည်။ တစ်ခြားဆိုင်တွေမှာတော့မသိ. . လေးတင့်ကတော့. . အေးကွာ နောက်ဆိုသတိထားပေါ့၊ မင်းနှစ်ထောင်စား. . ငါ့ကို သောင်းသုံးထောင်ပေးခဲ့. . စသည်ဖြင့်. . ကိုယ့်ဘက်ကအနာခံကာ ဆက်ဆံတာမျိုးပင်။

ဤကား သူ့ဘက်ကိုယ့်ဘက်မျှယူသော လုပ်ငန်းသဘောပင်ဖြစ်ပါသည်။ ထို့ကြောင့် လေးတင့် နာမည်ရကာ ကတက်များလေသည်။

ရဲရင့်အဝတ်လဲပြီး အပေါ်တက်သွားတော့ ဆယ်ပေပတ်လည်လောက်ရှိသည့်အခန်းထဲ အထုတ်ကိုယ်စီပိုက်၍ ထိုင်နေသူများ ကိုယ်ကလေးတွေတိမ်း၍ ရဲရင့်အတွက် တစ်ထိုင်စာနေရာလေးဆီ လမ်းဖယ်ပေးကြသည်။ ဂျိုကာက ခဲဂေါက်မီး မီးထိုးနှင့်ပြီး မီးလုံး၊ ဒီဝိုင်၊ ခဲခွေ၊ ထင်းရှူးဆီခွက်၊ ရှိုးကြိုး၊ မီတာ. . အားလုံးအဆင်သင့် ပြင်ပေးထားသဖြင့် သူဝင်ထိုင်သည်နှင့် လှမ်းပေးသော စက်ပြားကို ယူစစ်ကာ ပြင်ရုံပင်. . ထိုအချိန်တွင် ဂျိုကာ အနားမှာ ထားရသည်။

ပြင်သောစက်ပြားအတွက် လိုအပ်သောဒီဝိုင်နှင့် မီးသုံးကို ဂျိုကာက သွက်လက်စွာယူပေး လဲလှယ်ပေးရသည်။ လိုအပ်သော



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းအတွက်. . အခန်းထောင့်မှာပုံထားသော ဖြုတ်ကဒ်ထဲမှာ ရှာဖို့. . ဂျိုကာယူပေးသည်။

သူထိုင်ပြီးခဏကြာသော် လေးတင့်ရောက်လာပြီး တူဝရီးနှစ်ယောက် ဘေးချင်ယှဉ်ထိုင်ကာ သူတစ်ကဒ်၊ ငါတစ်ကဒ်နှင့်. . လုပ်ကြကိုင်ကြ. . တစ်နေ့တာ ကုန်ဆုံးရလေသည်။





(၃၄)လမ်းထဲ ကားကိုချိုးဝင်ပြီးမှ. . သူမစိတ်ထဲ စိုးရိမ်မှုကလေး ဖြစ်ပေါ်လာခဲ့သည်။ ဒီလိုလုပ်တာ အဓိပ္ပါယ်မရှိဘူးဟု တွေးမိပြီး ကားကိုပါ ရပ်တန့်မိသွားသည်။

"တီ. . တီ. . တီ. . "

နောက်ကနေ ခပ်အုပ်အုပ်တီးလိုက်သော ဟွန်းသံကြောင့် ဘက်ကြည့်မှန်ကို အကြည့်ရောက်သွားသည်။

အို. . ဘုရားသခင်ရေ နောက်မှာတစ်တန်းကြီး၊ အနော်ရထာလမ်းမှ ဖောက်ဝင်လာသောကားက အနော်ရထာလမ်းထဲ ပြန်လှည့်ဝင်လို့မရ၊ လမ်းစည်းကမ်းအရ ဗိုလ်ချုပ်အောင်ဆန်းမှ ပတ်ထွက်ရမည်ဖြစ်၍ သူမ ကားကိုဆက်ထွက်ရတော့သည်။

နောက်မှာလည်း ကားတွေတစ်တန်းကြီး ပါလာသဖြင့်. .



www.burmeseclassic.com

www.burmeseclassic.com



ရပ်လို့မရ၊ ရပ်ချင်လျှင်လည်း နောက်ကားတွေကျော်တက်နိုင်အောင် ဘေးကပ်ရပ်ပေးရမည်ဖြစ်ကာ. . ရပ်စရာအကြောင်း မရှိသဖြင့်. . မရပ်ဘဲဆက်မောင်းလာခဲ့သည်။

လမ်းတစ်ဝက်ကျော် မောင်းလာပြီးမှ ဆိုင်ခန်းတစ်ခု ရှေ့၌ ခပ်စောင်းစောင်း ပါကင်ထိုးထားသော ကားတစ်စီးအား တွန်းနိုးရန် နောက်ဆုတ်ထွက်လာသဖြင့် သူမလည်း ရပ်ပေးလိုက်ရတော့သည်။

"ခဏလေးသည်းခံပေးပါဗျာ. . . ကျွန်တော်တို့ကားက တွန်းစတတ်မှ နိုးလို့ပါ. . ကဲ. . ဘော်ဒါတို့ရေ. . ဟေလာလေမောင်တို့ တွန်း. . "

ကားက ဒိုင်နာအိမ်ရှည်ဖြစ်၍ အနည်းငယ်ကျဉ်းသောလမ်းထဲ၌ လမ်းပေါ်အဖြောင့်အတိုင်း တွန်းနိုးနိုင်ဖို့ပင်. . လေးငါးကြိမ် ရှေ့နောက်လွှန်းထိုးကာ ကွေ့ရခေါက်ရဖြောင့်ရ လုပ်နေသဖြင့် သူမ စိတ်ရှည်လက်ရှည်စောင့်နေပြီး ဘယ်ဘက်ခြမ်းကို အကြည့်တစ်ချက်ဝေ့သွားစဉ်. .

"ဟင်!. . "

ဆိုင်ခန်းတစ်ခု၏ ထိပ်ဆုံးလှေခါးထစ်ပေါ် ဆောင့်ကြောင့်ထိုင်ပြီး ကားတွန်းနေသောအုပ်စုကို လှမ်းအော်နောက်ပြောင်နေသည့်ရဲရင့်အား သူမ မထင်မှတ်ဘဲ တွေ့လိုက်ရ၍ ရင်ထဲဒိတ်ခနဲဖြစ်ကာ. . အကြည့်လွဲပစ်သည်။

အမှန်တော့ သင်တန်းနားချိန် သူမဒီလမ်းထဲဝင်လာသည့် ကိစ္စကလည်း ရဲရင့်နှင့်တွေ့ဖို့သာဖြစ်သည်။ အကယ်၍ ရဲရင့်ဘက်





က အချိန်ပေးနိုင်လျှင် သူမကားနှင့်ခေါ်သွားပြီး ဖေဖေ့ကုမ္ပဏီက တီဗီကို ပြင်ခိုင်းရန်ဖြစ်လေသည်။ သို့သော်. . လမ်းထဲဝင်လာပြီးမှ ဘာမှအရေးမကြီးသော ဒီအလုပ်ကို သူမစိတ်ထဲလုပ်စေချင်သည့် ဆန္ဒမှား တစ်စုံတစ်ရာမှားယွင်းမှု၊ မသေချာသော ဆန္ဒစောမှုများသာဖြစ်ကြောင်း တွေးမိပြီး. . ထိုကိစ္စအား မလုပ်တော့ရန် ဆုံးဖြတ်ထားပြီဖြစ်သည်။

ယခုမူ သူ့ကိုမရှာမဖွေရဘဲ တွေ့မြင်နေရချေပြီ။

ပြီးတော့. . ရင်တွေလည်း တစ်ဒိတ်ဒိတ် မြည်ကာနေသည်။

ဘာကြောင့်လဲ. . .

"ကျောင်းဆရာ တွန်းလေဗျာ၊ ဟာ. . ခင်ဗျားလက်ထဲ ဘာအားမှမထည့်ဘဲ မျက်နှာပေါ် ဘာတီကယ်တန်းပြနေလို့ ရမလား ဗျ. . "

"ဟ. . ကျောင်းဆရာကွ၊ အလေးဆုံး မြေဖြူတစ်တောင့်နဲ့ ကြိမ်လုံးတစ်လုံးပဲ မဖူးတာ. . "

"ကိုစိန်ဘိုကြီး တွန်းလေ၊ ဟာ. . လမ်းလျှောက်လိုက်နေလို့ ရမလား. . "

"မင်းလာတွန်းပါလား. . အဲ့ဒီမှာ နှလုံးမြေကျ ထိုင်အော်နေပြီးတော့. . "

"မြေမကျပါဘူးဗျာ. . လှေခါးပေါ်မှာ၊ စလင်းတို့ ဟာရှင်တို့ မတွန်းဘူးဟေ့၊ ဘေးကနေ. . ဖရီးရိုက်နေတယ်. . အဟတ်တတ်. . "



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်နောက်ပြောင်နေသဖြင့် ကားတွန်းသူများ မတွန်းတော့ဘဲ ရဲရင့်ရှိရာ လှေခါးထစ်မှာ လာပြန်ထိုင်ကုန်ကြသည်။

"ဟာ. . ဘာလုပ်ကြတာလဲ. . သွားတွန်းကြလေ. ."

"တော်ပြီ. . မင်းကျတော့မတွန်းဘဲ သူများလုပ်တာ ထိုင်နောက်နေတယ်၊ မတွန်းဘူးကွာ. . . ငါ့ယောက္ခမကားလည်းမဟုတ်ဘူး. ."

"ရတယ်. . ကျွန်တော်တစ်ယောက်တည်း နိုးအောင်တွန်းပြမယ်. ."

ရဲရင့်တကယ်ဆင်းလာသဖြင့်. . . အားလုံးက အရူးတစ်ယောက်ကိုကြည့်သလို ဝိုင်းကြည့်ကြသည်။

"ဟုတ်ရဲ့လားကိုရဲ. . . ကားက လုပ်ထားတာသံချည်းပဲနော်. ."

"တွန်းတာလူကွ. ."

ပြောပြီး ရဲရင့်ကားခေါင်းဘက်လျှောက်သွားကာ မျက်နှာငယ်လေးနှင့် ထိုင်နေရှာသောဒရိုင်ဘာကို မေးလိုက်သည်။

"ခင်ဗျားကားက ဒီဇယ်အင်ဂျင် တင်ထားတာလား. ."

"ဟုတ်ပါတယ်. . ကိုရဲ. ."

"သော့တစ်ချက်ဖွင့်ကြည့်ဗျာ. . စတက်မဆွဲနဲ့. ."

ဒရိုင်ဘာ သော့ဆွဲကြည့်သဖြင့် ရဲရင့် ထိုင်ခုံနားကပ်ကာ နားစွင့်ကြည့်သည်။

"ရပြီ. . သော့ပိတ်၊ ခင်ဗျားဖယ်ပြီး ဖင်ထိုင်ခုံလှန်လိုက်. ."





ဒရိုင်ဘာလည်း. . ရဲရင့်ခိုင်းတဲ့အတိုင်း သွက်လက်စွာ လုပ်ပေးလိုက်သည်။ ထိုနောက်. . ရဲရင့်က ပန့်အုံရှိ ဆီလိုင်းအဖွင့်အပိတ်လုပ်ပေးသော Metering Rod နှင့်ဆက်သွယ်ထားသည့် ဝါယာကြိုး ရှာကြည့်သည်။ အောက်မှာပြုတ်ကျနေသဖြင့် ပြန်ကောက်ကာဆက်သွယ်ပေးလိုက်သည်။

"ရပြီ. . စတက်ဆွဲပြီးနှိုးတော့၊ နောက်မှာတန်းစီနေတဲ့ကားတွေ. . ခင်ဗျားကို မေတ္တာဘာဝနာ များနေကြပြီ. ."

ရဲရင့် ကားနောက်မြီးကို ပြန်လျှောက်လာတော့ ကားအင်ဂျင် စက်နိုးသွားသည်။ ထိုနောက် ရဲရင့်က ကားတွန်းသလိုတစ်ချက်အားစိုက်ပေးလိုက်ချိန်မှာပင်. . ဘီးလိမ့်ကာ ထွက်သွားလေတော့သည်။

ပြီးတော့မှ. . လှေခါးမှာ အစီအရီထိုင်နေကြသော ကိုစိန်ဘိုတို့အုပ်စုရှေ့ ခါးထောက်ကာ မတ်တတ်ရပ်လိုက်ပြီး. . ကလေးသရုပ်ဆောင် ဟဲဗီးဖြိုး ဝမ်းတီးနို့ဆီ ကြော်ငြာဟန်နှင့်. .

"ဘယ်ခေတ်မှာ နေနေတာလဲ. ."

"ကားမတွန်းခင်. . ဦးကျောက်ကိုသုံး. ."

ထိုအခါ. . ထိုင်နေသောအုပ်စုထဲမှ အသက်အကြီးဆုံးဖြစ်သော ကိုစိန်ဘိုကြီးက မခံချိမခံသာနှင့် ပုဆိုးစကို ဒူးခေါင်းကျော်အောင်ဆွဲတင်ပြီး ကြော်ငြာဝင်တော့သည်။

သူမ. . လှမ်းကြည့်မြင်ပြီး ရယ်ချင်ပက်ကျိ ဖြစ်နေခိုက်နောက်ကကားများ ဟွန်းသံတွေ စီကာပတ်ကုံး တီးလာနေသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သတိဝင်ပြီး ကားထွက်ရန် ပြင်လိုက်သည်။

ထိုအခါမှပင် ဘာကြောင့်ရပ်နေမှန်းမသိသော ကားတန်းကြီးကို ရဲရင့်သတိထားမိကာ. . လှည့်ကြည့်သည်။

"ဟင်!. . ရှာ. . အဲ. . ရှာ. . သွန်းဖြိုး. ."

ရဲရင့်မြင်သွားပြီဖြစ်၍. . သူမလည်း မူလစိတ်ကူးကို အကောင်အထည်ဖော်ရန်. . စောစောက ဒိုင်နာထွက်သွားသောနေရာမှာ ကားပါကင်ဝင်ထိုးလိုက်တော့သည်။

ဒီတော့မှ. . နောက်ကကားများ မေတ္တာဘာဝနာ မှန်မှန်ပွားကာ သွားနိုင်ကြတော့၏။

"ဘာကြောင်တာလဲကွာ. ."

"အကြာကြီးရပ်နေပြီးမှ. . ပါကင်ဝင်ရသလား. . ဟ. ."

တစ်ယောက်ဆိုလျှင် ကားရပ်ပြီးတော့တောင် သူမကားကို စောင်ကြည့်သဖြင့်. . ရဲရင့်လှမ်းဟောက်ပစ်လိုက်သည်။

"ဟော့လူ. . အဲ့ဒါ. . ခင်ဗျားဂျီးဒေါ်မှတ်နေလား၊ မြန်မြန်မောင်း နောက်ကားတွေပိတ်နေပြီ. ."

သူမ. . အကုန်ကြားအကုန်သိနေ၍ ကားပေါ်က မဆင်းရဲဘဲ ကားထဲထိုင်ကာ. . တခိခိနှင့်. . ရှက်ရယ်ရယ်ကာနေသည်။

ရဲရင့် အနားသို့ရောက်လာမှ. .။

"ရှင်. . လိုက်ပြင်ပေးလို့ရသေးလား. ."

"ဟာ. . ရတယ်လေ. . ပြန်ပျက်သွားလို့လား. ."

"မဟုတ်ဘူး. . အဖေ့ကုမ္ပဏီမှာ တစ်လုံးရှိနေတယ်၊ အဲ့ဒါ





ပြင်ချင်လို့. ."

"ဪ. . ရပါတယ်၊ ဒီမှာလည်း မီးပျက်နေလို့ အပြင်ထွက်ထိုင်နေကြတာ. . အခုလိုက်ခဲ့ရမလား. ."

"အင်း. ."

"ဒါဆိုခဏစောင့်. ."

ရဲရင့် ကားနားကပြန်ထွက်လာတော့ ကျောင်းဆရာက. .

"အောက်ဒိုးလား. ."

"ဟုတ်တယ်. ."

"ဟာ. . ဒီမှာတန်းလန်းတွေက. . ဘယ်လိုလုပ်မှာလဲ"

"ရတယ်. . မီးက ညနေမှပြန်လာမှာ. ."

"ဟင်. . ဂိုဏ်းချုပ်က မီးစက်နှိုးပြီးလုပ်ဖို့ ဂျိုကာကို ဆီသွားဝယ်ခိုင်းထားတယ်လေ. ."

"မကြာပါဘူး ကျောင်းဆရာရယ်၊ ခင်ဗျားစက်ပြားနဲ့. . နားမွှေးနဲ့. . အဘရဲ့စက်ပြားကို နေမဝင်ခင်. . ပြီးအောင်လုပ်ပေးမယ်. . အခုဂိုစွက VIP ဗျ. ."

ပြောပြီး ဆိုင်ခန်းထဲဝင်သွားသဖြင့် ကျောင်းဆရာနှင့် ထိုင်နေကြသောအုပ်စုတွေ. . ခေါင်းကုတ်ရုံမဲ့ကာ ကျန်ခဲ့ကြသည်။

ထိုအခါ ကိုစိန်ဘိုက. .

"ကျောင်းဆရာ. ."

"ဗျာ. ."

"ခင်ဗျားမျက်နှာက DY လောင်ထားတယ်ထင်တယ်. .

www.burmeseclassic.com



H.Out စားနေတယ်. . ”

“မဟုတ်ဘူးဗျ. . မီးလုံးပါ ကျိုးနေတာ၊ တောက်!. . ရဲရင့်တို့တော့ လုပ်ချလိုက်ပြန်ပြီဗျာ. . ”







www.burmeseclassic.com







# အခန်း(၄)

သမီးဖြစ်သူနှင့်ယှဉ်ပြီး အခန်းထဲဝင်လာသော ရဲရင့်ကို ကြည့်မြင်ပြီး. . . ဦးဘလှိုင် ယိုင်ခနဲဖြစ်အောင် ထိတ်ပြာသွားမိသည်။ တစ်ချိန်တည်းမှာပင် သူ၏အတွေးစိတ်အစဉ်တို့ အနှစ်သုံးဆယ်ကျော်က ကျန်ရစ်ခဲ့သော အတိတ်ကာလတစ်ခုဆီ ဖြတ်ခနဲရောက်ရှိသွားလေသည်။ မင်းခန့်. . ဟာ. . မဟုတ်သေးပါဘူး၊ ဒါ. . ဘယ်လိုလုပ် မင်းခန့်ဖြစ်နိုင်မှာလဲ. . ငါ့နှယ်. . ။ ဦးဘလှိုင်



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် အသိစိတ်နှင့်ထိန်းချုပ်ယူပြီး သမီးကိုနှုတ်ဆက်သည်။

"ဟော့. . သမီး၊ ဘယ်ကနေဘယ်လို စိတ်ကူးရသွားတာလဲ"

"ဖေဖေ ပြောထားတဲ့ကိစ္စလေ. . "

ထိုနောက် ရွှာသွန်းဖြိုးက. .

"ထိုင်လေ ကိုရဲရင့်. . ကျွန်မဖေဖေဦးဘလှိုင် ဒီကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာပါ. . "

ရဲရင့် ယဉ်ကျေးစွာ ထရပ်ပြီး. .

"ကျွန်တော်ရဲရင့်ပါ. . ခင်ဗျား. . "

"အေး. . ဦးဘလှိုင်ပါ၊ ထိုင်ပါကွယ် သမီးလည်းထိုင်လေ"

"ဟုတ်. . "

သူမဝင်ထိုင်မှ ဦးဘလှိုင်က. . .

"ဖေဖေ ပြောတဲ့ကိစ္စဆိုတာ ဘာများပါလိမ့်၊ ဖေဖေမလဲ အလုပ်တွေကများတော့. . "

"ဖေဖေ့အခန်းကတီဗီ ပြင်ဖို့လေ. . ၊ သူက အိမ်ကတီဗီကို လာပြင်ပေးသွားတဲ့ မြတ်ထူးရဲ့သူငယ်ချင်းလေ. . "

"ဪ. . ဟုတ်ပြီ. . ဟုတ်ပြီ၊ အိုခေ. . အတော်ပဲ လာမယ့် တနင်္လာနေ့ကစပြီး ရုံးမှာ သုံးလွှာစလုံး တီဗီဆင်ပေးထားပြီးနေ့စဉ် သတင်းထုတ်ပြန်ရေးအစီအစဉ်နဲ့ အထူးကြေညာချက်အစီအစဉ် တွေ. . ထုတ်လွှင့်ပေးဖို့ စီမံချက်ရှိနေတယ်၊

အဲ့ဒီအစီအစဉ်တွေကလွဲရင် ဝန်ထမ်းတွေ စိတ်ဖိစီးမှုလျှော့ ပါးအောင် သီချင်းတွေဖွင့်ထားပေးဖို့ပါ ရှိတယ်လေ၊ အဲ့ဒီအတွက်



တီဗီတွေ အသစ်ဝယ်ထားလို့တော့ပြီးပြီ. . ဆင်ရုံပဲရှိတာ၊ အဲ့ဒါကို ရော မောင်ရဲရင့် တာဝန်ယူလုပ်ဆောင်ပေးနိုင်မလား. . "

"လုပ်နိုင်ပါတယ်. . အန်ကယ်. . "

"ဟုတ်ပြီ. . နောက်တစ်ခုက အန်ကယ့်အခန်းထဲမှာရှိနေတဲ့ SONY တီဗီကိုပြင်မယ်ကွာ. . သူကဒီရုံးစဖွင့်ကတည်းက သုံးလာ တဲ့တီဗီဆိုတော့. . ကုမ္ပဏီရဲ့ အမှတ်တရပစ္စည်းလည်း ဖြစ်ရအောင် လို့ အကောင်းအတိုင်းပြန်ပြင်ပြီး အန်ကယ့်အခန်းမှာ သုံးမယ်၊ ကျန်တဲ့အခန်းနဲ့ အလွှာတွေမှာတော့ LCD တွေချည်းပဲသုံးမယ်. . "

"ဟုတ်ကဲ့ ဖြစ်ပါတယ်. . "

"ကိုင်း. . ဒါဆို. . အစီစဉ်နဲ့ လုပ်အားခကို အကြမ်းဖျင်း ပေါ့. . "

"အန်ကယ်တို့ ယာယီသတ်မှတ်ထားတဲ့အတိုင်း အတည် ပြုလိုက်ပါ. . ၊ ကျွန်တော်ကတော့. . သူငယ်ချင်းအဖေရဲ့ကုမ္ပဏီ မှာ လုပ်အားပေးဝင်လုပ်တယ်လို့ပဲ သဘောထားပါ့မယ်၊ အစီစဉ်က အန်ကယ့်အခန်းကတီဗီကို အရင်ပြင်ပါ့မယ်၊ ပြီးရင်. . ထိန်းချုပ် ရေးခန်းကနေ. . Line Out ဖို့စီစဉ်မယ်. . အဲ့ဒီအတွက် လိုအပ် တဲ့ဆက်စပ်ပစ္စည်း အဆင်သင့်ရှိရင်ပေါ့. . "

"အဲ့ဒါခက်နေတာကွ. . အန်ကယ့်လူလည်း ရှာနေတာ ရှိတက်မလာသေးဘူး. . "

"ဒါဆိုပြဿနာမရှိပါဘူး၊ ကျွန်တော့်အလုပ်ခန်းကို ဖုန်းဆက် ပြီး ဝယ်ပို့ခိုင်းလိုက်ပါ့မယ်၊ နောက်မှပဲ. . အဲ့ဒီအတွက် ငွေကြေးချာနဲ့

www.burmeseclassic.com

www.burmeseclassic.com



ရှင်းပေးရင်ရပါပြီ။ . ."

"ဟာ. . ဒါဆို. . အဆင်ပြေပြီပေါ့၊ ကဲ. . ဘယ်လိုလည်း အစီစဉ်မှူး. ."

ဦးဘလှိုင်က သမီးဖြစ်သူကို. . ရည်ညွှန်းပြီးပြောလိုက်၍ သူမ ရှက်ရွံ့သွားသောမျက်နှာနှင့်ပြုံးလျှက်။

"ဘာကိုလဲ. . ဖေဖေ. ."

"ဟင်. . ကုမ္ပဏီအတွက် ပြန်ကြားရေးနဲ့ဆက်သွယ်ရေး ဌာန အစီစဉ်မှူးက သမီးမဟုတ်ဘူးလား. ."

"ဟုတ်တယ်လေ. . သမီးသင်တန်းတွေက ဒီလကုန်မှ ပြီးမယ့်ဟာ. ."

"ဪ. . ဒီမှာလည်း အစီစဉ်တွေစရင်း. . သင်တန်းကို လည်း ပြီးအောင်တက်လိုက်ပေါ့ကွာ. . မဟုတ်ဘူးလား. ."

"ဟုတ်. ."

"ကဲ. . အဲ့ဒါဆို မောင်ရဲရင့်လုပ်ကိုင်နိုင်အောင် သမီးကပဲ တာဝန်ယူပေးလိုက်၊ Line Out ဖို့လုပ်အားလိုတယ်ဆိုရင်. . သမီး ဌာနအတွက်ဆွဲထားတဲ့ W.E ထဲက တချို့ကိုခေါ်သုံး ဟုတ်ပြီလား"

"ဟုတ်. ."

"ကဲ. . စကြပေတော့၊ ပြင်ရမယ့်တီဗီက သမီးရဲ့ထိန်းချုပ်ခန်းမှာပဲရှိမယ်. . သော့ကဦးဝင်းနိုင်ဆီမှာ. ."

ထိုနောက်. . MD အခန်းမှထွက်ခဲ့ကြပြီး ထိန်းချုပ်ရေးခန်းဆီ လျှောက်လာခဲ့ကြသည်။ သူမက လမ်းလျှောက်ရင်း ဖုန်းဖွင့်ကာ





ဦးဝင်းနိုင်ဆီ သော့လှမ်းတောင်းလိုက်သည်။ ရဲရင့်က သူမ ဖုန်းပြောပြီးသည်နှင့်. . .

"ရွာသွန်းဖြိုးမှာ သင်တန်းနောက်တစ်ချိန် ကျန်သေးတယ်ဆို. ."

"အင်း. . ဒီမှာက အလုပ်ပေါ်လာပြီဆိုတော့ ဘယ်လိုလုပ်မလဲ. ."

"ရတယ်လေ. . ကျွန်တော်စက်ထိုင်ပြင်ချိန် ဘေးကထိုင် ငိုက်နေရမယ့်အတူတူတော့ ကျွန်တော့်ကိုထားခဲ့ပြီး သင်တန်း ပြန်သွားလိုက်ပါလား. ."

"ဖြစ်ရဲ့လား. ."

"ဖြစ်တယ်. . ဒီလောက်ကြီးကျယ်ခမ်းနားတဲ့ ကုမ္ပဏီရုံးခန်းကြီးထဲမှာ ကျွန်တော့်ကို ဘယ်သူမှအလစ်မသုတ်ဘူးဆိုတာ သေချာတယ်. ."

ကြည့်စမ်း. . ပြောပုံက ဟုတွေးပြီး သူမလှည့်ကြည့်တော့ ရဲရင့်က. . .

"ဪ. . အရေးကြီးကိစ္စလေးတော့ လမ်းညွှန်ပေးခဲ့ပါဗျာ. ."

"ဘာလဲဟင်. ."

"သန့်စင်ခန်းက ဘယ်နေရာဆိုတာလေးပါ၊ ဒီမှာ. . အကွန်းအမြဲဖွင့်ထားတော့ တော်ကြာမအောင့်နိုင်လို့ ဒုက္ခပေးလာရင် လူယုတ်မာနှစ်ထပ်ကွမ်း ဖြစ်တော့မယ်ဗျ. . အဲ့ဒါကြောင့်. . ."



www.burmeseclassic.com

သူမ မရယ်မိအောင်ထိန်းပြီး. . .

"ထိန်းချုပ်ရေးခန်းရဲ့ အတွင်းဖက်အခန်းမှာပဲ သန့်စင်ခန်း ရှိတယ်. .၊ ကားဘီးကိုပန်းတာ ခွင့်လွှတ်နိုင်ပေမယ့်. . အုတ်နံရံ သွားပန်းလို့ကတော့ ဒါပဲ. ."

"အင်းပါဗျာ. . ကျွန်တော်လည်း အဲ့သလောက်မပဲ့ပါဘူး၊ ဒါပေမယ့်. . သွားကိုက်တာရယ်၊ ငှက်ဖျားတက်တာရယ်၊ ဆီးမထိန်း နိုင်တာရယ်ဟာ. . ကိုယ်တွေ့ကြုံမှ ကိုယ်ချင်းစာတတ်တာဗျ၊ အဲ. . နောက်တစ်ခုရှိသေးတယ်. . တစ်ယောက်ယောက်ကို တိတ်တစ်ခိုး လေး ကြိတ်ပြီးချစ်နေတာရယ်ပေါ့. ."

သူမ မျက်နှာနွေးခနဲဖြစ်ကာ ထိန်းချုပ်ရေးခန်းရှေ့ ရောက် သွားပြီး ရဲရင့်ကိုမကြည့်မိအောင် မျက်နှာလွှဲထားသည်။

"ဟိုနေ့က. . အိမ်ရှေ့တည့်တည့်ဖြစ်တဲ့ကိစ္စ တောင်းပန်ပါ တယ်. ."

"အံမယ်. . အဲ့ဒီနေ့က လူကိုတောင် ရန်တွေ့သွားပြီးတော့ များ. ."

"ဟာ. . အဲ့ဒါ ရွာသွန်းဖြိုးမှန်းမသိဘူးလေ၊ ပြီးတော့. . ချက်ရမ်းရမ်းတာလည်း ပါတာပေါ့ဗျာ. . ဟဲဟဲဟဲ. ."

ထိုအခိုက်မှာပင် ဦးဝင်းနိုင်ရောက်လာပြီး သော့ဖွင့်ပေး သဖြင့် အခန်းထဲဝင်လိုက်ကြလေသည်။

၅ ၅ ၅ ၅





ရဲရင့်ကိုမြင်လိုက်ရပြီးကတည်းက ဦးဘလှိုင်စိတ်ထဲ ၆နှုတ် ဖြစ်သော ဆူးတစ်ချောင်း၏ နာကျင်မှုမျိုးကို. . ကာလအတန်ကြာ မေ့လျော့နေပြီးမှ. . အသစ်တဖန် ခံစားနေရသည်။

တူလည်း တူနိုင်လွန်းပါရဲ့. . .

မင်းခန့်တို့ ခင်မေစီတို့ ဘယ်ရောက်ကုန်ကြပြီလဲ. . ။

ထိုသို့သော သတိရတမ်းတလိုက်မှု တစ်ချက်ကလေးနှင့်ပင် ဦးဘလှိုင်၏စိတ်အစဉ်ကို အတိတ်မြင်ကွင်းဆီ လှစ်ခနဲရောက်ရှိသွား ခဲ့သည်။

"မင်းခန့်. ."

"ဩော်. . ဘလှိုင်တက်ခဲ့လေကွာ. ."

ဘလှိုင် အိမ်ပေါ်တက်သွားပြီး ဧည့်ခန်းပြတင်းပေါက်နား ကကြမ်းပြင်ပေါ် အလုပ်ရှုပ်နေသောမင်းခန့်ကို ငုံ့ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းခန့်က မော့မကြည့်အားဘဲ သူဖြုတ်ခွဲထားသော JVC ကတ်ဆက်ကိုသာ သဲကြီးမဲကြီး နှိုက်ချွတ်နေသဖြင့် ဘလှိုင်ဘေးမှာ ဝင်ထိုင်ပြီး. . .

"ဘယ်က အစုတ်တွေ. . လုပ်နေပြန်ပြီလဲ. ."

"ဟကောင်. . ဒါ အစုတ်မဟုတ်ဘူးကွ ခင်မေစီအဖေ့ရဲ့ ကက်ဆက်. ."

"ဟင်!. ."

'ခင်မေစီ' ဆိုသောနာမည် ကြားလိုက်သည်နှင့် ဘလှိုင် မျက်နှာ လင်းလာပြီး. .။

"ဟုတ်လား. . ဘာဖြစ်သွားလို့လဲ. ."

"အခွေ ခဏခဏညပ်နေလို့တဲ့ မနေ့က သဲအင်းဆရာ တော်ကြီးတိတ်ခွေ ဖွင့်နာနေရင်း တိတ်သားညပ်သွားပြီးရပ်လို့. . ဒေါသပုန်ထပြီး ကတ်ဆက်ကို ကိုင်ပေါက်မယ်လုပ်နေတုန်း ခင်မေစီ ချော့တောင်းပြီး လာပို့တာကွ. ."

"ဟုတ်လား. . အေး. . အေး. . ဒါဆိုလည်း ပြင်လေကွာ ငါရှိနေရင် အနှောင့်အယှက်ဖြစ်ပါတယ်. . . သွားတော့မယ်နော် သူငယ်ချင်း. ."

"အေ. . အေး. . မင်း ညနေကျောင်းသွားမှာလား. ."

"သွားမှာပေါ့. . မင်းရော. ."

"သွားမယ်လေ. . ခင်မေစီက ကျောင်းကအပြန် မေခလာမှာ ဇာလူဒါဝယ်တိုက်မယ်တဲ့ကွ. ."





"ဘာအတွက်လဲ. ."

"ဒီနေ့သူမွေးနေ့လေ. ."

"ဟေ. . ဟုတ်လား၊ အဟုတ်ဟုတ်. . အေး. . အေး. ."

ဘလှိုင် အူမြူးသွားပြီး မင်းခန့်အိမ်မှ ထွက်လာခဲ့သည်။ လောလောဆယ် အိမ်ပြန်ပြီး ပိုက်ဆံယူရမည်။ ပြီးလျှင်. . (၁၀)ရပ်ကွက်ဈေးဘက်. . စက်ဘီးနှင့်ထွက်ပြီး ကတ်ဆက်တစ်လုံးနှင့် မွေးနေ့လက်ဆောင်တစ်ခုခု ဝယ်ရမည်ဟုတွေးကာ လျှောက်လာခဲ့ပါသည်။ လျှောက်လာရင်းနှင့် ခင်မေစီတို့အိမ်ရှေ့ရောက်တော့ မသိမသာလှမ်းကြည့်လိုက်သေးသည်။

ခင်မေစီကိုတော့မတွေ့၊ အိမ်ဘေးရှိ ဝါးရုံပင်အောက်တွင် ပက်လက်ထိုင်ခုံနှင့် မှုန်ကုပ်ကုပ်ထိုင်နေသော ခင်မေစီဖခင် ဦးသာစီကို တွေ့လိုက်ရသဖြင့် အသာဇက်ပုပြီး ဆက်လျှောက်လာခဲ့သည်။

မသိလို့. . မခင်လို့တော့မဟုတ်။ ခင်မေစီနှင့် ETEC အတူတူတက်နေသော ရှေ့နေဦးထွန်းခိုင်၏သား ဘလှိုင်ဆိုတာ ဦးသာစီ သိပြီးသား၊ အခါအားလျော်စွာ ကျောင်းကိစ္စ သင်တန်းစာကိစ္စတွေဖြင့် အိမ်သို့ဝင်ထွက်သွားလာခွင့်လည်း ရှိပြီးသား. .။

သို့သော်. . ဦးသာစီ ဒီနေ့ ရာသီဥတုမသာယာမှန်း မင်းခန့်ဆီမှသိခဲ့ရပြီဖြစ်၍ ကက်ဆက်ဝယ်လာပြီးမှဝင်ရန် ဆုံးဖြတ်ကာ. . ဆက်လျှောက်လာခဲ့လေသည်။

ဘလှိုင်၊ မင်းခန့်၊ ခင်မေစီတို့က ရပ်ကွက်ထဲမှာ လူအထင်ကြီးခံရဆုံးသူများ ဖြစ်သည်။ သုံးယောက်စလုံး ညနေပိုင်းအင်ဂျင်



www.burmeseclassic.com

www.burmeseclassic.com



နီယာသင်တန်းတက်သူများဖြစ်ကာ ဘလိုင်နှင့်ခင်မေစီက မြို့ပြအင်ဂျင်နီယာကျောင်းသားဖြစ်ကာ. . မင်းခန့်က လျှပ်စစ်အင်ဂျင်နီယာကျောင်းသားဖြစ်၏။

ထိုခေတ်ကာလအခြေအနေအရ. . ကျောင်းသားတစ်ယောက် ဆယ်တန်းအောင်ဖို့ မလွယ်ကူသကဲ့သို့. . အင်ဂျင်နီယာ၊ ဆရာဝန်ဖြစ်ရန်မှာလည်း တော်ရုံကြိုးစားမှုနှင့် မျှော်မှန်းနိုင်စရာ မရှိသဖြင့် အင်ဂျင်နီယာသင်တန်း တက်နေကြသော. . ဘလိုင်တို့သုံးယောက်ကား ရပ်ကွက်ထဲက လူကြီးလူငယ်အားလုံး အားကျဂုဏ်ယူစရာသုံးယောက် ဖြစ်လာကြသည်။

ထို့ပြင်. . တစ်ရပ်ကွက်တည်း အတူနေသော်လည်း ဂုဏ်ရည်မတူ၍ တောရုံမခေါ်ရဲ မပေါင်းသင်းရဲကြသဖြင့်. . သူတို့သုံးယောက် အလိုလိုပေါင်းစည်းမိကာ. . ကျောင်းသွားဖော် သူငယ်ချင်းများအဖြစ် မိဘများကပါ လက်ခံခွင့်ပြု ပေးထားခဲ့ကြသည်။

သူတို့သုံးယောက်အနက် မင်းခန့်က အနွမ်းပါးဆုံး၊ ဖခင်၏ဆိုင်ကမ်းအလုပ်သမားဘဝဝင်ငွေနှင့် မိသားစုရပ်တည်ရသဖြင့်. . ချို့ချို့ငဲ့ငဲ့ရှိလှသည်။ ခင်မေစီကတော့ အတန်သင့်ပြည့်စုံပါသည်။ ခင်မေစီ့ဖခင်က စာရေးဝန်ထမ်းဖြစ်ပြီး. . မိခင်က ဘဝမြင့်ဈေးလေးတွင် ကုန်စုံဆိုင်ဖွင့်ထား၍ တစ်ဦးတည်းသောသမီးအတွက် လုံလုံခြုံခြုံ စုံစုံလင်လင်ရှိစေသည်။

ထိုခေတ်ကာလ ရေဒီယိုတစ်လုံးတောင် အိမ်တိုင်းစွေ မသုံးနိုင်သောအချိန်တွင် ခင်မေစီတို့အိမ်မှာ JVC ကက်ဆက်ကြီးတစ်လုံး





ရှိနေခြင်းက အတော့်ကို မော်မော်ကြွားကြွားဖြစ်စေပါသည်။

ကျောင်းပိတ်ရက်တွေ တိတ်ခွေဇာတ်လမ်းနားထောင်ဖို့. ခင်မေစီတို့အိမ်ဘေး ဝါးရုံပင်အောက် တစ်အုံတစ်မ ရောက်လာကြသည်။ ထိုစဉ်က အသံသရုပ်ဆောင်များမှာလည်း ဒီခေတ် ဗီဒီယိုသရုပ်ဆောင်မော်ဒယ်များကဲ့သို့ အားကျအထင်ကြီးစရာ၊ ပရိသတ်လက်ခံအားပေးမှုမှာလည်း ဒီခေတ်နှင့်မခြားအောင် ရှိလေသည်။

ယခု ဗီဒီယိုအခွေငှါးဆိုင်ကဲ့သို့. . ထိုစဉ်က တိတ်ခွေငှါးဆိုင်များလည်း အတော်ပင်အလုပ်ဖြစ်ကြသည်။

ထိုထက်ပို၍ အထင်ကြီးစရာ ဂုဏ်ယူအားကျစရာ ကောင်းသည်မှာ ဘလိုင်တို့အိမ်တွင်ရှိနေသော. . ကျွန်းဘော်ဒီနှင့် နေရှင်နယ်တီဗီကြီးပင် ဖြစ်တော့သည်။ တစ်ရပ်ကွက်လုံးမှာမှ တစ်လုံးတည်းသာရှိပြီး စိတ်နှလုံးကောင်းသော ဘလိုင်၏ဖခင် ရွှေနေကြီးဦးသော်ကောင်းက တစ်ပတ်မှာတစ်ရက် ရုပ်ရှင်ပြချိန်. . ခြံအတွင်းဘက်သံတံခါးနားမှာ စားပွဲထုတ်ကာ. . တင်၍ပြသပေးသဖြင့် တစ်ရပ်ကွက်လုံးနီးပါး ထိုနေ့ညနေကတည်းက ရှေ့နေကြီးအိမ်ရှေ့မှာ နေရာခင်းနေရာဦးကြ နေရာဦးရင်း ရန်ဖြစ်ကြရတာလည်း အမောက်။

ဘလိုင်လည်း တစ်ဦးတည်းသောသား ငွေကြေးပြည့်စုံသောမိဘများကြောင့် အရာရာမှာ အလိုပြည့်စေသဖြင့် သူတို့သုံးယောက်ထဲမှာ ဘလိုင်က ဘာမဆို ဦးဆောင်နိုင်သူဖြစ်တော့သည်။

တစ်ခုတော့ရှိသည်၊ လက်ညှိုးညွှန်ရာ ရေဖြစ်နေသောဘလိုင်အတွက် ခင်မေစီ၏ရှေ့မှာ ရေမဖြစ်ဘဲ ယုန်တစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေခြင်းက ဆိုးလှသည်။

အထက်တန်းကျောင်းသားဘဝက တည်းက ခင်မေစီ၏ အဦးဆုံးလူဖြစ်ဖို့ ဘလိုင် အဘယ်မျှပင် အသည်းအသန် ကြိုးစားစေကာမူ မင်းခန့်ကို ကျော်လို့မရ။ မင်းခန့်အပေါ်မှာ လိုအပ်သည်ထက်ပို၍ ခင်မင်လွန်းနေသော ခင်မေစီ၏စိတ်ကို သူ့ဘက်ယိမ်းလာဖို့ အရိုးသားဆုံးဘက်ကနေ အတတ်နိုင်ဆုံး နည်းလမ်းမျိုးစုံ သုံးသော်လည်း အဆင်မပြေပါချေ။ အဆုံးဆိုရလျှင် သူ့အလွန်ဝါသနာထုံပြီးဖြစ်ချင်လှသော တရားသူကြီးအိပ်မက်ကိုပင် စွန့်လွှတ်ကာ ခင်မေစီတက်သော ETEC သင်တန်းသို့တက်၍. . ခင်မေယူသော မြို့ပြအင်ဂျင်နီယာလိုင်းကိုပါ ရွေးချယ်သည်အထိ အရူးအမူးကို ဖြစ်ခဲ့ရပါသည်။

ယခုလည်း. . ချစ်သောသူ၏ စိတ်အာရုံမှာ တစ်မှုန်စာနေရာလေးရဖို့ (၅၄၃)အုန်လီး ကက်ဆက်တစ်လုံး ဝယ်လာသည်။ ခင်မေစီမွေးနေ့လက်ဆောင်အဖြစ် ရေခဲရှန် ပန်းဖျော့ရောင်လေးခမ်းဆက်တစ်စုံစာ ဂိုက်ဖြတ်လာခဲ့သည်။ ရေခဲရှန်က ညနေကျောင်းကပြန်လာမှ မေခလာမှာ ပေးရမည်ဖြစ်၍ အိမ်မှာဝင်ထားခဲ့ပြီး. . ကက်ဆက်ကိုပိုက်ကာ ခင်မေစီတို့အိမ်ဘက်. . ခပ်ကြွားကြွားလေးလျှောက်လာခဲ့လေသည်။

သို့သော်. . သူ၏ခြေလှမ်းများ ခြံတံခါးဝမှာပင် ဟုန်း နဲ့ဖြစ်ကာ ရပ်တန့်သွားခဲ့သည်။

အကြောင်းမှာ. . . ဝါးရုံပင်အောက်တွင် ဦးသာစီနှင့်အတူ





ခင်လေးစီရော မင်းခန့်ပါ ရောက်နေပြီး. . မင်းခန့်ပြင်နေသော JVC ကက်ဆက်ကြီးမှာလည်း အသံအားကောင်းကောင်းနှင့် တရားခွေကိုဖွင့်နိုင်နေပြီဖြစ်၍ ဦးသာစီတစ်ယောက် ပြုံးပြုံးနှင့် ပက်လက်ခုံပေါ်မှိန်းနေလေသည်။

ထိုအခိုက်မှာပင်. . မင်းခန့်၊ ခင်မေစီတို့ ခြံဝဘက်လျှောက်လာကြသဖြင့်. . ဘလိုင် ခြံဘေးရှိ ပုံနရိပ်ချုံနား ကပ်ကွယ်လိုက်ရတော့၏။

“ကျေးဇူးပဲဟယ်. . . ငါ့အဖေမျက်နှာ ခုမှပဲပြုံးနိုင်တော့တယ်. .”

“ရပါတယ်ဟာ. . အပန်းမကြီးပါဘူး. .”

“နေပါဦး. . နင် ဒီပညာတွေ ဘယ်မှာသွားသင်လိုက်တာလဲ. .”

“လမ်းထိပ်မှာ ဆိုင်ဖွင့်ထားတဲ့ ဦးစိုးသိန်းကြီးဆီမှာလေ၊ ငါအားရင် သူ့ဆီသွားပြီး ဝိုင်းလုပ်ရင်း သင်ရတာ၊ ငါ့မေကျာနဲ့လည်း ဆက်စပ်မှုရှိတယ်မဟုတ်လား. .”

“အဟင်း. . ကောင်းသားပဲ၊ ပြီးရင် နင်လည်းဆိုင်ဖွင့်လိုက်ပေါ့. .”

“မဖြစ်သေးဘူးဟ. . . ဘာမှမကျွမ်းကျင်ရင်တောင်. . ယောက္ခမကြီး JVC ကို ပိုင်အောင်ပြင်နိုင်မှဖြစ်မယ်. .”

“ဘာ!. . ဘာ!. . ကြည့်စမ်း. . ကောင်စုတ်. .”

“အဟတ်ဟတ်. . ဟတ်. . ညကျရင် ဖါလူဒါ အစသောက်



www.burmeseclassic.com

www.burmeseclassic.com



မှာနော်. . ”

“သွား. . မသိဘူး. . ”

နောက်ပြောင်ရင်း ပြေးထွက်သွားသော မင်းခန့်အား. . ကြည့်နူးဆွတ်ပျံ့စွာ အရှက်သည်းနေသည့် ခင်မေစီမျက်နှာလေးကို ဘလှိုင်ငေးကြည့်ပြီး. . ရင်ထဲနင့်နေအောင် ခံစားသွားရသည်။

ထိုမျက်နှာလေး သူ့ဘက်လှည့်လာပြီး သူ့ကိုမြင်သွား၍. . ချက်ချင်းတည်သလိုဖြစ်သွားတာကပင် ပို၍နာကျင်ရသလားဆိုတာ ဘလှိုင်အပြင် မည်သူမျှပိုသိနိုင်မည် မထင်ပါချေ။

၅ ၅ ၅ ၅





တစ်ရက်တော့ ဘလှိုင်မြိုသိပ်မထားနိုင်တော့ဘဲ မင်းခန့်အား တိုက်ရိုက်မေးမြန်းလာခဲ့သည်။ ထိုနေ့က ဘလှိုင်တို့သုံးယောက် နောက်ဆုံးနှစ်သင်တန်း စတင်တက်ရောက်သောနေ့ ဖြစ်သည်။

ခင်မေစီ သင်တန်းစတင်တက်ရောက်သောနေ့ ဖြစ်သည်။ ခင်မေစီ သင်တန်းခန်းထဲဝင်သွားမှ ဘလှိုင်ပြန်ထွက်လာကာ မင်းခန့်တို့ သင်တန်းခန်းသို့ ရောက်လာခဲ့ခြင်းဖြစ်သည်။

နေဝင်စအချိန် အေးမြသောလေနုက. . ကော်ရစ်တာပေါ် ဒန်မှုန်ကြီးစီးဝင်နေသော်လည်း. . ကော်ရစ်တာကိုလက်ထောက်၍ ရပ်နေသည့် ဘလှိုင်၏မျက်နှာက အေးမသွား။

“မင်းမျက်နှာလည်း မကောင်းပါလားသူငယ်ချင်း. . ”

“ဘယ်လိုလုပ် ကောင်းနိုင်မှာလည်းကွာ၊ ခင်မေစီကငါ့ဆို အလိုလိုကို မုန်းနေလား မပြောတတ်ပါဘူး. . ”



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . မဟုတ်တာ ဘလှိုင်ရာ၊ သူ မင်းကိုခင်ပါတယ်ကွ"

ဘလှိုင်. . ခေါင်းကိုခါရမ်းလျှက် ရင်ထဲမအေးစွာ လှည့်ကြည့်သည်။

"မင်း သူနဲ့ရည်စားဖြစ်နေပြီလား. . မင်းခန့်. . "

"ဟေ. . နေ. . နေပါဦး. . ဒီစကားကို မင်းဘာလို့မေးတာလဲ. . "

"ငါ သူ့ကိုချစ်နေလို့ပေါ့ကွ. . မင်းမသိဘူးလား. . "

မင်းခန့် ပင့်သက်ခိုးရှိုက်ကာ ငြိမ်သွားသည်။

သို့သော်လည်း ခေါင်းကိုရမ်းခါပြရင်း. . .

"ငါတို့. . သိပ်ခင်တဲ့သူငယ်ချင်းအဆင့်ပဲ ရှိပါသေးတယ် ဘလှိုင်. . "

"ဟင်. . မင်း. . မင်းတကယ်ပြောတာလား. . "

"ငါ လိမ်ဖူးလို့လား. . "

"ဟား. . တော်ပါသေးရဲ့ကွာ၊ ငါတော့ လွမ်းပြီမှတ်နေတာ၊ အိုခေကွာ. . ငါ သိချင်တာအဲ့ဒါပဲ၊ ငါ သူ့ကိုသိပ်ချစ်တယ် မင်းခန့်၊ သူ့ကို တစ်ယောက်ယောက်ပိုင်ဆိုင်သွားမှာ. . ငါ အရမ်းကြောက်တယ်၊ သေမှာထက်ကို ပိုကြောက်တယ်ကွာ. . တကယ်ပြောတာ"

ယခုမှပဲ. . ရွှင်ရွှင်ပျပျဖြစ်သွားသော ဘလှိုင်ကိုကြည့်ပြီး မင်းခန့်လည်း အီလည်လည်နှင့် ပျော်ရသည်။ သူကော ခင်မေစီအတွက် စိုးရိမ်တာမျိုး မရှိလို့လား. . ။ ထိုမေးခွန်းက သူကိုယ်တိုင်မေ့ထားသော မေးခွန်းလည်းဖြစ်သည်။





သူ့မှာ ကျောင်းပြီးလျှင် မိသားစုအတွက် အဖေ့ကို ကူညီပေးရမည့်ဝတ္တရားတွေက ရှိနေသည်။ မောင်နှမလေးယောက်ထဲမှာ အငယ်ဆုံးညီမလေးက ဒီနှစ်မှ သုံးတန်းစတက်မည်။ အဖေ့အသက် (၆၀)ပြည့်တော့မည်။ ထို့ကြောင့် အချစ်ရေးထက်. . ဘဝရေးက အသက်ရှူမဝအောင် ရှိနေသဖြင့် ခင်မေစီဘက်က ရေလာမြောင်းပေး စကားလေးခင်း. . နှလုံးသားလမ်းလေး ရှင်းပေးနေတာတောင် မဝင်ရဲ. . မပြောရဲ. . ။

"မင်းခန့်. . "

အတွေးထဲနစ်သွားတုန်း. . ဘလှိုင် ပခုံးလှမ်းဖက်ပြီး ခေါ်သဖြင့် အတွေးပြတ်ကာ လှည့်ကြည့်သည်။

"ခင်မေစီအတွက် ငါအစိုးရိမ်ဆုံးက မင်းပဲကွာ၊ အဲ့သလိုပြောလို့ စိတ်မဆိုးပါနဲ့. . . ငါက ရိုးရိုးရှင်းရှင်းသမားမို့လို့ ဒီလိုပဲပြောရမှာ. . ၊ မင်း ငါ့အတွက် ရှောင်ပေးပါလား သူငယ်ချင်းရာ. . ၊ ငါ မင်းကျေးဇူးကို သေသည်အထိ မမေ့ပါဘူး. . "

သည်တစ်ကြိမ်တော့ မင်းခန့် ဟန်မဆောင်နိုင်လောက်အောင် အားငယ်ကာသွားသည်။ အမှန်တော့. . . ဘလှိုင်နှင့် ပတ်သက်လာလျှင် မင်းခန့်အတွက် လွန်ဆန်ရခက်လှသည်။ ချို့တဲ့သော မိသားစုဘဝနှင့် ETEC တက်နေရသောကာလတွင်. . ကျောင်းဝင်ကြေး၊ သင်တန်းကြေး၊ စာရွက်စာတန်းကြေးလိုအပ်ချက်တစ်ချို့အား ဘလှိုင်၏ ကူညီပံ့ပိုးမှုနှင့် မကင်းချင်. . . ။

အယုတ်စွဆုံး ကျောင်းအသွားအပြန် ကားခပေးလျှင်. .



www.burmeseclassic.com

www.burmeseclassic.com



ဘလှိုင်က ကျခံပေးသည်က များသည်။ အတန်းလစ်ပြီး ကန်တော်ကြီးဘက် စားသောက်ဆိုင်များဆီသွားတိုင်းလည်း ဘလှိုင်ပဲဒကာခံတတ်သည်။

ဒီနေ့တောင် ဘောပင်မှင်ကုန်နေ၍ ဘလှိုင်က. . သူ၏ဘီအိုင်စီဘောပင်အကောင်းစားကို ပေးထားသည်။

"ဘယ်လိုလဲ သူငယ်ချင်း၊ မင်းရှောင်ပေးနိုင်မယ်မဟုတ်လား. ."

နောက်ဆုံးတော့ မင်းခန့်ဘယ်လိုမှ မငြင်းနိုင်တော့ဘဲ. . 'အေးပါကွာ'ဟု အသံလေးလေးကြီးနှင့် ကတိပေးလိုက်ရတော့၏။

မင်းခန့်ဆီက ကတိစကားရပြီးဖြစ်သောကြောင့် ဘလှိုင်စိတ်အေးကာ ခင်မေစီအချစ်ကိုရယူဖို့ စတင်လေတော့သည်။

သို့သော်. . သူ၏ကြိုးပမ်းမှုက တစ်လပင်မစွန်းတတ်သေး ထိုနေ့က ဘလှိုင်၏အဘိုးအဘွားများ မြေးကိုတွေ့ချင်လှသည်ဆို၍ အောင်လံမှရောက်လာခဲ့ကြသဖြင့် ကျောင်းတစ်ရက် ဖျက်လိုက်ရသည်။ နောက်တစ်နေ့မနက် သင်ခန်းစာတွေကူးဖို့ ခင်မေစီတို့အိမ်ရောက်သွားချိန်မှာပင်. . ဘလှိုင်အသည်းကွဲတော့သည်။ မျက်ရည်လည်ရွဲနှင့် မြင်နေရသော ခင်မေစီ၏မိခင်ကို. . မဝံ့မရဲမေးကြည့်သည်။

"ဘယ်လိုဖြစ်ရတာလည်းအဒေါ်ရယ်. ."

"မင်းသူငယ်ချင်းလေ. . မင်းခန့်နဲ့ လိုက်ပြေးသွားပြီ ထင်တာပဲ. . ညကပြန်မလာကြဘူး. . ဟင့်အင့်ရှုတ်. ."





"ဟာ!. . ."

ထိုစဉ် ဦးသာစီ ဒေါသတကြီး အိမ်ပေါ်ကဆင်းလာပြီး. .

"ဘာ. . ဟာ. . လဲ. . ဘာဟာလဲ. . မင်းတို့တွေ တပူးတတွဲတွဲနေနေတာ. . မင်းမသိဘဲနေမလား၊ ဟော့ကောင်ပြောစမ်း သူတို့ဘယ်မှာလဲ. ."

"ဟာ. . ဘုရားပေးပေး ကျမ်းပေးပေးပါ ဦးလေးရယ်. . ကျွန်တော်တကယ်မသိတာပါ. ."

"ဟော့ကောင် မင်းမှန်မှန်ပြောနော်၊ ငါ့သမီးကို ဖြားယောင်းသွေးဆောင်မှုနဲ့ မင်းတို့နှစ်ယောက်စလုံးကို ဖမ်းခိုင်းမယ်ကွ. . . နားလည်လား. ."

"ဦးလေးလုပ်ချင်တာ လုပ်ပါတော့ဗျာ. . ကျွန်တော်မသိတာအမှန်ပါပဲ. .၊ အခုလည်း မနေ့ကကျောင်းမတက်လို့ လွတ်သွားတဲ့စာကို လာကူးတာပါ. ."

ထိုနေ့က ထိုမျှနှင့်ပြီးရသော်လည်း တစ်လခန့်ကြာမှ မင်းခန့်လှမ်းရေးလိုက်သော စာတစ်စောင်ကြောင့် တစ်သက်လုံးမပြီးနိုင်လောက်သော နာကျင်ခံပြင်းမှုတွေကို လက်ခံလိုက်ရတော့၏။

သူငယ်ချင်းဘလှိုင်. .

ငါ ကတိပျက်သလို ဖြစ်သွားတဲ့အတွက် တောင်းပန်ပါတယ်. . တကယ်တော့ ငါလည်းခင်မေစီကို အသက်တစ်မျှ ချစ်ခဲ့မိတာပါ၊ မင်းကတိတောင်းတဲ့အချိန်မှာ. . ငါ ရင်အကွဲခံပြီး ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ညိတ်နိုင်ပေမယ့် ခင်မေစီရဲ့မျက်ရည်ကိုတော့ ခံနိုင်ရည်မရှိဘူးကွ၊ အခုကိစ္စလည်း ငါ့ဘက်ကမင်းကို တမင်သစ္စာဖောက်တာ မဟုတ်ပါဘူး၊ ခင်မေစီဘက်က အခက်အခဲတစ်ခုကြောင့်. . ဒီလိုဆုံးဖြတ်လိုက်ရတာပါ. .၊ ဘာအခက်အခဲလည်းဆိုတာ. . ခင်မေစီတို့အိမ် မင်းစုံစမ်းရင်သိမှာပါ. . မင်းနားလည်နိုင်မှာပါ. . ငါတို့ အဆင်ပြေကြပါတယ်. .

ခင်မင်စွာဖြင့်. .

မင်းခန့်. . .

စာကိုဖတ်ပြီး ဘလှိုင်ရင်ထဲ ဓါးအစင်းစင်းတို့ ထိုးဖောက်မွှေနောက်သလို ခံစားသွားရသည်။ တစ်သက်လုံးမကျေဘူး မင်းခန့်ဆိုသော အမျက်ကြုံးဝါးသံအား. . အံကြိတ်မြည်တမ်းရုံသာ တတ်နိုင်ပြီး. . အရာရာအားလုံး နာကျင်ကြေကွဲစွာ ပြောင်းလဲခဲ့ရသည်။

မင်းခန့်နှင့်ပတ်သက်၍ ဘာကိုမျှနားမလည်ချင်. . ခွင့်လွှတ်ချင်စိတ် မရှိတော့သဖြင့်. . . ကျောင်းပြီးသည်နှင့် နယ်ဘက်ဆောက်လုပ်ရေးလုပ်ငန်းတာဝန်များနှင့်သာ အချိန်ကုန်စေခဲ့ သည်။ မိဘများသဘောတူသော မန္တလေးသူ. . သူဌေးသမီး သန်သန်းဆင့်နှင့်လက်ထပ်ပြီး အရာရာကို အချိန်ကာလစီးမျှောမှုထဲ နေသားကျအောင် ကြိုးစားလာခဲ့သည်။ ဤသို့ဖြင့် အနှစ်သုံးဆယ်နီးပါး ကြာသွားသည်။

သူလည်း လခစားဝန်ထမ်းဘဝမှ ဆောက်လုပ်ရေးကုမ္ပဏီ





ကြီးတစ်ခု၏ ဒုတိယအကြီးဆုံးပုဂ္ဂိုလ် ဖြစ်ခဲ့သည်။ သမီးလေး. . ရွှာသွန်းဖြိုးပင်လျှင် အသက်အစိတ်ပြည့်တော့မည်။ ဒီနေ့မှ မင်းခန့်က. . မဟုတ်ဘူး. . မင်းခန့်ပုံရိပ်က သူ့ရှေ့မှာတိုက်ဆိုင်စွာ ပေါ်ပေါက်လာခဲ့သည်။

ဦးဘလှိုင် သက်ပြင်းမောကြီး မှုတ်ချပြီး လေသာဆောင်မှ ခွာကာ သူ၏အလုပ်စားပွဲဆီ လျှောက်လာရင်း တွေးမိသည်မှာ. .

လူတူတာလည်းဖြစ်နိုင်တာပဲလေ. . မင်းခန့်နဲ့တူလို့ မင်းခန့်သားတော့ မဖြစ်နိုင်ပါဘူး။ ဒါပေမယ့်. . စုံစမ်းကြည့်ရင်ကော. .။


ဟာ. . ဘာလုပ်မှာလည်းကွာ. . ပြီးခဲ့ပြီပဲ. .။





www.burmeseclassic.com

www.burmeseclassic.com








# အခန်း(၅)

မန် ယူပွဲဖြစ်သောကြောင့် မြတ်ထူးအားခဲပြီး ထိုင်ကြည့်နေရသော်လည်း ဒီတီဗီကိုကြည့်မိတိုင်း မြတ်ထူးစိတ်ထဲ တစ်ခုခုကြီးခုနေသလိုကို ခံစားနေရသည်။ ရဲရင့်လာပြင်ပေး၍ ကောင်းသွားကာမှ ရှေ့တန်းကစားကွက်ထဲ သဲသဲမဲမဲ ထိုးဖောက်ဂိုးသွင်းနေသော ချွန်းနီကိုပဲ ရဲရင့်လို့ မျက်လုံးထဲမြင်မြင်လာသည်။

တစ်ခါတစ်ခါ. . . ကစားကွက်ခင်းပေးပြီး ဘောလုံးကို



www.burmeseclassic.com

www.burmeseclassic.com



ဖက်ရွက်ကလေးတစ်ရွက်လို ယူယူသွားတတ်သော ဗန်ပါစီလေးပင် ရဲရင့် ဖြစ်နေသည်။ (သွားပြီ. . ငါသွားပြီ. . )

မြတ်ထူး ရှူးချင်နှမ်းချင်စိတ်နှင့် တီဗီပိတ်ပစ်ကာ. . ဘာသာမကျေမနပ်ဖြစ်ပြီး အိမ်ထဲကထွက်လာသည်။ ည(၂)နာရီပွဲဖြစ်၍ ဘောလုံးပွဲဆက်မကြည့်ဘဲ အပြင်ထွက်လာတော့လည်း လူခြေတိတ်ကာ အားလုံးအိပ်မောကျချိန် ဖြစ်သောကြောင့် တစ်ယောက်တည်း ငေါက်တောက်ငေါက်တောက်နှင့် အဆင်မပြေ. . ။

"ဝေါင်း!. . "

"သောက်ခွေးဟ. . "

"ဝေါင်း!. . ဝေါင်း!. . "

ဘေးခြံက ဦးဇာနည်အိမ်ထဲ မွေးထားသော အယ်ဖေးရှင်းခွေးကြီး ခြံတံခါးမှာ ပဒပ်ရပ်ပြီး ထိုးဟောင်သဖြင့် မြတ်ထူး လန့်ကာ နောက်ပြန်လှည့်လာခဲ့သည်။ (ဟူး!. . လမ်းလျှောက်လည်း အဆင်မပြေပါဘူးကွာ. . ပြန်အိပ်တာပဲကောင်းတယ်. . )

မြတ်ထူး ကိုယ့်ခြံထဲ ကိုယ်ပြန်ဝင်ပြီး တံခါးကိုသေချာသော့ခတ်လိုက်သည်။ ထိုအခိုက် ရပ်ကွက်ထဲ ညကင်းလှည့်သောလုံခြုံရေးဝန်ထမ်းနှစ်ယောက် ခြံရှေ့ကဖြတ်လျှောက်ကြသည်။ ဟိုဘက်ခြံက ကောင်ကြီး ခြံတံခါးမှာ ပဒပ်ရပ်ပြီး ဟောင်ပြန်သည်။

"ဝေါင်း!. . ဝေါင်း!. . "

လှမ်းကြည့်လိုက်တော့ အယ်ဖေးရှင်းက ခြံတံခါးသံဘောင်ပေါ် ရှေ့လက်နှစ်ဖက်တင်ပြီး ရပ်ဟောင်သဖြင့် သူ့ပုံစံနှင့် ခပ်ဆင်





ဆင်ဖြစ်ကာ. . တံခါးပေါ်ရှိနေသောသူ့လက်တွေကို ကဗျာကသီပြန်ရုတ်သိမ်းမိသည်။ လုံခြုံရေးတွေစိတ်ထဲ ဒီဘက်ခြံကကောင်က ပဒပ်ရပ်ပေမယ့် မဟောင်ဘူးဟု ထင်သွားပြီလားမသိ။

မြတ်ထူး ကိုယ့်စိတ်နှင့်ကိုယ်. . ဒုရင်ကောက်လိုလို. . ငှတလင်းချိပ်လိုလို ဖြစ်နေပြီး ဆင်ဝင်အောက်က ဒါန်းလွှဲပေါ်ဝင်အိပ်၍ လက်တင်တန်းပေါ် ခေါင်းတင်ထားလိုက်သည်။ ကျောခင်းလိုက်မှ တစ်နေကုန်ပင်ပန်းထားမှုတို့ ညို့ပြီးတက်လာကာ အားပါးတရ သမ်းဝေပစ်လိုက်သည်။

"ဝါး!. . ဟား!. . "

ထိုစဉ်မှာပင် ခြင်တစ်ကောင်က ပါးစပ်ပေါက်ထဲတိုးဝင်ကာသွားသည်။

"အု!. . ခပ်!. . ဝေါ့!. . အော့!. . ထွီ!. . "

မြတ်ထူး ချက်ချင်းထထိုင်ကာ ထွေးထုတ်ပစ်သည်။

ဒီလောက်ဆို ခြင်မသား တံထွေးလုံးကြားမှာ စုတ်ပြတ်ပါသွားလောက်သည်။ သို့သော် စိတ်မှာကျန်နေသဖြင့် အကြိမ်ကြိမ်ချောင်းဟန့်ကာ ထွေးထုတ်သည်။ ထွေးရင်းအန်ရင်း စိတ်ထဲတွေးမိသည်။ ခြင်ဆိုတဲ့အကောင်ရဲ့ တွေ့မရှောင်စရိုက်ကိုမြင်ပြီး အန်ချင်တိုင်း အန်ပစ်သည်။

ဒီကောင် ငါ့ပါးစပ်ကို ရှော့ပင်းမောများ မှတ်နေလား. . ။

"ဝေါ့!. . အော့!. . ခပ်!. . ဝေါ့!. . "

တံခါးဖွင့်သံကြားရပြီး. . မကြာခင် သူ့ဖခင် ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"မြတ်ထူး. . မင်းအရက်သောက်ထားလား. ."

"ဗျာ!. ."

"တောက်!. . ငါမကြိုက်တဲ့အလုပ်ကို မင်းလုပ်တယ်ပေါ့"

"ဟာ!. . အဖေ. ."

"တော်ပြီ. . မင်းကို ဒီပုံစံနဲ့ကုမ္ပဏီအပ်ထားရင် ကုန်မှာပဲ. . မနက်ဖြန်ကစပြီး ငါပြန်ပြီးရုံးထိုင်မယ်. ."

"အဖေ. ."

"ထပ်မပြောနဲ့. . မင်း အိမ်ထဲမဝင်နဲ့၊ ငမူးငရူးဆိုတာ. . ဒီလိုပဲ ကြုံရာအိပ်ရတယ်. ."

"အဖေ. . အဖေ. ."

ဖခင်ဖြစ်သူ အိမ်တံခါးဆောင့်ပိတ်ပြီး ချက်ထိုးလိုက်သံကြားရတော့မှ. . မြတ်ထူး အတော်ကြေကြေကွဲကွဲ ပြန်ထိုင်ချလိုက်သည်။ စောစောက အဖေရောက်လာ၍ သူထရပ်သဖြင့် ဒါန်းလွှဲက ရှေ့နောက်လှုပ်ကာ လွှဲသလိုဖြစ်သွားသည်။ ယခု သူပြန်ထိုင်တော့ ထိုင်တဲ့အချိန် ဒန်းလွှဲကအနောက်ကို ရွေ့တဲ့အချိန် အစွန်အဖျားနား လောက်သာ ထိုင်မိကာ. . ချော်ပြီး သူထွေးထုတ်ထားသော တံထွေးခွက်ပေါ် ဖင်ထိုင်ကျသွားလေတော့၏။

"ဗျစ်!. ."

၅ ၅ ၅ ၅





"ကျုပ်ဟာ အဆင်မပြေတော့ဘူးဆိုရင် ဘာလုပ်လုပ်ကို မပြေတော့တာ. ."

မြတ်ထူး၏စကားကိုရော. . မြတ်ထူး၏အမူအရာကိုပါ သူမဘာမှနားမလည်သလို ပြူးကြောင်ကြောင်လေးကြည့်ပြီး အလုပ်မရှိအလုပ်ရှာကာ ကော်ဖီခွက်ကိုလှည့်ကာ ဆော့ကစားနေမိသည်။

ဒီမနက် သူမကားလေး FMI ဂိတ်ကထွက်တော့ ဂိတ်ဝမှာ ယောင်နနရပ်နေသော မြတ်ထူးကိုတွေ့၍ ကားရပ်ပြီးမေးရာမှ. . ငါလိုက်ခဲ့ချင်တယ်ဟုပြောသဖြင့် ခေါ်တင်လာခြင်းဖြစ်သည်။

ကုမ္ပဏီရုံးကိုရောက်တော့ ရဲရင့်နှင့် ရုံးရှေ့က ကော်ဖီဘားမှာချိန်းထားသောကိစ္စ သတိရကာ. . မြတ်ထူးကိုလည်း ဧည့်ခံရင်းထိုင်နေကြခြင်း ဖြစ်လေသည်။

"နင်. . အခု ဘာတွေပြောနေတာလဲ. . မြတ်ထူး. ."



www.burmeseclassic.com

www.burmeseclassic.com



"ဟမ်!. ."

"ဟုတ်တယ်. . နင်တစ်လမ်းလုံး ညည်းတွားလာတာ၊ အခု လည်း ညည်းနေတုန်းပဲ၊ ငါသိချင်တာ. . နင်ဘာဖြစ်နေတာလဲ. ."

မြတ်ထူး မျက်လုံးပြူးကြီးနဲ့ ပြန်ကြည့်ပြီး ခေါင်းတွေကုတ် ပစ်သည်။

ပြီးမှ. . ညက ခြင်တစ်ကောင်ကြောင့် သားအဖနှစ်ယောက် ကြား အထင်လွဲသွားသော ဒုက္ခမှအစချီ၍ ပြောတော့သည်။ အဲ့ဒီ ရှေ့က ခံစားမှုတစ်ချို့ကိုတော့ လျှို့ဝှက်ထားပါသည်။

"မနက်လင်းတော့. . စိတ်ညစ်ညစ်နဲ့ ထွက်မယ်လုပ်တာ ကားသော့က. . အိမ်ထဲမှာ၊ အဲ့ဒါနဲ့ ဂိတ်ဘက်လမ်းလျှောက်လာတာ ဇီဇဝါ(၁)လမ်းထိပ်ရောက်တော့. . လူတစ်ယောက် ကားရပ်ပြီး ငါ့ကို မေးတယ်၊ အိုးလေးဘိန်းမုန့်ဆိုင် ဘယ်နားလောက်မှာ ရှိနိုင်မလဲတဲ့ သူရှာတာ တစ်ဝင်းလုံးနှံ့နေပြီတဲ့. ."

"ခစ်ခစ်ခစ်. . နင်ဘာပြောလိုက်လဲ. ."

"ငါတို့အိမ်ဘေးက ဦးဇာနည်အိမ်မှာ ရောင်းတယ်လို့ ညွှန် လိုက်တယ်. ."

"ဟင်. . တကယ်သွားဝယ်နေရင် ဘယ်လိုလုပ်မလဲ. ."

"ခွေးကြီးမြင်တာနဲ့ လန့်ပြေးမှာ. ."

"အဟင်းဟင်း. . နင်လည်း နောက်တတ်တာပဲ. ."

"နောက်တာမဟုတ်ဘူး. . ကိုယ်ဘာသာတောင် ဂေါက်ချင် သလိုဖြစ်နေတာ. .၊ အဲ့ဒါနဲ့ ငါဆက်လျှောက်လာတော့. . နင်တို့





(၄)လမ်းထိပ်မှာ ခွေးချေးတက်နင်းမိတယ်. ."

"အင်း. . အဟိဟိ. ."

"နင် စဉ်းစားကြည့် ဘယ်လောက်ဒေါသဖြစ်ဖို့ကောင်းလဲ၊ ငါတို့ FMI မှာ ခွေးလေခွေးလွင့်မရှိဘူးဆိုတာ နင်လည်းသိတယ်၊ ဒါအိမ်ခွေးလက်ချက်. ."

"ဟွဲ!. . လူရောမဖြစ်နိုင်ဘူးလား. ."

"ဟာ!. . ခွေးလေခွေးလွင့်တောင်မရှိတာ လူလေလူလွင့် ဘယ်မှာရှိမှာလဲ. ."

"မပြောနိုင်ဘူးလေဟယ်. . ရဲရင့်လို မလွယ်နိုင်တော့လို့ သွားပစ်ခဲ့တာဆိုရင်ကော. ."

အရေးထဲမှာ ရဲရင့်က ကန့်လန့်ကန့်လန့် ပါလာပြန်သဖြင့် မြတ်ထူး သူ့နှာခေါင်းကို ဖလူးဖလူးနှင့် မြည်အောင်ပွတ်ထုတ်ပြီး နောလိုသောမျက်လုံးတွေနှင့် မသိမသာကြည့်လိုက်သည်။

ထိုနောက်မှ. .

"ခွေးနံ့နဲ့လူနံ့က အသိသာကြီးပါဟာ. ."

"အခိခိခိ. . နင် အနံ့ခွဲကြည့်သေးတယ်ပေါ့. ."

"အေး. . နည်းနည်းပြင်းတာနဲ့ ပျော့တာ ကွာတယ်၊ ဟာ နင်မနောက်နဲ့ဟာ. . ငါတကယ် ဖီလင်ဖြစ်နေတာ. ."

"အေးပါ. . အေးပါ. . အဟင်းဟင်း အဲဒါနဲ့ဘာဖြစ်လဲ. ."

"ဘာဖြစ်လဲဆိုတော့. . ဒေါ်ပွပြီး ခြေထောက်ထဲက ဖိနပ်ကို တစ်အားလွှဲပြီးလွှတ်ထုတ်လိုက်တာ. . အဲ့ဒီထောင့်ခြံက အမြင်ထွက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး သတင်းစာဖတ်နေတဲ့ ဦးလေးကြီးရဲ့သတင်းစားကို ဘွပ်ခနဲ သွားမှန်တယ်. . ”

“ဟယ်! . . ”

“ငါလည်း. . အသည်းအသန်ကို တောင်းပန်ပါတယ်ဟာ၊ ဒါပေမယ့် ဖိနပ်က သူ့ပေါင်ပေါ်အထိ ကျသွားတော့. . နံကလည်းနံ ဒေါသလည်းဖြစ်ပြီး. . အဲ့ဒီဖိနပ်နဲ့ ငါ့ကိုပြန်ပေါက်တာ သူ့လက်တွေ ပါပေကုန်လို့. . တုတ်ကိုင်ပြီး ခြံပြင်ထွက်လိုက်ပါလေရောလား၊ ငါ့မှာ ပြေးလိုက်ရတာဆိုတာ သူမောပြီးကျန်ခဲ့လို့ပေါ့. . မဟုတ်ရင်လား”

“ဒါဆို. . . နင် ဖိနပ်တောင်ပါမလာဘူးပေါ့. . ”

သူမကမေးရင်း စားပွဲအောက်ကို ချောင်းကြည့်သဖြင့်. . မြတ်ထူးရှက်သွားကာ ခြေထောက်ကို အသာနောက်သို့ခေါက်သွင်းထားပြီး လေသံနှင့်. .

“ပါတယ်. . ငါ ဂိတ်ကလုံခြုံရေးမှူး ဦးတင်မြင့်ဖိနပ် ခဏတောင်းပြီး စီးလာတယ်. . ”

“နင့်ဟယ်. . ”

ခုမှ သူမထံ. . ဂရုဏာသက်သော မျက်ဝန်းတွေနှင့် စိတ်မကောင်းဖြစ်စွာ မြည်တသံလေးကြားရသဖြင့် ဟပ်မြူးလာကာ. .

“ရပါတယ်ဟာ. . ဘဝဆိုတာဒီလိုပဲပေါ့. . ”

ထိုအခါ သူမက. .

“နေပါဦးဟဲ့. . ”

“အင်း. . ”





“နင်နဲ့နင့်အဖေ ဒီလိုပဲ. . မကြာခဏ ပြဿနာတက်နေကြ မဟုတ်လား. . ”

“အင်းလေ. . ”

“အဲ့ဒါ အရင့်အရင် ခုလိုပဲပြဿနာဖြစ်ပြီး အလုပ်နားနေတုန်းကတော့ ဘောလုံးပွဲတောင် အကြည့်မပျက်တဲ့ဟာ ဒီတစ်ခါကျမှ ဘာလို့ဒီလောက်တောင် ဖီလင်တွေတက်နေတာလဲ. . ”

“အေး. . အဲ့ဒါ. . ဟို. . အဲ. . ”

ရွာသွန်းဖြိုး၏မေးခွန်းက လုံးဝမေးခွန်းမလှည့်ဘဲ. . ဒဲ့မေးထားသည့်အတိုင်း မြတ်ထူး ဖြေရခက်သွားသည်။ ရဲရင့်နှင့် အဆင်ပြေသွားမှာကိုစိုးရိမ်လို့ဟုဖြေလျှင် အဖြေမှန်သော်လည်း အမှတ်မရသည့်အဖြေဖြစ်၍. . .

“ဒီလိုပါပဲဟာ. . အရက်သောက်တယ်လို့ စွပ်စွဲတဲ့ကိစ္စက ငါ့ကိုယ်ကျင့်သိက္ခာကိုလည်း ထိခိုက်တယ်ဟ. . ”

“ဟော. . ရဲရင့်လာပြီ. . ”

သူမ အသံလွင်လွင်လေးနှင့်အတူ ကခုန်မြူးတူးသွားသော မျက်လုံးအကြည့်တွေ ပြေးထွက်သွားရာနောက်သို့. . . မြတ်ထူးကယောင်ချောက်ချား လှည့်ကြည့်ပြီး အံ့အားသင့်သွားသည်။

“ဟာ. . ခါတ်ဘူး. . နတ်ရှုးကောင်လည်း ရောက်နေပါလား. . ”

“အေး. . ရောက်တော့ဘာဖြစ်လဲ. . ရဲရင့်. . မွဲသင့်တဲ့အကောင်ရဲ့. . ”



www.burmeseclassic.com

ရဲရင့် ခုံဆွဲပြီးဝင်ထိုင်သောအခါ သူမက. . .

"ဘယ်လိုတွေများ နှုတ်ဆက်ကြပါလိမ့်. . မျက်စိတောင်လည်သွားတယ်. ."

"ကျွန်တော်တို့က ဒီလိုပဲလေ. . ကျောင်းတုန်းကတည်းက နာမည်ပြောင်လေးတွေရထားတာ. . ၊ ကျွန်တော်က အမြဲတမ်း ပိုက်ဆံပြတ်နေတဲ့ကောင်ဆိုတော့. . ရဲရင့်. . မွဲသင့်ပေ့ါ. . သူက"

"ဟေ့. . ဟေ့. . ရဲရင့်. ."

မြတ်ထူး ပြုံးတုံးပြုံတဲ လှမ်းတားသည်။

"ဘာလဲ. . ခါတ်ကခါတ်. . နတ်ကနတ်လေ ဘာဖြစ်လို့လဲ. ."

"ဟာ. . မင်းကွာ. . တော်ပြီ မပြောနဲ့ မင်း ဘာသောက်မလဲ. . ဘာစားမလဲ. ."

"နှုတ်ပိတ်ခပေ့ါ. ."

"ဟုတ်တယ်ကွာ. . လျှာမရှည်နဲ့ မှာစရာရှိတာမှာ. ."

ရွှာသွန်းဖြိုးနှင့်ရဲရင့်တို့ အပြန်အလှန်ကြည့်ကာ ပြုံးကြ၍ မြတ်ထူး နည်းနည်းရှက်သွားကာ. . သူ့ဘာသာ သက်ာရှင်းတော့သည်။

"ဘာမှမဟုတ်ဘူး. . သွန်းဖြိုး၊ ကျောင်းမှာတုန်းက ငါက နတ်ကတော်တွေ ခါတ်ရိုက်ခါတ်ဆင်. . ဗေဒင်တွေအကြောင်း ပြောပြောပြီး နောက်တတ်တယ်၊ အဲ့ဒါကြောင့် ဟုတ်တယ်မဟုတ်လား ရဲရင့်. ."





"အေးပါ. . . သူငယ်ချင်းအရင်းကြီးဆိုတော့ ဟုတ်တပ်ပေးရတော့မှာပေ့ါ. ."

ပြောပြီးရယ်ကြသည်။ ဖုံလေပေါ်လေ ဖြစ်မှာစိုး၍ မြတ်ထူး ဆက်မဖုံးတော့ပဲ ဒီအတိုင်းပိတ်ထားလိုက်လေသည်။

ရဲရင့်က. . ကော်ဖီခါးခါးတစ်ခွက် မှာကာသောက်သည်။

"နေပါဦး. . မင်းတို့က ဒီမှာချိန်းထားကြတာလား. ."

"ဟုတ်တယ်. . ငါ့အလုပ်ကတော့ ပြီးသွားပြီ၊ ဒါပေမယ့် ရွှာသွန်းဖြိုးက နောက်ထပ်အလုပ်ကိစ္စတစ်ခု ဆွေးနွေးစရာရှိတယ်ဆိုလို့. ."

မြတ်ထူးက မျက်နှာလေးရှုံ့၍ သူမကိုလှည့်ကြည့်ပြီး. . .

"ဘာအလုပ်လဲ သွန်းဖြိုး. ."

"သြော်. . နင့်ကိုတောင် ပြောသေးတယ်လေ၊ ကုမ္ပဏီက တီဗီကိုပြင်ဖို့ဆိုတာ. . အဲ့ဒါလုပ်ရင်း ငါ့ဆက်ရှင်အတွက် နက်ဝပ်ချိတ်တာပါ၊ ဖေဖေက တစ်လက်စတည်းလုပ်ခိုင်းလို့ လုပ်ပေးတာ"

"သြော်. . . အင်း. . ဒီကောင်က အဲ့ဒါတော့ကျွမ်းတယ်၊ အခု အဆင်ပြေသွားပြီလား. ."

"ပြေလို့ ဖေဖေက သူ့ကိုသဘောကျပြီး ငါ့ဆက်ရှင်အတွက် အမြဲတမ်းမဂ္ဂင်းနစ် ခန့်ထားဖို့လိုမယ်လို့တွေးပြီး သူ့သဘောထားကို ယူခိုင်းတာ၊ အခုချိန်းတဲ့ကိစ္စလည်း အဲ့ဒါပဲ. ."

မြတ်ထူး 'သြော်'ဟု မြည်တမ်းသော်လည်း. . ထို'သြော်' က အတော့်ကိုမသက်မသာ သြော်မိကြောင်း သူ့ဘာသာသိလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အချိန်တိုတိုကလေးအတွင်းမှာ ရဲရင့်နှင့်ရွာသွန်းဖြိုးတို့ ဤမျှရင်းနှီးသွားကြပြီး. . သူမနှင့်တစ်ဆက်ရှင်တည်း အလုပ်အတူတူလုပ်ဖို့အထိ အခြေအနေပေးလာခြင်းက. . သူ၏နှလုံးသားခြံစည်းရိုးများ အချိန်မရွေး ပေါက်ပြဲစုတ်ပြတ်သွားနိုင်သည် မဟုတ်လား. . ။

ထိုနောက်. . ချိန်းဆိုထားမှုကိစ္စ သူမစကားထဲမှာ အပြည့်အစုံပါနေပြီးဖြစ်၍ သူမနှင့်ရဲရင့်တို့ အလုပ်ကိစ္စဆက်၍ ဆွေးနွေးကြသည်။ သိပ်မကြာပါ. . ရဲရင့်က စကားနှစ်ခွန်းလောက်နှင့်ပင် အလုပ်ဝင်ဖို့ သဘောတူလိုက်ပြီဖြစ်၍ မြတ်ထူးရင်ထဲ နင့်ကွဲကွဲကြီး ဖြစ်ကာသွားတော့၏။

"ကဲ. . ဒါဆိုလည်းကျွန်မ ရုံးပေါ်တက်တော့မယ်၊ ကိုရဲရင့်ဘက်ကအဆင်သင့်ဖြစ်ရင် ဖေဖေနဲ့လာတွေ့လိုက်လေ. . "

"ဟုတ်ကဲ့ဗျာ. . ကျေးဇူးတင်ပါတယ်. . "

"သွားပြီနော်. . ဟဲ့!. . မြတ်ထူး ငါသွားပြီ. . "

"အေး. . အေး. . "

ရွာသွန်းဖြိုးထွက်သွားတော့မှ မြတ်ထူးက. . .

"ဟေ့ကောင်. . မင်း. . ဘယ်လိုလုပ်လိုက်တာလဲ"

"ဘာကိုလဲ. . "

မြတ်ထူး ရင်ဘတ်၏ဆန္ဒနှင့် မူးပြီးမေးမိမှန်း မေးပြီးမှသိ၍ ယောင်နနအမူအရာနှင့် လက်ခါပြလိုက်သည်။

"ဘာ. . ဘာမှမဟုတ်ပါဘူးကွာ၊ ငါ့ဘာသာ အဆင်မပြေမှုတွေနဲ့ ရောပြီးမေးမိတာ. . "





ဒါပေမယ့်. . ရဲရင့် သဘောပေါက်ပါသည်။ ထို့ကြောင့်. . ပြုံးလျှက်. .

"မင်းကောင်မလေးအတွက် စိုးရိမ်နေတယ်မဟုတ်လား"

မြတ်ထူး မျက်လုံးတွေကျယ်လာကာ လှည့်ကြည့်သည်။

"ငါပြောတာ ဟုတ်ရဲ့လား. . "

မြတ်ထူးမငြင်းတော့ပါ. . ။

"စိတ်ချပါလို့. . ငါမပြောရဲတာ အမှန်ပဲသူငယ်ချင်း. . "

"ဟင်!. . "

မြတ်ထူးရင်ထဲက ဘင်သံထွက်သွားသည်။ သူကလွဲလို့ ဘယ်သူမှမကြားပါ။ သို့သော်. . . သူ့ဘင်သံနှင့်သူ မခံနိုင်ဖြစ်ကာ ရဲရင့်၏လက်ကောက်ဝတ်နေရာကို ခပ်တင်းတင်းလှမ်းဆုပ်ကိုင်လိုက်သည်။

မျက်နှာတစ်ခုလုံးလည်း ချုပ်ရိုးတွေပြုတ်ထွက်တော့မည့်နှယ်. . ။

"ရွာသွန်းဖြိုးက. . ငါ့ရဲ့ရည်ရွယ်သူဆိုတာ မင်းသိပြီးသားနော်. . ရဲရင့်. . "

"ဟုတ်တယ်လေ. . "

"အေး. . သိရက်နဲ့ သူငယ်ချင်းအချင်းချင်း သစ္စာမဲ့ရင်တော့ မင်းကိုငါ ခွင့်မလွှတ်ဘူး. . ရဲရင့်. . "

ပြောပြီး ရဲရင့်လက်ကို တွန်းလွှတ်. . လွှတ်လိုက်သည်။ ထိုအချိန်အထိ ရဲရင့်အပြုံးမပျက်ပါ။ မြတ်ထူး ဆုပ်ညှစ်ထားသော



www.burmeseclassic.com

www.burmeseclassic.com



နေရာကို လက်တစ်ဖက်က အသာပွတ်ချေရင်း. . ။

"အမေလည်း ငါ့ကိုတစ်ခါပြောဖူးတယ်၊ သားလေး. . ချစ်သူထားတော့မယ်ဆိုရင် သူငယ်ချင်းတွေနဲ့မပတ်သက်တဲ့ချစ်သူကိုပဲထားပါတဲ့. . ၊ မင်းအဖေဟာ အချစ်ကြောင့် အရမ်းခင်တဲ့သူငယ်ချင်းကို ဆုံးရှုံးခဲ့ရဖူးတယ်တဲ့၊ ဒါပေမယ့်. . မင်းအဖေက သစ္စာဖောက်တာမဟုတ်ဘူးတဲ့. . အမေကိုယ်တိုင်က မင်းအဖေကို တန်းတန်းစွဲချစ်ခဲ့မိလို့ သူငယ်ချင်းပေါ်မှာ သူသစ္စာမဲ့သလို ဖြစ်သွားတာတဲ့ကွ. . ၊

ဒါပေမယ့် အမေကပြောတယ် မင်းအဖေရဲ့ သူငယ်ချင်းနှစ်ယောက် ဘယ်လိုပဲ သဘောထားရှိပစေ. . အဲ့ဒီသဘောထားက အမေနဲ့မဆိုင်ဘူးတဲ့. . ၊ အမေက အဲ့ဒီတစ်ယောက်ကို ဟိုတုန်းကလည်း မချစ်ခဲ့သလို အခုလည်းမချစ်ဘူး၊ ဟိုတုန်းကတည်းက အမေချစ်တဲ့ မင်းအဖေကိုပဲ သစ္စာရှိရှိချစ်ခဲ့လို့ အမေ့မှာအပြစ်မရှိဘူးတဲ့၊ လူလူချင်းသာ လူမှုရေးရှိတာ အချစ်မှာ လူမှုရေးမရှိဘူးတဲ့. . ဟ၊

နောက်ဆုံးမှာချင်တာက အားလုံးနဲ့လွတ်ကင်းတဲ့ အချစ်ကိုပဲ ရှာပါလို့ဆိုတယ်. . ၊ ဒါပေမယ့် မင်းစဉ်းစားကြည့်ပါဦး မြတ်ထူးမင်းသမီးရှယ် လီရွှန်မာတနီကို ကမ္ဘာကျော်သန်းကြွယ်သူဌေးကြီးငါးယောက်က တပြိုင်တည်းလိုလို ချစ်ခွင့်ပန်ပြီး လက်ထပ်ခွင့်တောင်းကြတယ်. . ၊ မာတနီ တကယ်ချစ်ပြီး တကယ်လက်ထပ်သွားတာက. . သူမရဲ့အကသင်တဲ့ဆရာ ဂယ်ရီကော့ဖ် ပဲလေကွာ"

"ဒါက. . အဲ့ဒီသူဌေးတွေနဲ့ ဂယ်ရီကော့ဖ်က သူငယ်ချင်း





မှမဟုတ်ပဲကွ. . "

"ဒါပေမယ့် အချစ်ကို လက်ခံတာ ရွေးချယ်တာ မာတနီ
လေ၊ ငါက ဒီကောင့်ထက်ပိုချမ်းသာတယ်. . မင်းအဲ့ဒီကောင်ကို
မကြိုက်နဲ့လို့ တားလို့ရပါ့မလား. . ၊ ဒီကောင်နဲ့ငါနဲ့သူငယ်ချင်း မင်
ဒီကောင့်ကိုချစ်ရင် ဒီကောင်ငါ့ကို သစ္စာဖောက်တာပဲ. . အဲ့ဒီတော့
ငါ့ကိုပဲချစ်လို့ပြောရင် ရနိုင်မလား. . ၊

သေချာတာကတော့ ကိုယ့်နှလုံးသားက သန့်စင်ဖြစ်ထွန်း
လာတဲ့ ချစ်ခြင်းမေတ္တာတရားကို ဘယ်အရာကမှ လွှမ်းမိုးချုပ်ကိုင်
ထားလို့မရနိုင်တာပါပဲ၊ ဒါပေမယ့်. . မင်းကိုငါ ကတိပေးပါတယ်. .
ရှာသွန်းဖြိုးကို ငါ့ဘက်ကစတင်ပြီး ချစ်ခွင့်ပန်တာမျိုး ဘယ်တော့မှ
မလုပ်ဘူးကွာ. . "

မြတ်ထူး သက်ပြင်းကြီးကြီး မှုတ်ထုတ်ပြီး ခေါင်းကိုလည်
ခပ်ကြာကြာ ယမ်းခါပစ်လေသည်။ ပြီးမှ ဘယ်လိုမှမတတ်နိုင်တော့
သောလေသံမျိုးနှင့်. . ။

"အေးလေ. . မင်းဘက်က အဲ့သလောက် စောင့်စည်းပေ
ရင်ပဲ ငါကျေနပ်ပါတယ် တစ်ခုတော့မှားတယ်ကွာ. . "

"ဟော်!. . ဘာမှားပြန်ပြီလဲ. . "

"မင်း. . သူနဲ့ အဲ့သလောက်နီးနီးကပ်ကပ်မနေရင် ပိုပြ
စိတ်ချတာပေါ့ကွာ. . "

"ဒါဆို. . ငါကလွဲလို့ တခြားယောက်ျားလေးတွေနဲ့ဆိုရ
ပြဿနာမရှိဘူးပေါ့. . ဒီလိုလား. . "



www.burmeseclassic.com

www.burmeseclassic.com



မြတ်ထူး မျက်လုံးကျယ်ကြီးတွေနှင့် ကြည့်ပြန်ပါသည်။

ရဲရင့်က ကော်ဖီဘားကောင်တာဆီလျှောက်သွားပြီး ကျသင့်ငွေ ရှင်းလိုက်သည်။

ထို့နောက်. . . မြတ်ထူးကို ပခုံးဖက်ကာ ဆိုင်ထဲကထွက်လာရင်း. . .

"မင်း. . ဘောလုံးပွဲတွေ တအားကြည့်ဖြစ်သလား မြတ်ထူး စိတ်နဲ့လူနဲ့မကပ်တိုင်း မဟုတ်တာတွေ မတွေးနဲ့ကွာ. . "

"သေချာတွေးဖြစ်တာတော့ ငါ့ဘဝမှာတစ်ခါပဲချစ်ဖူးတာ ရွှာသွန်းဖြိုးပဲ ရဲရင့်. . "

"သေကောင်ကျ. . ငါကရော ဘယ်နှစ်ခါချစ်ဖူးလို့လဲ၊ မင်းကားရော. . ဘယ်နားရပ်ထားလဲ. . "

"ငါ့ကားတော့မသိဘူးကွ. . ငါတော့ကားနေပြီ. . "

"ဘာလဲ. . မင်းပါပါကြီးနဲ့ ပြဿနာရှိပြန်ပြီလား. . "

"ဟုတ်တယ်. . ဖိနပ်တောင် ငှါးစီးလာရတာ. . "

"ဒါဆိုလည်း ထုံးစံအတိုင်း ခါတ်ရိုက်ခါတ်ဆင်လေးလုပ်ပြီး နတ်တင်နတ်မြောက်လေး လုပ်လိုက်ပေါ့ကွာ. . ၊ မင်းကြည့်ရတာ ရိုးရာပျောက်နေသလိုပဲ. . "

"ရိုးရာမပျောက်ဘူးဟ. . ဘုံပျောက်နေတာ၊ ထုံးစံအတိုင်း ဒီတစ်ရက်နှစ်ရက် မင်းနဲ့ပဲလိုက်နေမယ် မသာကောင်ရဲ့. . သွားစို့. . "

(သူငယ်ချင်းဆိုတာ ဒါပဲလေ. . အရိုက်ခံရတုန်းတစ်ချက်






အသံပြဲနဲ့ အော်ငိုပြီး. . အငိုတိတ်သွားတော့လည်း ဆော့မြဲဆော့နေတတ်တဲ့ကလေးတွေလို အမှတ်သည်းခြေကိုမရှိတာ. . သူငယ်ချင်း မဟုတ်လား)





www.burmeseclassic.com

www.burmeseclassic.com








# အခန်း(၆)

အဖအမည် . . . ဦးမင်းခန့်

အလုပ်အကိုင်. . . xxxxx

အမျိုးသားမှတ်ပုံတင်အမှတ်

(နိုင်ငံသားအမှတ်). . . xxxxx

လူမျိုး ကိုးကွယ်သည့်ဘာသာ. . . ဗမာ ဗုဒ္ဓ

အမိအမည်. . ဒေါ်ခင်မေစီ



www.burmeseclassic.com

www.burmeseclassic.com



. . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . .

ရဲရင့်၏ CV ဖောင်ကိုဖတ်ပြီး ဦးဘလှိုင်အသက်ရှူဖို့ မေ့သွားသည်။

ဘုရား. . ဘုရား. . ဒီလူ တကယ်ပဲ ငါ့ဆီရောက်လာနေတာပါလား။ ဦးဘလှိုင် ဆက်မဖတ်တော့ဘဲ ဖိုင်ကို စားပွဲပေါ် ချ၍နေရာမှ ထလာခဲ့ပါသည်။ လေသာဆောင်ပေါ်ရောက်မှ အသက်ရှူခြင်းအလုပ်ကို ဖြည်းဖြည်းချင်းလုပ်ယူပြီး မျက်လုံးအစုံကိုလည်း မှိတ်ပစ်ထားလိုက်သည်။

အခုတွေး. . အခုနာကျင်နေသေးသော နှလုံးသားဒဏ်ရာအား မေ့နိုင်အောင်ကြိုးစားကာ ပင့်သက်ပါးပါး ရှိုက်ချသည်။ သူ. . စဉ်းစားရတော့မည်. . အမုန်းဆုံးလူ၏သားကို သူ၏ကုမ္ပဏီမှာအလုပ်ခန့်ထားခြင်းက. . အနည်းဆုံး ကိုယ့်ကိုယ်ကိုယ်မငဲ့ညှာ ရက်စက်ရာကျလွန်းသည်။

ဘာလုပ်သင့်သနည်း။ လူကတော့ လူတော်တစ်ယောက်၊ ပညာအရည်အချင်းနှင့် လုပ်ရည်ကိုင်ရည်ကတော့ အဖေတူသားပီသသည်။

တောက်!. . အဲ့ဒီအဖေ တူနေတာကိုက. . .

"ဖေဖေ. ."

သမီးဖြစ်သူ၏ခေါ်သံမှန်း သိ၍. . ဦးဘလှိုင် အတွေးအားလုံး ချက်ချင်းဖျောက်ပစ်ကာ လှည့်ကြည့်သည်။





"သမီး လာလေ. ."

"ဟုတ်. . ကိုရဲရင့် ဖောင်လာတင်တယ်လို့ ဦးဝင်းနိုင်ပြောလို့ ဖေဖေ့ဆီရောက်လာပြီလား. ."

"အေး. . အစည်းအဝေးရှိလို့ဖေဖေနဲ့တော့ တွေ့မသွားဘူးကွ. . ဖောင်တော့ ဖိုင်ကပ်ပြီးတင်သွားတယ်. ."

"ဟုတ်လား. . ဖေဖေ ဘယ်လိုဆုံးဖြတ်လဲဟင်၊ သူ့ကိုခန့်မှာလား. ."

အသည်းအသန်မဟုတ်လျှင်တောင် လိုအပ်သည်ထက်ပိုပြီးစိတ်ဝင်စားပုံရနေသော သမီးဖြစ်သူအတွက် ဦးဘလှိုင် စိတ်လေးသွားမိသည်။

(ဒီကောင်လေးကို သမီးစိတ်ဝင်စားနေတာများလား. .)

"ဖေဖေ. ."

"ဟေ!. ."

"သမီးမေးတာ ဖြေဦးလေ. ."

"ဩော်. . အင်း. . ဖေဖေစဉ်းစားနေပါတယ်. ."

"ဟင်. . ဖေဖေပဲ သူ့ကိုအလုပ်ခန့်ပေးရင် ကောင်းမလားလို့ ဆန္ဒပြုတာလေ. ."

"ဟုတ်ပါတယ်. . ဒါပေမယ့် သမီးဆက်ရှင်အတွက် အရေးတကြီးမလိုအပ်ဘူးလားလို့ ပြန်သုံးသပ်နေတာပါသမီးရယ်. ."

"ဟာ. . ဖေဖေကလည်း အားလုံးပြောဆိုပြီးမှ. . အားနာစရာတွေ ဖြစ်ကုန်တော့မှာပဲ. ."



www.burmeseclassic.com

www.burmeseclassic.com



"ဟော့. . သမီး၊ ဖေဖေတို့က ဘာကိုအားနာရမှာလဲ. . အလုပ်သဘောဆောင်ရင် လူမှုရေး တွက်လို့မရဘူးလေ. ."

သမီးမျက်နှာလေး ညိုမယောင်ဖြစ်သွားသော်လည်း. . နောက်ထပ်တွန်းတွန်းတိုက်တိုက် ပြောဆိုတာမရှိတော့သဖြင့်. . ဦးဘလှိုင်က. .

"ဒီလိုလုပ်ပါ. . ဖေဖေ မနက်ဖြန်လောက် ဆုံးဖြတ်ပေးပါ့မယ် ဟုတ်ပြီလား. ."

"ဟုတ်. . ဒါဆို သမီးသွားတော့မယ်. ."

"သမီး. . ဒီနေ့ သင်တန်းရှိသေးလား. ."

"ရှိတယ်. ."

ထိုစကားအား လှည့်ကြည့်ပြီးမှမဖြေဘဲ ကျောခိုင်းလျှောက်သွားရင်းဖြေခဲ့၍. . ဦးဘလှိုင် သက်မမောလေး မသိမသာမှုတ်ထုတ်ရတော့သည်။

(ငါ့သမီးနဲ့တော့ မဖြစ်ဘူးထင်တယ်. . )

၅ ၅ ၅ ၅





တီဗီပြင်တဲ့ဆိုင်တွေမှာ တီဗီတစ်လုံး သွားပြင်ရသည့်ကိစ္စ အနည်းငယ်အလုပ်သဘောဆန်ပြီး မသိသာ ကြီးကျယ်ခန်းနားနေသလောက် ရဲရင့်ဆီမှာကျတော့လည်း တီဗီပြင်သည့်ကိစ္စ ဘာမှမဟုတ်သလို. . တဖြုတ်ဖြုတ်နှင့် လုပ်ကိုင်နေသည်ကို ကြည့်ကာ မြွတ်ထူးအံ့သြမိတာ အမှန်ပင်။

သည့်အရင်က အိမ်နှင့်အဆင်မပြေတိုင်း ရဲရင့်ဆီ ညအိပ်လိုက်နေတာမျိုး လုပ်ဖူးသော်လည်း ဆိုင်မှာတော့မဟုတ်။ ရဲရင့်တို့အိမ်မှာဖြစ်ပြီး. . ရဲရင့်မိခင်ကလည်း အလွန်ပင်သဘောကောင်းလှကာ ရဲရင့်နှင့်ပတ်သက်၍ အတော်ပင်ရင်းနှီးနေကြပြီ ဖြစ်သည်။ ဒီရက်တွေ ရဲရင့်ဦးလေး ဦးလှတင့် နယ်ပြန်ပြီး ရဟန်းတက်ဖို့ကိစ္စ ရှိသဖြင့်. . ရဲရင့် ဆိုင်မှာအိပ်ရမည်ဖြစ်ကာ သူလည်းဆိုင်မှာပဲ သောင်တင်၍ ရဲရင့်အလုပ်လုပ်နေခိုက် ငုတ်တုတ်ထိုင်ငေးနေရခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

မည်သို့ဆိုစေ. . ရဲရင့်လုပ်ပုံကိုင်ပုံကိုကြည့်ပြီး သဘောကျ မိသည်။ ဆိုင်မှာ. . တီဗီသွားပြင်လျှင် တစ်ပတ်နှစ်ပတ် ကြာတတ်သည့်ကိစ္စ ရဲရင့်ဆီမှာ ခဏလေးထိုင်စောင့်ရုံနှင့် ပြီးသွားသည်။

ညနေစောင်း၍ ဆိုင်ပိတ်တော့ အနော်ရထာလမ်းဘက် ထွက်ပြီး ပလက်ဖောင်းလက်ဖက်ရည်ဆိုင်မှာ ထွက်ကာထိုင်ကြသည်။ မိုးရွာလျှင် ထပြေးရသော ဒုက္ခကလွဲ၍ မြင်ကွင်းကျယ်ပြီး လွတ်လပ်သည်။ စည်ကားသော ညဈေးတန်းနှင့် လူသွားလူလာ စည်ကားမှုထဲ စိတ်ကိုစီးမျောစေကာ ကိုယ့်ဘာသာကိုယ် ပိနေသော စိတ်ဖိစီးမှုတို့ လျှော့ပါးစေပါသည်။

"မင်းတစ်နေ့ကို ဘယ်နှလုံးလောက်ပြင်ရလဲ ရဲရင့်. ."

"မသိပါဘူးကွာ. . တစ်ချို့ကအလုံးလိုက်ယူလာပြီး ပြင်ပေမဲ့ အတော်များများက ကဒ်ပြားပဲဖြုတ်ယူလာပြီးပြင်တော့. . အဖြုတ် အတပ်ဒုက္ခ ငြိမ်းပြီး. . လက်တင်ကလေးမို့ မြန်တော့မြန်ပါတယ် အပိုပစ္စည်း အဆင်သင့်ရှိတာလည်း ပါတာပေါ့ကွာ. .၊

ဒါပေမယ့်. . အီလက်ထရွန်းနစ် ဆားကစ်တွေမှာ အမည် ဖော်လို့မရတဲ့ ဗိုင်းရပ်(စ်)တွေ အများကြီးကွ၊ အဲ့သလို ဖော့စ်နဲ့. . ဗိုင်းရပ်စ်တွေ့ပြီးဆိုရင် တစ်ပြားတည်းနဲ့ တစ်နေကုန်တယ်၊ အဲ့ဒါကြောင့် စံချိန်ကို ယူလို့မရတာ. ."

"ဒါနဲ့. . မင်း သွန်းဖြိုးတို့ကုမ္ပဏီက အလုပ်ကိစ္စရော. ."

"သူမှမဆက်သွယ်သေးတာ. . ငါထင်တာတော့ ငါ့ကို





အလုပ်မခန့်ဖို့ မင်းသွားပြောထားသလား မသိပါဘူးကွာ. ."

"ဟာ. . မဟုတ်တာ၊ ငါ မင်းနဲ့နေနေတာပဲ ဘယ်နှစ်ရက် ရှိနေပြီလဲ. . ခွမ်းမှပဲ. ."

"ဘယ်သိနိုင်မလဲကွ. . မင်းတို့က အိမ်နီးချင်းတွေဆိုတော့ ဖုန်းနဲ့ပြောလဲ ဖြစ်တာပဲ. ."

"လျှောက်ပြောမနေနဲ့၊ မင်းလည်း. . ငါ့အဖေကျနေတာပဲ တော်တော်သံသယများတဲ့ကောင်. ."

"ဒါပေမယ့်. . ငါ့အမေကတော့ မင်းကို တော်တော်အထင် ကြီးတယ်ကွ. . သားသူငယ်ချင်းက အရမ်းရိုးအေးတယ်တဲ့. ."

"ဒါပေါ့ကွာ. . ရှေးလူကြီးဆိုတာ အပွေးမြင် အပင်သိတယ် ကွ. . အဟတ်ဟတ်. ."

"ငါလည်းပြောလိုက်ပါတယ်. . အမေ နပြာကြီးအကြောင်း မသိသေးလို့ပါလို့. ."

"ဘာ!. ."

"အဟိဟိဟိ. ."

ထိုစဉ် သူတို့ထိုင်နေရာဘေးသို့ ကားလေးတစ်စီး ပါကင် ထိုး၍ ကားထဲက ရွာသွန်းဖြိုးနှင့် အမျိုးသမီးကြီးတစ်ယောက် ဆင်း လာလေသည်။

"ဟာ. . အမေနဲ့သွန်းဖြိုးဟာ၊ ရဲရင့်. . ခုံ. . ခုံလုပ်ပေးပါဦး"

မြတ်ထူး ဘေးဝိုင်းမှခုံလုမ်းဆွဲပြီးချရင်း ထိုင်ရာမှထကာ ကြိုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အမေ. ."

"သားလေ. ."

"ဘယ်ကနေဘယ်လို. ."

"အဒေါ်က နင်ရှိနိုင်တဲ့နေရာကို သိလားလို့ လာမေးလို့ ငါခေါ်လာခဲ့တာလေ. ။ ဆိုင်မှာသွားမေးတာ ဆိုင်စောင့်ကောင်လေးက လမ်းထိပ်ကဆိုင်မှာဆိုလို့ အပေါ်လမ်းက ပြန်ပတ်ထွက်ပြီး လိုက်လာတာ. ."

"ဟင်!. . ငါဒီမှာရှိတာ နင်ဘယ်လိုသိတာလဲ. ."

"နေ့ခင်းက ရဲရင့်ဆီ ငါဖုန်းဆက်ပြီး မေးလိုက်တာလေ. ."

"သြော်. . အမေလာထိုင်. . သွန်းဖြိုးထိုင်လေဟာ. ."

သို့နှင့် စည်ကားသောဝိုင်းလေးဖြစ်သွားကာ မြတ်ထူးနှင့် သူ့မိခင်တို့ တီတိုးပြောဆိုနေကြခိုက် သွန်းဖြိုးနှင့်ရဲရင့်လည်း ပြောဆိုဖြစ်ကြသည်။

"အလုပ်ကိစ္စ ထူးခြားလား. ."

"ရှင်. ."

"အလုပ်ဝင်ဖို့ကိစ္စ ထူးခြားလားလို့မေးတာပါ. ."

"သြော်. . ထူးခြားမှာပါ၊ ဒီရက်ထဲ ကုမ္ပဏီကိစ္စတွေနဲ့ ဖေဖေ အလုပ်ရှုပ်နေလို့လေ. ."

"ရပါတယ်. . ဖြည်းဖြည်းပေါ့၊ လောလောဆယ် အလုပ်ခန့်တာ မခန့်တာထက် သွန်းဖြိုးရဲ့ဆက်ရှင်မှာ ကျွန်တော့် အကူအညီလိုရင် အချိန်မရွေးပြောပါ. ."





"ဟုတ်. . ကျေးဇူးပဲ. ."

ရဲရင့် မြတ်ထူးကို စနောက်ချင်သဖြင့် စကားကို တမင်တိုးနိုင်သမျှတိုးအောင် လေသံကိုနှိမ့်ပြီးပြော၍ ရွှာသွန်းဖြိုး ကြားအောင် ခေါင်းငုံ့ကာ နားထောင်နေရသည်အား မြတ်ထူး မြင်သွားသည်။

မြတ်ထူးလှမ်းကြည့်လေ ရဲရင့်က တိုးနိုင်သမျှတိုးပြီး ပြောလေဖြစ်သောကြောင့် မြတ်ထူး၏စိတ်အာရုံများ နှစ်ခြမ်းကွဲသွားသည်။

"ဟိုရောက်ရင် အဖေ့ကိုတောင်းပန်လိုက်. . . ကြားလားသား. ."

"ဟုတ်. . ဘောလုံးပွဲကလည်း သားမကြည့်ဖြစ်တာ ကြာပြီ. ."

"အမေပြောတာ မင်းအဖေကိုတောင်းပန်ဖို့ ပြောနေတာ"

"ဒါတော့. . သားသိတယ်၊ အဖေမသိအောင် ကြည့်တာပဲ တစ်နှစ်ကျော်နေပြီ. ."

မြတ်ထူး သူ့အမေမေးသမျှ ပြန်သာဖြေနေတာ မျက်လုံးက ရဲရင့်ကိုလုံးဝအလစ်မပေး။ ရဲရင့်ကလည်း မြတ်ထူးသတိထားကြည့်နေလေလေ အသံကို တိုးလေဖြစ်ကာ. . . ရွှာသွန်းဖြိုးလည်း တရှင်ရှင်နှင့် မနည်းအာရုံစိုက် တိုးကပ်နားထောင်လျှက် ပြန်ဖြေနေသည်။

"သား. . . မင်း အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ နေနိုင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာကွယ်. . ”

“သား မနေနိုင်တော့ဘူးအမေ. . ”

“ဒါဆိုပြန်လိုက်ခဲ့လေ၊ မင်းအဖေလည်း ပြောသာပြောတာ မင်းကိုမျှော်နေတာ. . ”

“သားလည်းလိုချင်နေပြီ. . ”

“အမေသိပါတယ်သားရယ်. . ”

“သိရင်တောင်းပေးပါလား. . အမေရယ်. . ”

“စိတ်ချ မင်းသာပြန်လိုက်ခဲ့ မင်းအဖေလည်း အသက်ကြီး ပါပြီ. . စိတ်ရှိလို့သာလုပ်နေတာ. . ဘယ်လုပ်နိုင်မှာလဲ. . ”

“ဗျာ. . အမေပဲတောင်းပေးမယ်ဆို. . ”

“ဟဲ့. . ဘာကိုလဲ. . ”

“ဟင်. . ဟိုလေ. . ”

“ဘာလဲ. . ”

“ဟာ. . အမေရာ. . ”

“ဟင်. . မင်းနှယ်. . ”

သားအမိနှစ်ယောက် ဟင်ဟိုတွေ ဖြစ်ကုန်ကြ၍. . ရဲရင့် မနေနိုင်တော့ဘဲ တခိခိရယ်တော့သည်။ ရှာသွန်းဖြိုးပါ အူကြောင် ကြောင်နှင့် လိုက်ရယ်သဖြင့်. . မြတ်ထူး ဘယ်သူ့ကို ဒေါသဖြစ်လို့ ဖြစ်ရမှန်းမသိဘဲ ဖြစ်နေစဉ်. . မြတ်ထူးမိခင်က သူ့သားလက်ကို ဆွဲ၍ ထတော့၏။

“ကဲ. . ကဲ. . လာပြန်မယ်. . သမီးရေ၊ အန်တီတို့အိမ်





ဘက် လှည့်မောင်းပေးပါဦးနော်. . ”

“ရပါတယ်အန်တီ. . ”

ရှာသွန်းဖြိုး ပိုက်ဆံရှင်းဖို့ ပြင်သဖြင့် ရဲရင့်က . . ။

“နေ. . နေ. . သွန်ဖြိုး၊ ကျွန်တော်ဆက်ထိုင်ဦးမှာဆိုတော့ ပြီးမှပဲရှင်းလိုက်ပါ့မယ်. . ”

“အားနာစရာကြီး. . ပြန်ပြီနော်. . ”

“ကောင်းပါပြီဗျာ. . ဖုန်းဆက်နော်. . ”

“စိတ်ချ. . ”

မြတ်ထူး အံတကြိတ်ကြိတ်နှင့် ကားထဲဝင်သွားမှ ရဲရင့်လိုက် နောက်သည်။

“မြတ်ထူး. . ”

“ဟေ. . ”

“မင်းကိုငါ ဥပမာတွေအများကြီး ပြောပြထားပြီးသားနော် ငါ့မှာအပြစ်မရှိဘူး. . ”

“ဘာ. . ဟောကောင် ရဲရင့်. . ”

ရဲရင့် နောက်ပြန်တော့တာပြုပြီး သူ့ဝိုင်းမှာသွားထိုင်သဖြင့် မြတ်ထူးခုန်ဆွခုန်ဆွ လုပ်ချင်သော်လည်း ကားထဲရောက်နေ၍ လုပ် လို့မရဘဲ ပါသွားရှာတော့၏။





www.burmeseclassic.com



အချစ်ကို
ရေငတ်သလိုငတ်နေသူတိုင်း
အချစ်ကို
ရေသောက်သလိုသောက်တတ်ကြတယ်။
(မင်းသိလား။)
အချစ်က ရေနင်သလိုလည်း နင်တတ်တယ်။





# အခန်း(၇)

တစ်ညလုံးမိုးရွာပြီး မနက်ခင်းလင်းသည်နှင့်. . ကောင်းကင်တစ်ခုလုံးပြာစင်ကာ နေရောင်ဝါဝါလေး လင်းလာတာကိုကြည့်ပြီး လူတွေပျော်ကြသည်။ ထီးဆောင်းပြီး. . မှုန်ကုပ်ကုပ်လျှောက်နေစရာမလိုဘဲ. . ခေါင်းမော့ရင်ကော့ကာ လျှောက်ကြသည်။ တစ်ချို့က အမလေး. . ကျက်သရေရှိလိုက်တဲ့ မနက်ခင်းလေးဟုပင် ချီးကျူးထောပနာ ပြုသွားသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ရဲရင့် အစောကြီးနိုးနေသဖြင့် ဆိုင်တံခါးဖွင့်ကာ သုံးထစ်မြောက် အုတ်လှေခါးခုံးပေါ် ထိုင်ကာနေမိသည်။ ဒီလိုထိုင်နေရတာကိုက အလေ့အထတစ်ခုလို ဖြစ်နေပါသည်။ သူတစ်ယောက်တည်းမှမဟုတ် လေးတင့်ကအစ ဒီဆိုင်ကိုရောက်လာကြသောသူအားလုံး ဒီနေရာမှာထိုင်ကြသည်။

အဘယ့်ကြောင့်ဆိုသော်. . အထဲမှာ ထိုင်စရာနေရာမရှိ၍ဖြစ်ပါသည်။ မြေညီထပ်တစ်ခုလုံး ပြင်ရန် လာရောက်အပ်နှံထားသော တီဗီများ ပရိဂျက်တာများနှင့် ပြည့်ညပ်နေသဖြင့်. . အပေါ်ထပ်ခိုးလေးသို့တက်ရန်. . လူတစ်ယောက် ငါးဖယ်တိုးလေး တိုးလျှောက်စရာလောက် အနည်းချန်လှပ်ထားရသည်။

အပေါ်မှာက အလုပ်ခန်းဖြစ်၍. . အလုပ်ကိစ္စမှလွဲလျှင်မည်သူမျှမထိုင်ကြ။

ထို့ကြောင့်. . . ပစ္စည်းစောင့်လျှင်၊ ထမင်းစားနားလျှင်၊ မီးပျက်လျှင်၊ ပျင်းလျှင်. . ဤနေရာမှာသာထိုင်ကြ. . အချင်းချင်းနောက်ကြပြောင်ကြ ထွေရာလေးပါးစကားပြောကြနှင့် ဆိုင်အတက်အဆင်း လှေခါးသုံးထစ်နေရာလေးက အတော်ပင်အသက်ဝင်ကာအသုံးတည့်လှသည်။

ထို့အပြင်. . ရဲရင့်တို့လို လူပျိုကာလသားလေးများအတွက် လမ်းထဲဖြတ်သွားဖြတ်လာရှိကြသော အပျိုကာလသူလေးတွေကို မျက်စိစားပွဲထိုင်ရာနေရာလေးလည်း ဖြစ်လေသည်။

ပြီးခဲ့သောသုံးလေးရက်လောက်ကတော့ ဆိုင်မှာ မြတ်ထူး





လည်းရှိနေသဖြင့် ဒီမှာမထိုင်ဖြစ်ဘဲ ဘားလမ်းထဲက လက်ဖက်ရည်ဆိုင်မှာ ထိုင်ဖြစ်သည်။ မြတ်ထူး သူဌေးသားဖြစ်၍လားမသိ လှေခါးထစ်တွေပေါ် ထိုင်လေ့မရှိ၊ သူများတွေ လှေခါးထစ်တွေပေါ် စီရီထိုင်နေချိန်မှာ သူကအထဲရှိတီဗီတစ်လုံးပေါ် တက်ထိုင်နေတတ်သည်။ မြတ်ထူးအကြောင်းတွေးလျှင် ပျော်စရာတော့ကောင်းပါသည်။

ဒီကောင် ဗေဒင်တွေဓါတ်တွေနတ်တွေ အရမ်းယုံလွန်းသည်။ သူနှင့်တွဲဖြစ်တာလည်း ဗေဒင်ကြောင့်ဟု ပြောနိုင်သည်။ ပထမနှစ် စတက်တက်ချင်း. . မြတ်ထူးက ရိုးကောခေါ်သံကို နားထောင်ပြီး သူ့ထံရောက်လာကာ အပေါင်းအသင်းဖွဲ့လေသည်။

"မင်းက ရဲရင့်ဆိုတော့ ဗုဒ္ဓဟူးသားစစ်စစ်ကြီးပေါ့နော်. . အဟဲဟဲဟဲ. . "

"ဘာဖြစ်လို့လဲ. . "

"ဩော်. . ရဲရင့်ဆိုတော့ ယ၊ရ၊လ၊ဝ ဗုဒ္ဓဟူးနံလေကွာ၊ အဲဒီထဲမှာမှ. . မင်းက ဗုဒ္ဓဟူးနံတစ်ခုတည်းကိုပဲ နာမည်ပြည့်ပေးထားတော့ ဗုဒ္ဓဟူးသားစစ်စစ်ပေါ့. . ၊ တစ်ချို့ဆိုကွာ. . . ဥပမာလင်းအောင်၊ ရန်ကျော်၊ ဝင်းမင်း. . သူတို့လည်း ဗုဒ္ဓဟူးသားပေတဲ့ဗုဒ္ဓဟူးနံက ရှေ့မှာတစ်လုံးပဲပါတာ မင်းကနှစ်လုံးပြူး. . ဟဲဟဲဟဲ"

"အေးပေါ့. . ယောက်ျားလေးပဲ. . "

"ဒါပေါ့ ဒါပေါ့. . ဟဲဟဲဟဲ. . မင်းက နောက်တတ်သားပဲ၊ ဒီလိုကွ. . ငါ့ကို ဗေဒင်ဆရာက ဟောထားတာက တစ်နှစ်တစ်တန်း



www.burmeseclassic.com

www.burmeseclassic.com



မှန်မှန်အောင်ချင်ရင် ဆိုတဲ့အစီအရင်ထဲမှာ ဗုဒ္ဓဟူးသားစစ်စစ်နဲ့ သူငယ်ချင်းလုပ်ရမယ်လို့ ပါတယ်လေ၊ အဲ့ဒါကြောင့်. . ဟဲဟဲဟဲ. . ”

“ဩော်. . ဒီလိုလား. . ”

“ဒီလို. . ဒီလို. . ဟဲဟဲဟဲ ငါတို့ကျောင်းပြီးတဲ့အထိ အတူတွဲကြရအောင်ကွာ. . နော်. . ”

“ရပါတယ်. . ”

စိတ်မကောင်းစရာက ရဲရင့်ဟု အမည်တွင်ထားသော သူက စနေသားစစ်စစ်ကြီး ဖြစ်နေတာကို မြတ်ထူးမသိရှာ. . သူလည်း. . မပြောပါ။ စနေနေ့မွေးပြီး ရဲရင့်ဖြစ်လာခြင်းမှာ အဖေက သူ့သားလေး လောကကိုရဲရဲရင့်ရင့် ရင်ဆိုင်နိုင်အောင် ရဲရင့်ဟု ခေါ်ခြင်းသာ ဖြစ်သည်။

အဖေရောအမေပါ ဗေဒင်တွေနတ်တွေ မယုံကြည်. . ထို့ကြောင့်. . အမည်ပေးနည်းတွေ ဆပွတ်နံတွေ ဘာတွေ. . နားမလည်. . မသိ။ အရှိအတိုင်း ပေးလိုက်ကြခြင်းဖြစ်ကာ စနေသား ရဲရင့် ဖြစ်လာတော့သည်။

သို့သော် ဒုတိယနှစ် နှစ်ဝက်စားမေးပွဲ ဖြေပြီးချိန်လောက်မှာ မြတ်ထူးသိသွားသည်။ ထိုနေ့က မြတ်ထူး သူ့အိမ်သို့ ပထမဦးဆုံးလိုက်ကာ လည်ပတ်သောနေ့ဖြစ်သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် အိမ်ရှေ့ကနေ ဗေဒင်ဟောစာတမ်းရောင်းသူ ဖြတ်လျှောက်သွားသဖြင့် ထုံးစံအတိုင်း မြတ်ထူးလှမ်းခေါ်ကာ ဟောစာတမ်းဝယ်သည်။

သူ့အတွက်တင်မဟုတ် အမေ့အတွက်ရော. . ရဲရင့်အတွက်ပါ ဝယ်၍ အမေ့ကိုနေ့နံလှမ်းမေးသည်။

“အဒေါ်. . ဘာနေ့သမီးလဲ. . ”

“မလုပ်ပါနဲ့သားရယ်. . အဒေါ်မသိချင်ဘူး. . ”

“ဟာ. . လုပ်ပါအဒေါ်ရဲ့. . ”

အမေလည်း အားနာနာနှင့်ပြောလိုက်သည်။

“တနင်္လာ. . ”

“ရဲရင့်က ဗုဒ္ဓဟူးနော်. . ”

“မဟုတ်ဘူးကွဲ့. . စနေ. . ”

“ဗျာ!. . ”

မြတ်ထူးလန့်ကာ လှည့်ကြည့်သည်။

“ဟုတ်တယ်. . တကယ့်စနေ၊ နေတက်ရေတက်ကို မွေးတာ. . ”

“ခင်ဗျာ. . အင်း. . အဲ. . ဟုတ်. . ”

သို့နှင့် ဗေဒင်ဟောစာတမ်း သုံးစောင်ဝယ်ကာ မြတ်ထူး ဖတ်တောင်မဖတ်နိုင်ဘဲ ရဲရင့်ကို မျက်လုံးပြူးကြီးနှင့်ကြည့်ပြီး. .

“မင်းပြောတော့ ဗုဒ္ဓဟူးဆို. . ”

“ငါမပြောရပါလားမြတ်ထူးရာ၊ မင်းဘာသာ ရဲရင့် ယရလဝ ဗုဒ္ဓဟူး ဘာညာဆိုပြီး အမျိုးလာစပ်တာလေ. . ”

“ဟာ. . မဟုတ်ရင်မဟုတ်ဘူး ပြောပေါ့ကွ၊ မင်းဘာလို့ ခေါင်းညိတ်တာလဲ. .၊ ဆရာက ငါ့ကိုဗုဒ္ဓဟူးသားနဲ့ပဲ ပေါင်းရမယ်လို့ မှာထားပါတယ်လို့ ပြောထားရက်နဲ့. . မင်းကွာ. . ”







www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်. . အခု စနေသားနဲ့ မင်းပေါင်းတော့ရော ပထမနှစ်မှာ ကျခဲ့လို့လား. . ဘာနဲ့ပေါင်းပေါင်း တစ်နှစ်တစ်တန်း အောင်ဖို့က အဓိကမဟုတ်ဘူးလား. . "

"ဒါပေမယ့် သူ့နေ့နဲ့သူ့နံ. . "

"အေး. . ဒါဆိုလည်း မနက်ဖြန်ကစပြီး ဗုဒ္ဓဟူးသား ထပ်ရှာကွာ. . ငါက စနေသားပဲ. . "

သို့သော်လည်း မြတ်ထူးထပ်မရှာပါ။ ရဲရင့်နှင့်ပင် အင်တင်တင် အောင့်သက်သက် ပေါင်းသင်းလာခဲ့ပြီး. . တစ်နှစ်တစ်တန်း အောင်ကာ ကျောင်းပြီးသွားခဲ့သည်။ မပြီးဆုံးသည်က ဓါတ်ဘူး. . နတ်ရှူး. . မြတ်ထူး. . ဆိုသောအမည်ပြောင်ပင် ဖြစ်တော့၏။

"ဟော့ကောင်. . "

သူ့ရှေ့တည့်တည့် ကားရပ်ပြီးလှမ်းအော်၍ ရဲရင့်လန်ဖျပ်ပြီး မော့ကြည့်တော့ မြတ်ထူး. .

"ဟာ. . မင်း. . "

"လာ. . ကားပေါ်တက်. . "

"သေနာပေါ်ဦးမယ်. . ငါအခုပဲ မင်းအကြောင်းတွေးနေတာ. . "

"ဖွီ. . အသက်ရှည်ဦးမယ်လို့ ပြောစမ်းပါကွာ. . "

"ဂျိုကာရေ. . ငါခဏလိုက်သွားဦးမယ်၊ ကဒက်တွေလာရင် စောင့်ခိုင်းထားလိုက်. . "

ရဲရင့် ဆိုင်ထဲလှမ်းအော်ပြောပြီး ကားရှေ့ခန်းထဲဝင်ထိုင်





လိုက်ပါသည်။ မြတ်ထူး ကားမောင်းထွက်ရင်း. . .

"မနေ့က မင်းနဲ့သွန်းဖြိုး ဘာတွေပြောနေကြတာလဲ. . "

"ရိုးရိုးသားသားပါကွာ. . . နမ်းတောင်မနမ်းလိုက်ရပါဘူး. . "

"ဘာကွ!. . "

"ဘာလဲ. . ရိုးရိုးသားသားပဲလေ. . "

"မင်းနော်. . ငါပြောပြီးသားနော်. . "

"ငါလည်းပြောပြီးသားပါပဲ. . "

မြတ်ထူး ဗိုလ်ချုပ်အောင်ဆန်းလမ်းအတိုင်း ညာဘက်ချိုးတက်ရင်း ထုံးစံအတိုင်း မျက်လုံးပြူးကြီးတွေနှင့် ကြည့်လေသည်။ ပိုတောင်ပြူးလာသည်ဟု ထင်ရသည်။ မဟာဗန္ဓုလပန်ခြံလမ်းထဲ ချိုးဝင်ပြီးမှ. .

"ငါဘယ်လောက်တောင် ခံစားနေရမယ်ဆိုတာ မင်းမတွေးမိဘူးလားရဲရင့်. . . "

"အခုမနက် အလုပ်တောင်မဆင်းနိုင်ဘဲ ချက်ချင်းရောက်လာတာကိုက မင်းရေရေလည်လည် ခံစားနေရမယ်ဆိုတာ ငါသိသားပဲ. . "

"ဒါနဲ့များကွာ. . "

"တမင်လုပ်တာ. . "

"ဘာ. . ခွေးကောင်. . "

"အဟိဟိဟိ. . ရပ်တော့၊ လက်ဖက်ရည်ဆိုင်ရောက်နေ



www.burmeseclassic.com

www.burmeseclassic.com



ပြီ. ."

မြတ်ထူးကားရပ်ပေး၍သူဆင်းကာ ဆိုင်ဘက်လျှောက်နှင့်သည်။ မြတ်ထူးကားပါကင်ထိုးပြီးမှ ရောက်လာသည်။

"မင်း ဘာမှာထားလဲ. ."

"ပဲပလာတာ အကြွပ်ကြော်နှစ်ပွဲ လက်ဘက်ရည်နှစ်ခွက်"

"မြတ်ထူးက ရှုဘီတစ်ပွဲ ထပ်မှာလိုက်သည်။

"မင်းတို့က. . ခုချိန်အထိ တကယ်ဘာမှ မဖြစ်ကြသေးဘူးနော်. . ရဲရင့်. ."

"ဟ. . ဘာကိုလဲ. ."

"မင်းနဲ့သွန်ဖြိုးလေ. ."

"ဖြစ်စရာလားကွာ. . ငါတို့က သိတာဘယ်လောက် ကြာသေးလို့လဲ. ."

"မကြာပေမယ့် ရင်းနှီးတာ မြန်လွန်းနေတော့. ."

"ဒါကတော့ အဖိုနဲ့အမကွ၊ ဒါတောင်. . မထိသေးလို့ ထိရင်မီးပွင့်ပြီး ကပ်နေမှာ. ."

"တော်ပြီ. . တော်ပြီ. . ငါပြောတာနားထောင်. ."

"အင်း. ."

"ညက ပြန်ရောက်ရောက်ချင်းပဲ အဖေနဲ့အမေကို ပြောပြလိုက်တယ်. ."

"ဝမ်းချုပ်နေတဲ့အကြောင်းလား. ."

"မနောက်နဲ့ကွာ. . အကောင်းပြောနေတာ. ."





"အေး. . ပြော. ."

"ငါသွန်းဖြိုးကို ချစ်နေတဲ့အကြောင်း အဖေနဲ့အမေ ကြောင်းလမ်းလို့အဆင်ပြေမယ်ဆိုရင် အဖေ့စိတ်တိုင်းကျဘဝကို ထူထောင်ပြမယ်ဆိုတဲ့အကြောင်းပေါ့ကွာ. ."

"အဲ့ဒီတော့ ဘာပြောလဲ. ."

"ပြောတဲ့အတိုင်းသာလုပ်. . အဲ့ဒီကိစ္စ ဒီတစ်ပတ်အတွင်းမှာ စီစဉ်မယ်တဲ့ကွ. . . အဟတ်ဟတ်. . သူတို့လည်း သွန်းဖြိုးကိုမျက်စိကျနေတယ်တဲ့ကွ. . အဟားဟား လူကြီးချင်းလည်း ရင်နှီးပြီးသား မပြောသေးလို့သာ. ."

ဝန်ခံရလျှင်. . ရဲရင့်စိတ်ထဲ အရိုးနင်သလိုကြီး နင်သွားသည်။ သို့သော်. . ရဲရင့် အပြုံးမပျက်ပါ. .။

"အဟတ်ဟတ်. . မင်္ဂလာသတင်းပဲကွ ကောင်းတယ်ဟေ့"

"ဒါပေါ့ကွာ. . မင်းလည်းမင်္ဂလာရှိအောင် အစောကြီးလာပြောရတာ. ."

"ဟေ. . ငါကဘယ်လိုလုပ် မင်္ဂလာရှိမှာလဲ သွန်းဖြိုးကမင်းနဲ့စီစဉ်မယ့်ဟာ. ."

"ဟ. . ငါမင်္ဂလာရှိမှတော့ မင်းလည်းမင်္ဂလာရှိတာပေါ့ကွာ. ."

"ငါတို့က. . နှစ်ယောက်အတူ ဆောင်ရမှာလား. ."

"ဟိတ်ကောင်. ."

"အေလေ. . ငါမရှင်းလို့မေးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်မေးပြီး. . မရယ်မိအောင် အောင့်ထားသည်။

"ဒီမှာ. . မင်္ဂလာဆိုတာ ငါ့ရဲ့ အာဝါဟဝိဝါဟသတင်းကို မင်းကြားရလို့ မင်းစိတ်ထဲမှာလည်း ပီတိဖြစ်စေတာ. . . အဲ့ဒါ မင်္ဂလာ. ."

ထိုစဉ် ဆိုင်ထဲသို့ ဂျိုကာ အပြေးတစ်ပိုင်းရောက်လာပြီး. .

"အာစရိ. . ဖုန်းလာနေတယ်. ."

"ဟေ. . ဘယ်သူ့ဆီကလဲ. ."

"မသိဘူး. . အစ်မတစ်ယောက်ပဲ၊ ခဏကိုင်ထားလိုက် ခေါ်ပေးမယ်လို့ပြောခဲ့တယ်. ."

"ဟုတ်လား. . ကဲ မြတ်ထူး ခဏထိုင်ဦးကွာ၊ ငါပြေးလိုက် ဦးမယ်. ."

မြတ်ထူး ဘာမှမမေးနိုင် မပြောနိုင်ခင် ထပြေးလာခဲ့သည်။ သေချာသည် ရွှာသွန်းဖြိုးဆီကပဲ ဖြစ်ရမည်။ ဒီကောင့်ကို နောက် ပြောစရာတစ်ခု ထပ်ရပြီဟုတွေးကာ ပြုံးရသည်။ သို့သော်လည်း ထိုအပြုံးက အုပ်စုပွဲမတက်နိုင်ဘဲနှင့် အနိုင်ကန်ခဲ့သော ဝမ်းသာမှု မျိုးဖြစ်သည်။ မြည်စမ်းကြည့်ခွင့်သာရလျှင် ထိုသို့သော ဝမ်းသာမှု မျိုးက ဆားပေါ့နေမှာ သေချာလှပါသည်။

"ဟဲလို. ."

"ကိုရဲရင့်လား. ."

"ဟုတ်တယ်. . သွန်းဖြိုး. ."

"ဟိုလေ. . အချိန်ရရင် ဒီနေ့တွေ့ချင်တယ်. ."





"အင်း. . ရပါတယ် ကျွန်တော် ဘယ်ကိုလာခဲ့ရမလဲ. ."

"ဟင့်အင်း. . ကျွန်မဝင်ခေါ်မယ် အလုပ်ခန်းကပဲ စောင့် နေပါ. ."

"ဖြစ်တယ်လေ. . ဘယ်အချိန်လောက်ရောက်နိုင်မလဲ"

"ဘာလဲ. . ဒိတ်ပြီးသားတွေ ပြင်ဆင်ရမှာမို့လို့လား. ."

"ဟုတ်တယ်. . အခုတောင်မြတ်ထူးဒီမှာရောက်နေ တယ်. ."

"ဟောတော်. ."

ရွှာသွန်းဖြိုးနှင့်ဖုန်းပြောပြီး. . လက်ဖက်ရည်ဆိုင်ကိုပြန် ရောက်သည်နှင့် မြတ်ထူး၏မသင်္ကာသော မျက်လုံးတွေနှင့် တိုးတော့ သည်။

"ဘယ်ကဖုန်းလဲ. . ရဲရင့်. ."

မြတ်ထူးနှင့်တွေ့လျှင် ဘာပြောမည်ဟု ကြိုတင်တွေးမလာ သဖြင့် မြတ်ထူးအမေးအား ရုတ်တရက် ဖြေဖို့ခက်သွားသည်။

ထို့ကြောင့်ရဲရင့်. . သူ့ခေါင်းကဆံပင်တွေကို အကြောင်းမဲ့ ဘုတ်ဖွပစ်ရင်း အတွေးတစ်ချက် ရသွား၏။

"သွန်းဖြိုးဆက်တာ. ."

"ဟင်!. . ဘာကိစ္စလဲ. . အလုပ်ခေါ်ပြီလား. ."

"မခေါ်သေးဘူး. ."

"မခေါ်ဘဲနဲ့ ဘာအတွက်ဆက်တာလဲ. ."

"ဒီနေ့အားလားတဲ့၊ အားရင်. . တစ်နေရာမှာ စကားပြော



www.burmeseclassic.com

www.burmeseclassic.com



ရအောင်တဲ့. . ”

“ဘာ!. . အဲ့ဒီလိုပြောတာလား. . ”

မြတ်ထူးမျက်နှာကြီး ပေါက်ထွက်တော့မတတ် ညိုရင့်လာပြီး ဆက်မေးသည်။

“မင်း ဘာပြောလိုက်လဲ. . ”

“အားတယ်လို့. . ”

“ဟာ. . မင်း. . ”

“အေး. . အားလို့ မင်းနဲ့တောင် လက်ဖက်ရည်ဆိုင်လာထိုင်နေသေးတာပဲဥစ္စာ. . ”

“မအားဘူးလို့ ပြောလိုက်ပေါ့ကွ. . ချီးမှပဲ. . ”

“ငါမှမလိမ်တတ်တာ. . ”

“ခွေးကောင်အခုမှ အတော်ရိုးသားနေတယ် ဘယ်မှာချိန်းထားလဲ. . ”

“မြေပဒေသာကျွန်းထဲမှာ. . ”

“ဟမ်!. . ဒါ. . ဒါ. . မင်း. . ”

ရှုံ့ရှုံ့ရှဲ့ရှဲ့ဖြစ်နေသော မြတ်ထူးကိုကြည့်ပြီး သူရယ်ချင်မိသော်လည်း မရယ်ရက်တော့ပါ။ ဒီကောင် တစ်ကယ်ချစ်နေတာပါလားဆိုသော အသိနှင့်စိတ်မကောင်းဖြစ်ပြီး. . .

“အလကားစတာပါကွာ. . သူ ဆိုင်ကိုလာခဲ့မယ်တဲ့. . ဒါပဲ”

“ဘာလာလုပ်မှာလဲ. . ”

“ ဒါတော့ဘယ်သိမလဲကွ. . မလာစေချင်ရင် မင်းစောင့်ပြီး





ပြန်ခေါ်သွား. . ”

သူ့ခပ်ဆတ်ဆတ်ကလေး ဖိဟောက်လိုက်တော့မှ မြတ်ထူးငြိမ်ကသွားပြီး မျက်နှာလေးလည်းငယ်သွားသည်။

ထို့နောက်. . . စားပွဲထိုးကို ပိုက်ဆံခေါ်ရှင်းပြီး. .

“ငါပြန်တော့မယ်. . ”

“သဘောပဲ. . ”

“မင်းစိတ်ဆိုးတာလားရဲ့ရင့်. . ”

“မဆိုးပါဘူး. . ဒါပေမယ့် စိတ်ရှုပ်တယ်ကွာ. . ”

“ကားထဲဝင်လေ. . ငါလိုက်ပို့မယ်. . ”

“ရတယ်. . လမ်းလျှောက်ပြန်မယ်. . ”

“နေဦး. . မင်းစိတ်ရှုပ်သွားတယ်ဆိုရင် ငါတောင်းပန်ပါတယ်၊ ဒီနေ့ မင်းတို့လျှောက်လည်ကြမယ်ဆိုရင်လည်း လည်ပါ. .၊ တစ်ကယ်လို့ ငါ့ဘက်က ကမ်းလှမ်းပြီးသွားပြီဆိုရင်တော့. . မင်းရှောင်ပေးပါ. . ”

“သူမရှောင်ဘူးဆိုရင်ကော. . ”

“ဘာပဲဖြစ်ဖြစ်. . မင်းကငါ့သူငယ်ချင်းပဲ. . ငါ မင်းကိုယုံတယ်ရဲရင့်. . ”

ပြောပြီး မြတ်ထူးကားထဲဝင်ထိုင်ကာ စက်နှိုးလိုက်သည်။ ထိုနောက်လက်တစ်ဖက်မြှောက်ပြပြီး မောင်းထွက်သွားတော့သည်။

ထိုအချိန်အထိ ရပ်လျှက်မှင်တက်မိကျန်ခဲ့သော ရဲရင့်တစ်ယောက်မြတ်ထူးရဲ့ကား အတော်ဝေးသွားမှ သတိဝင်ကာ ကျောခိုင်း



www.burmeseclassic.com

www.burmeseclassic.com

လျှောက်လာခဲ့မိသည်။

ငါးချိုပြည့်မှ အလဲထိုးခံလိုက်ရ၍ အတော်အီစိမ့်ကာသွားသည်။ အီလည်လည်ကြီး ခံလိုက်ရသည်ဟုပြောလျှင် ပိုမှန်ပါသည်။

သေချာတာက အပျက်ပျက်နှင့် နှာခေါင်းသွေးမထွက်ဘဲ နှလုံးသွေးလျှံတော့မည်။ ထို့ကြောင့် . . ပင့်သက်မောကိုမှုတ်ပစ်ကာ ဘယ်သူ့အကြောင်းမှ မစဉ်းစားဘဲ ကိုယ့်အကြောင်းကိုယ် စဉ်းစားရတော့သည်။

(ငါ . . ရွာသွန်းဖြိုးကို စိတ်ဝင်စားနေပြီလား . . )






www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၈)

ရာသွန်းဖြိုးကတော့ ဘယ်အချိန်ရောက်မည်မသိ လောလောဆယ် အလုပ်ခန်းရှေ့ အစုလိုက်အပြုံလိုက် ရောက်နေကြသော ဖောက်သည်များကြောင့် ရဲရင့်ချွေးပြန်ကာသွားသည်။ ဒီနေ့မှာမှ. . တကယ်ဦးနှောက်စားရမည့် စက်ပြားတွေချည်း တန်းစီနေကြသည်။

လက်ရှိသူကိုင်နေသော ဆိုနီအမ်းဒိတ်ပြားက ဆံပင်ဖြူ



www.burmeseclassic.com

www.burmeseclassic.com



ထွက်နေ၍ နောက်တစ်ပြားပြောင်းကိုင်ရန် လှမ်းမေးလိုက်သည်။

"ခင်ဗျားစက်က ဘာလဲ. ."

" DJ.I"

"ဟမ်!. ."

"ဟိုတစ်ယောက်ကရော. ."

"ဝမ်းတန်းဆရာ. . ကြွေကပ်ပျက်နေလို့. ."

ရဲရင့်ဆက်မမေးတော့ပဲ လက်ထဲကကာဒ်ကိုသာ ဆက်ပြီး နှိုက်ချွတ်နေတော့၏။

"ရဲရင့်. . ဖုန်းလာတယ်. ."

အောက်ထပ်ကနေ စီခနဲလွင့်တက်လာသောအသံကြောင့် အားလုံးမျက်လုံးမျက်ဆန်ပြူးကာ ရဲရင့်ကိုကြည့်ကြသည်။ ဖုန်းသံကြားသည်နှင့် ရဲရင့် ပြာခနဲဆင်းပြေးသွားပြီး. . ဖျတ်ခနဲပျောက်ကာ ပြန်ပေါ်မလာတတ်၍လှေခါးဆီ တိုးခွဆင်းနေသော ရဲရင့်အား. .

"ဂိုဏ်းချုပ်လည်း မရှိဘူးနော်. ."

"သိတယ်. ."

"ကိုယ့်ဆရာ ကျုပ်ကတက်က မရဘူးနော်. . . ဒီနေ့ဆို ဒီနေ့ပဲ. ."

"အင်းပါ. ."

"ဗိုလ်ရဲ. . ကျွန်တော်တို့က ဒလပြန်ရမှာနော်. . ဟိုတစ်ယောက်က တွံတေးအထိတဲ့. ."

"အေးပါကွာ. ."





"ဂါလည်းမှော်ဘီပြန်ရမှာ ရဲရင့်ရ၊ လစ်မသွားနဲ့ဦး. ."

"အင်းပါဆိုဗျာ. ."

ရဲရင့်လှေခါးပေါ်မှ ပြေးဆင်းလာပြီး မြေညီထပ်ရောက်မှ ဂျိုကာက လေသံနှင့်. . .

"ဖုန်းမဟုတ်ဘူးဆရာ၊ ဟိုတစ်ခါလာတဲ့ အစ်မလှလှလေး ဟိုမှာကားရပ်ပြီး စောင့်နေတယ်. ."

"ဟေ. . မင်းတော်လှချည်လား. ."

"ညွှဲသည်လို့ပြောလိုက်ရင် အကုန်ပြုံဆင်းလာမှာစိုးလို့ ဖုန်းလို့အော်လိုက်တာ. ."

"အိုခေ. . အီဆွတ်ဘိုင် လာပို့ထားတဲ့မီးလုံးလေးရှိတယ်၊ တစ်ဂန်းချင်း သေချာရိုက်ပေးလိုက်. . ဟိုအဖွဲ့တွေကို ခဏပဲစောင့် လို့ပြောထား. ."

"ဟုတ်. ."

ရဲရင့် ခပ်သွက်သွက်ပြေးဆင်းလာပြီး လမ်းတစ်ဖက်၌ ကပ်၍ရပ်ထားသော ကားလေးဆီရောက်သွားသည်။

"ဝင်ထိုင်တော့လေ. . . သွားရအောင်. ."

ရဲရင့်ဝင်ထိုင်လိုက်သည်နှင့် အပြုံးတစ်ချက် လက်ခနဲပွင့်ကာ ကားကိုစတင်ဘီးလှိမ့်ထွက်တော့သည်။

ရုတ်တရက် မိုးက ဝေါခနဲရွာချလာ၍ သူမဝိုက်ဘာဖွင့်ရင်း ရဲရင့်ကိုလှမ်းကြည့်ကာ ပြုံးလေသည်။ ရဲရင့် သူ့ကိုယ်သူမသိက်ာ တော့သဖြင့် ဟိုဒီငုံ့ကြည့်နေသောကြောင့် သူမက. .



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဟုတ်ပါဘူး. . အဟင်းဟင်း. ."

"မသိဘူးလေ. . သွန်းဖြိုးက ခဏခဏကြည့်ပြီး ရယ်နေလို့. ."

"ဒီအတိုင်းပဲ ရယ်ချင်လို့. . အဟီးဟီးဟီး. ."

"အဲဗျာ. . . ."

"မိုးရွာတိုင်း ရှင့်ကိုကြည့်ပြီးရယ်ချင်တာ. ."

"သြော်. ."

ရဲရင့်သဘောပေါက်သွားပြီး. .

"အဲ့ဒါတော့ ချွင်းချက်ဗျာ. . တစ်ကယ်ပါ. ."

"အခုရော နေနိုင်ရဲ့လား. . ၊ ကားပေါ်မှာတော့ မလုပ်နဲ့နော်. . ခစ်ခစ်. ."

"ရပါတယ်. . အဟဲဟဲဟဲ. ."

"မိုးတွေအရမ်းရွာနေတာနော်၊ ရှေ့မီးကြီးတောင် ဖွင့်ထားရတယ်. . အဟင်းဟင်း. ."

"အစမဖော်နဲ့လေဗျာ. . ၊ တော်ကြာ. . ဒုက္ခတွေပေးနေဦးမယ်. ."

"အဟားဟားဟား. . ခစ်ခစ်ခစ်. . ရှင်တကယ်ပဲ အဲ့သလိုဖြစ်တယ်နော်. ."

"သြော်. . ဖြစ်တာတော့ပြောမနေနဲ့၊ မိုးရွာတာကိုအသာထားဦး မင်းနာမည်ကြားရုံနဲ့ ကြက်သီးတွေထနေတာ. ."

"ရှင်!. . ဘာဖြစ်လို့လဲ. ."





"မင်းနာမည်ကိုက. . ရွာသွန်းဖြိုးပါဆိုမှ ဒီမှာဘယ်လိုလုပ်နေနိုင်တော့မှာလဲ. ."

"ဟာ. . ဒီလူကြီးတော့ ဒုက္ခပါပဲ. . ခစ်ခစ်. ."

"မတတ်နိုင်ဘူးဗျာ. . . ဘယ်ဘဝအကျိုးပေးမှန်းကိုမသိဘူး. ."

လမ်းသွယ်တစ်ခုထဲ ချိုးဝင်ပြီး ကော်ဖီဘားတစ်ခုရှေ့မှာ ရပ်လိုက်သည်။

သူမက ထီးကိုလှမ်းပေးလျှက်. . .

"ကိုရဲရင့်. . အရင်ထွက်နှင့်ပြီး ဒီဘက်လာကြိုပေး. ."

"အိုခေ. ."

ရဲရင့်သွက်လက်စွာပင်. . တံခါးဖွင့်ထွက်ပြီး ကားရှေ့မှ ပတ်ကာ သူမကိုထီးမိုးပေးလိုက်သည်။ တိတ်ဆိတ်လင်းသန့်သော ဆိုင်လေးထဲဝင်ကာ စားပွဲမှာထိုင်ဖြစ်သည်ထိ ရှိုက်မက်ခွင့်ရနေသော သူ၏ကိုယ်သင်းနံ့လေးထဲ သတိလစ်ချင်နေသည့် သူ၏ဝိညာဉ်ကို. . မနည်းနှာနှပ်ကာ. . ဆွဲထုတ်ထားရသည်။

သူ၏ကံတရားကိုက ဖွားဇာတာကောင်းပြီး. . ဂြိုလ်အိပ်ဂြိုလ်စား ညှို့ဖျင်းလွန်းသလားမသိနိုင်၊ လွတ်လပ်သောမိန်းကလေးတစ်ယောက်ကို လွတ်လပ်သောလူပျိုတစ်ယောက်အနေဖြင့် လွတ်လပ်စွာ ချစ်ခွင့်ရနေပါလျှက် ပြုံတစ်ပြုံတစ် ဖြစ်နေရတဲ့ဘဝ. . ။

သြော်. . ငါ့နှယ်. . ။

သူမကိုယ်တိုင်ပင် ကော်ဖီနှစ်ခွက်မှာပေးပြီး သူမ၏မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



ကိုင်အိတ်ထဲမှ ဓါတ်ပုံတစ်ပုံကို ထုတ်လိုက်သည်။ ထိုနောက်. . သူ့ရှေ့ချပြကာ. .

"ဒီမှာ. . ကြည့်ပါဦး. ."

"ဟင်. ."

မြင်မြင်ချင်း အံ့အားသင့်ကာ ဓါတ်ပုံကိုမကြည့်ဘဲ သူမကို လှမ်းကြည့်မိသည်။ ဒီဓါတ်ပုံကိုသူသိသည်။ အိမ်မှာလည်း ရှိနေသဖြင့်. .

"သွန်းဖြိုး ဒီပုံကို. . ဘယ်ကရလဲဟင်. ."

"ဖေဖေ့ရုံးခန်းက အလုပ်စားပွဲပေါ်ကလေ၊ ဒီမနက်ပဲ ရုံးရောက်ရောက်ချင်းတွေ့လို့ ကိုရဲရင့်ဆီ ဖုန်းဆက်လိုက်တာ၊ ဒီတစ်ယောက်က ကိုရဲရင့်မှကိုရဲရင့်ပဲ. . ကြည့်ပါလား. ."

"အဲ့ဒါ ကျွန်တော့်အဖေပဲ သွန်းဖြိုး၊ ဒီဘက်ကကျွန်တော့်အမေ. ."

"ရှင်!. ."

"နောက်တယ်ထင်လို့လား. . အိမ်မှာလည်း ဒီဓါတ်ပုံနှစ်ပုံရှိတယ်၊ တစ်ပုံက ဧည့်ခန်းထဲက မှန်ဘောင်ထဲမှာသွင်းထားပြီး. . တစ်ပုံက အဖေ့သေတ္တာထဲမှာရှိတယ်. . အဲ့ဒါကြောင့် သွန်းဖြိုးကို ဘယ်ကရလဲလို့ မေးနေတာ. ."

"အဲ့ဒါကြောင့်. . ဖေဖေ ရှင့်ကိုအလုပ်ခန့်ဖို့ကိစ္စ စဉ်းစားနေတာကိုး. ."

"ဘယ်လိုကြောင့်လဲ. . သွန်းဖြိုး. ."





"အဲ့ဒါတော့ ကျွန်မမသိဘူး ဒီဓါတ်ပုံနောက်က လက်ရေးက ဖေဖေ့လက်ရေးပဲ. ."

ရဲရင့်ရှေ့ကဓါတ်ပုံကို သူမကိုယ်တိုင် နောက်ကျောဖက်လှန်ကာပြပြန်သည်။

"တစ်ဘဝစာချစ်ခဲ့ပြီးမှ တစ်သက်လုံးမုန်းခဲ့သည်"

ရဲရင့် စာကိုဖတ်ပြီး ဓါတ်ပုံကိုပြန်လှန်ကာ အဖေ့ပခုံးကို သိုင်းဖက်ကာ ပြုံးရယ်နေသူအား သေချာကြည့်ဖြစ်သည်။

"ဒါဆို. . ဒီတစ်ယောက် သွန်းဖြိုးရဲ့ဖေဖေပေါ့. ."

"ဟုတ်တယ် ဒီအတိုင်းဆို. . ကိုရဲရင့်မိဘတွေနဲ့ ဖေဖေနဲ့ သူငယ်ချင်းအရင်းအချာတွေဆိုတာ သေချာသလို. . အတော်လေးနက်တဲ့အကြောင်းတွေလည်း ရှိလိမ့်မယ်. . ထင်တယ်. ."

ရဲရင့် ဓါတ်ပုံကို သူမထံပြန်ပေးရင်း ပင့်သက်ချမိသည်။

ထိုနောက်. .

"အမေ မကြာခဏပြောဖူးတဲ့ အဖေဆုံးရှုံးခဲ့ရတဲ့ သူငယ်ချင်းဆိုတာများ ဖြစ်နေမလား၊ အင်းလေ. . သွန်းဖြိုး သေချာသိချင်တယ်ဆိုရင်. . အမေနဲ့ခဏလောက် လိုက်တွေ့ပါလား၊ တွေ့ဖို့လိုအပ်မယ်ဆိုရင် ပြောတာပါ. ."

"အင်း. . သိပ်အရေးတကြီးတော့မရှိပါဘူး ဖေဖေ့ကိစ္စဆိုတော့. . ဒီအတိုင်းလေးပဲ စိတ်ဝင်စားတာပါ။ သွားမေးလို့. . လူကြီးတွေ စိတ်အနှောင့်အယှက်ဖြစ်ရရင် မကောင်းဘူးလေ. ."

"သွန်းဖြိုးဖေဖေအတွက်တော့ ဒီဓါတ်ပုံက စာအရ. . သေ



www.burmeseclassic.com

www.burmeseclassic.com



ချာပေါက်အနှောင့်အယှက်ပဲ. .၊ ကျွန်တော့်အမေအတွက် အဲ့သလောက်မပြင်းထန်ဘူး၊ ခုချိန်ထိ. . ငယ်ပေါင်းသူငယ်ချင်းအဖြစ်နဲ့ သတိရရှိနေဦးမယ်လို့ ကျွန်တော်ယုံကြည်တယ်. ."

သူမ ခဏကြာအောင် တွေဝေးနေပြီးမှ. . . .

"ကိုရဲရင့်အမေနဲ့တော့တွေ့ချင်တယ်. . ဒီအကြောင်းကိုလည်း သိချင်တယ်. . တကယ်လို့ဖေဖေက ကိုရဲရင့်ကိုအလုပ်ခန့်ဖို့ ငြင်းပယ်လာခဲ့ရင်. . ဘာကြောင့်ငြင်းရတယ်ဆိုတာကို. . ဖေဖေ မပြောပြလည်း ကျွန်မသိထားချင်တယ်လေ၊ မပြောမှာတော့ သေချာတယ်. ."

"ကောင်းပြီလေ. . သွန်းဖြိုးသွားချင်တဲ့နေ့ ပြောပါ၊ ကျွန်တော်လိုက်ပို့ပေးမယ်. . ကျွန်တော်သိသလောက်ကတော့ ဒီသုံးယောက်ကြားမှာ ရှုပ်ထွေးသွားစေတာကတော့ အချစ်ပဲ. . သွန်းဖြိုး"

"ရှင်!. ."

"အချစ်က လူတွေရဲ့နှလုံးသားချင်းနီးအောင် တံတားခင်းပေးတယ်. . လုံးဝဝေးကွာသွားအောင် တံတိုင်းလည်းခြားပေးတယ်၊ အချစ်ကြောင့် ဘဝဟာလှပလာခဲ့တယ်. . အချစ်ကြောင့်ပဲ ဘဝတစ်ခုလုံး အကျည်းတန်ခဲ့. . အထီးကျန်ခဲ့ရတယ်၊ ကြာလာတော့ အချစ်က ချစ်စရာကောင်းတာလား. . မုန်းစရာကောင်းလား. . ဒါမှမဟုတ် တစ္ဆေတစ်ကောင်လိုပဲ ကြောက်စရာကောင်းသလားဆိုတာ မဝေခွဲတတ်အောင်ပါပဲ. . သွန်းဖြိုးရာ. ."

"ကိုရဲရင့်. . ချစ်ဖူးလားဟင်. ."





"ချစ်ဖူးတယ်. ."

"ကျောင်းမှာတုန်းကလား. ."

"မဟုတ်ဘူး. . အခုပေါ့. ."

"ဘယ်သူနဲ့လဲ ကျွန်မနဲ့မိတ်ဆက်ပေးပါလား. ."

"အင်း. . အဲ့သလို ရင်းနှီးစေချင်ပါတယ်. . သူကကိုယ့်ကို ချစ်သလား မချစ်ဘူးလားဆိုတာ မသိဘူး. ."

"ဩော. . ကြိတ်ပိုးကြီးပေါ့. ."

"အဲ့ဒီထက်တောင် ဆိုးပါတယ်ဗျာ. .၊ ကြိတ်တာတောင် အသံမထွက်အောင်ကြိတ်ရတဲ့ ကြိတ်ပိုးကြီးပါ. ."

"အခိခိခိ. . ကဲ ထားလိုက်ပါတော့ ကြံ့ရင်သာ ကျွန်တော် ချစ်နေတာသူပဲလို့ ခပ်ဝေးဝေးက လက်ညှိုးထိုးပြသိလား. ."

"ဒါဆို မှန်တစ်ချပ်ဝယ်မှ ဖြစ်တော့မယ်. ."

"ဘာလုပ်ဖို့လဲ. ."

"တည့်တည့်ကြီးလက်ညှိုးထိုးပြရင်. . ပါးရိုက်ခံရမှာစိုးလို့ မှန်ထဲကနေ ပြမှာ. ."

"ဘုရားရေ ချစ်တယ်လည်းပြောသေး ကြောက်တာလည်း လွန်ရောပဲ. ."

"ဩော်. . အဲ့ဒါကြောင့် အချစ်ကိုဘယ်လိုဝေခွဲရမလဲမသိဘူးလို့ ပြောတာပေါ့. ."

ထိုနောက်. . . နှစ်ယောက်သားတိတ်ဆိတ်စွာ ကော်ဖီသောက်ကြပြီး ပြန်ခဲ့ကြသည်။ ဆိုင်ကထွက်တော့ မိုးစဲသွားချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူမစိတ်ထဲ ဘယ်လိုနေမည်မသိ၊ ရဲရင့်စိတ်ထဲမှာတော့ မိုးကိုကျိန်ဆဲနေမိသည်။

(တော်တော်အလိုက်ကန်းဆိုးမသိတဲ့မိုးကွာ. . . ခဏလောက်ဆက်ရွာပေးတော့. . ရေကုန်သွားမှာမို့လို့လား. . )

၅ ၅ ၅ ၅





(ဂျ အ. . တော်တော်သတ္တိကြောင်တဲ့လူ. . ဟွန်းမုန်းစရာကြီး. . ကိုယ်ကပဲ စပြီးပြောရမလိုဖြစ်နေပြီ. . )

ရွာသွန်းဖြိုးကားမောင်းလာရင်း. . တစ်ယောက်တည်းမကျေမနပ် မြည်တွန်မိသော်လည်း. . ရင်ထဲ စိတ်ထဲ ရှက်နွေးမှုကတဖိုဖို တလှပ်လှပ်. . ခံစားရလာသည်။

မည်သို့ဆိုစေ ရဲရင့်အပေါ်မှာ သူမ သာယာမိခဲ့ပြီ၊ ဘာကြောင့်လဲဟုမေးလျှင် သူမ မဖြေတတ်ပါ၊ သေချာသည်မှာ. . . ရဲရင့်နှင့် စတင်ဆုံခွင့်ရသည့်အချိန်မှာပင် အန်ချင်စရာ အံ့ဩစရာအဖြစ်မျိုးနှင့် မှတ်မှတ်စွဲစွဲ ဖြစ်သွားပြီး ပင်ကိုယ်ဆွဲဆောင်မှုတစ်မျိုးရှိနေသည့် သူ၏ဟန်ပန်လေးက အချိန်တိုင်းမှာ သတိတရရှိနေစရာဖြစ်ခဲ့သည်။

ဒါဟာ အချစ်တဲ့လား. . သူမ မသိပါ။ ချစ်ဖူးမှချစ်တာဟု



www.burmeseclassic.com

www.burmeseclassic.com



ပြောပြနိုင်သောအချစ်၏ မာယာ၊ ဗျူဟာ၊ သိမ်မွေ့စွာ၊ ပရိယာယ်. . ဆောင်စွာ၊ သိပ်သည်းနက်ရှိုင်းစွာ ရှိတတ်သောသဘောအား ရဲရင့်နည်းတူ ဘယ်လိုဝေခွဲရမည်ဆိုတာကို မသိပါချေ။ ဒါဖြင့်. . ။

အတွေးနှင့်သူမ. . အတော်ပင်မူးနောက်သွားပြီး မတွေးဖြစ်အောင် ကြိုးစားသတိထားကြည့်လိုက်သည်။ မရပါ. . မကြည့်ဘဲမြင်နေရသော သူ၏ပြုံးစစ နှုတ်ခမ်းများနှင့် ရှူးချင်လောက်အောင် ရင်ခုန်မြန်စေသော. . အကြည့်မျက်ဝန်းများ. . . ။

(ဒုက္ခပဲနော်. . . )





ရက်သတ္တပတ်တစ်ပတ်သည် ဘယ်သူ့အတွက်ဆိုတာ မသိရဘဲ လျှို့ဝှက်လျှင်မြန်စွာ ကုန်ဆုံးခဲ့ပါသည်။ ဆိုင်မှာ. . လေးတင့်ပြန်ရောက်လာသဖြင့် ရဲရင့်နှင့် တက်ညီလက်ညီပြန်တွဲနိုင်ကာ ဖောက်သည်များ စိတ်ချမ်းသာသွားသည်။

"ဂိုဏ်းချုပ်ရယ် နောက်တစ်ခါ ဘုန်းကြီးဝတ်ရင်လည်း. . ရန်ကုန်မှာပဲဝတ်ပါဗျာ. . ဆိုင်မှာလည်း ဗိုလ်ရဲတစ်ယောက်တည်း မထားခဲ့ပါနဲ့. . "

"ဟေ. . ဘာဖြစ်လို့လဲ. . "

ကျောင်းဆရာ အညောင့်လုပ်တော့မယ်ဆိုတာ ရဲရင့်သိသဖြင့် ကျောင်းဆရာ မပြောခင်ကြို၍. . ။

"ဒီလိုလေးတင့်ရ. . လေးတင့်မရှိတုန်း သူတူမခေါ်လာပြီး ကျွန်တော်နဲ့လာစပ်တယ်လေ. . "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကောင်း . ."

"ကျွန်တော်လည်း လေးတင့်မရှိတော့ . . ဘယ်လက်ခံမလဲ၊ အဲ့ဒါကို . . လုပ်ပါကွာ ရဲရင့်ရာ . . ငါမကျွေးနိုင်တော့လို့ မင်းနဲ့ပေးစားတာပါ . . နဲ့ . ."

"ဟုတ်ကောင်း . ."

"ကဲ . . အခု . . လေးတင့်ရောက်ပြီ၊ ကျောင်းဆရာခေါ်ချင်လည်း ခေါ်လာခဲ့ . . လေးတင့်ခွင့်ပြုရင် ယူမယ်ဗျာ . ."

"ဟိတ် . . ကောင်း . ."

ရဲရင့်ထိုင်ပြီး အလုပ်လုပ်နေရာမှ . . ကျောင်းဆရာထိုင်နေရာဘက် အသာတိုးကပ်သွားပြီး လေသံနှင့် . . .

"ကျွန်တော် အခုကိုင်နေတာ ခင်ဗျားစက်ပြားနော် . . . ကျွန်တော်ပြောတာကို မဟုတ်ဘူးလို့ ငြင်းလို့ကတော့ ကတက်နဲ့ ခင်ဗျားကြားမှာ . . ဗျာမျှားဖို့သာပြင်ထား . ."

"ဟ . . ဟ . . အဲ့ဒါ ကျီစားစရာမဟုတ်ဘူးနော် . ."

"ဒါဆို ခေါင်းညိတ်လိုက် . ."

"အေးပါ . . . ညိတ်ပါတယ် မသာလေးရယ် . . ဟင်းဟင်း ငါ့နှယ် . ."

"တူလေးတော့လုပ်လိုက် . . တူမနဲ့ဆိုတော့တူပေါ့၊ ဟုတ်တယ်မဟုတ်လား . ."

"အေးပါ . . တူတော်မောင်သေကောင်ကျရယ် . . မလေးနော် . . . ငါ့နှယ် . ."





"ကိုရဲရင့် ဖုန်းလာတယ် . ."

အောက်ထပ်က ဂျိုကာ၏အော်သံကြောင့် ရဲရင့် လုပ်လက်စကို ဖုတ်ခနဲချကာ ထပြေးသည်။ ယခုမှပင် ကျောင်းဆရာအလှည့်ရသွားကာ . . .

"အဲ့ဒါပဲ . . အဲ့ဒါပဲ ဂိုဏ်းချုပ်ရေ . . ကျုပ်တို့မှာ ဂိုဏ်းချုပ်မရှိတဲ့လ . . တစ်လလုံးလုံး အဲ့ဒီဖုန်းက ဒုက္ခပေးနေတာ၊ ဖုန်းလာတယ်ဆိုတဲ့ အသံကြားရမှာကို အားလုံးသေမလောက် ကြောက်နေကြရတယ် . ."

"ဘာလို့တုန်း . ."

"ဟာ . . ဖုန်းဆိုတာနဲ့ ပြေးပြီး၊ ပျောက်ကိုသွားတာ မယုံရင် မေးကြည့် . ."

ရဲရင့်အောက်ရောက်တော့ ဂျိုကာတကယ်ပဲ ဖုန်းခွက်ကိုင်ပြီး စောင့်နေ၍ ရဲရင့်လက်လွှဲယူကာ နားထောင်လိုက်သည်။

မြတ်ထူးဖြစ်ပါသည်။

"အေး . . သူငယ်ချင်းပြော . ."

". . . . . . . . . . . . . . . . . . ."

"ဟေ . . လူကြီးတွေဖြစ်ပြီး နားသွားဖောက်ရလား၊ ဘာလဲ အော်တာလား . ."

". . . . . . ."

"အဟုတ်ဟုတ် အလကားစတာပါကွ အိုခေလား . ."

". . . . . . . . ."



www.burmeseclassic.com

"ဟုတ်လား. . မြန်လှချည်လား. ."

". . . . . . . . . ."

"အေးပါကွာ. . ဝမ်းသာပါတယ်၊ ဒါပဲနော်. . ငါအလုပ်နည်းနည်းကျနေလို့. ."

ရဲရင့် အမြန်ဆုံးဖုန်းချပြီး ဖုန်းခုံနားမှာ ခေါင်းငိုက်စိုက်ကျ သွားပါသည်။ စေ့စပ်ကြောင်းလမ်းပြီးတဲ့အပြင်. . မင်္ဂလာရက်ပါ သတ်မှတ်လိုက်ကြပြီဆိုတော့ ပြီးပြီပေါ့. . အားလုံးပြီးသွားပြီပေါ့။

ရဲရင့်အတွက်တော့ မပြီးဆုံးနိုင်သော ဝမ်းနည်းကြေကွဲခြင်းတို့နှင့် ရှိတော့မည်ဖြစ်၍ အပေါ်ပြန်မတက်နိုင်ဘဲ ဆိုင်ရှေ့လှေခါးထစ်မှာ ထွက်ကာထိုင်မိသည်။

မိုးကမရွာဘဲ အုံ့ထားသည်။ ရွာသာရွာချလိုက်ပါတော့. . တောမီးလောင်နေသောသူ့ရင်ကို. . အေးမြချင်လှသည်။ မီးတောင်တွေ ပွင့်ထွက်နေသော နှလုံးသားကို ငြိမ်းချမ်းချင်လှတော့သည်။

မုတ်သုန်က အဝင်နောက်ကျပြီး အထွက်စောလွန်းသည်။ အချစ်လည်း မုန်သုန်လေကို အားကျနေပြီထင်ပါသည်။ အဝင်နောက်ကျကာ အထွက်စောနေသည်။ ထိုအခိုက်မှာ အုံ့နေသောမိုးသားများ တအိအိနိမ့်ဆင်းကာ ဖွဲဖွဲသဲသဲလေး ရွာချသည်။

(မိုးရယ်. . ငါ့ရင်ဘတ်ထဲပါ. . ဝင်ရွာပေးစမ်းပါ)

ရဲရင့်အတွေးနှင့်နစ်ပြီး ညစ်နေခိုက်. . သူ့ရှေ့တည့်တည့် ကားတစ်စီးရပ်သဖြင့် ကြည့်လိုက်သည်။

"ဟင်. . သွန်းဖြိုး. ."





"လာ. . မြန်မြန်တက်. ."

ရဲရင့် ဘာမှမစဉ်းစားနိုင်ဘဲ ကားထဲရောက်သွားသည် ဂိုဏ်းချုပ်ခေါ်ခိုင်း၍လှေခါးထစ်နားရောက်လာသော ဂျိုကာလည ခြေမြှောက်ရမလို လက်မြှောက်ရမလိုဖြစ်ကာ ကျန်ခဲ့သည်။

ကားလေး လျှောခနဲမောင်းထွက်သွားမှ. . မိုးကမှောင်ေ အောင် ရွာချလာသဖြင့် ကားကိုဝိုက်ဘာဖွင့်ရုံနှင့်မရဘဲ ရှေ့မီးကြီး ဖွင့်မောင်းလာရသည်။

"ကိုရဲရင့်တို့အိမ်ကို သွားကြမယ်. ."

"ကိစ္စက. ."

"မသိဘူး. . ကျွန်မ မြတ်ထူးကိုလက်မထပ်ချင်ဘူး. ."

"ဟာ. . အဲ့ဒီတော့. ."

"အဲ့ဒီတော့ ရှင့်အိမ်မှာ သွားပုန်းနေမယ်. ."

"ဟင်. . . အဲ့ဒီနေရာကို မြတ်ထူးလည်းသိတယ်လေ၊ ကောင်ခဏခဏရောက်ဖူးတယ်. . သူလိုက်လာရင် ဘယ်လိုလုပ် လဲ. ."

"ရှင့်နောက်လိုက်လာတာလို့ ပြောလိုက်ရုံပေါ့. ."

"ဟော. . ဗျာ. ."

"ဘာလဲ. . ရှင်က မခေါ်ချင်ဘူးလား. ."

"အာ. . ခေါ်. . ခေါ်ချင်ပါတယ်. ."

"ဒါဆိုပြီးရော. . ဘာမှထပ်မမေးနဲ့. ."

"ဘုရားသခင်. ."



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့် ခုမှ . . တကယ်ကို ချွေးပြန်ကာသွားသည်။

ရင်ဘတ်ထဲက တောမီးတွေ မီးတောင်တွေ ကန်တက်လာပြီး . . ဦးနှောက်ထဲမှာ လောင်ကြပေါက်ကြသည်။

ထိုစဉ်သူမက . .

"ရှင်အမေ မေးရင် . . ရှင်ဘယ်လိုဖြေမလဲ . ."

"ဗျာ . ."

"ပြောလေ . . ဘယ်လိုဖြေမလဲလို့ . ."

"အမှန်အတိုင်းတော့ ပြောရမှာပဲ . ."

"ဘယ်လိုအမှန်အတိုင်းလဲ . ."

"မိန်းမခိုးလာတယ်လို့ . ."

သူမမျက်နှာ ရဲခနဲဖြစ်ကာ ချာခနဲလှည့်သွားသည်။

ရဲရင့်အတွက်တော့ ဒါဟာအမှန်တရားပင် . . သူများတွေ မိန်းမခိုးတာ မှားကောင်းမှားနိုင်သည်။ ရဲရင့်အတွက်က အမှန်စစ်စစ်ဖြစ်လေသည်။ သို့သော် . . အမေဒီကိစ္စကို ကျေနပ်လက်ခံလိမ့်မည် မထင်ချေ။

ထို့ကြောင့် . .

"အိမ်ကိုသွားရင် . . အမေ လက်ခံမှာမဟုတ်ဘူး သွန်းဖြိုး"

"ဘာလို့လဲ . ."

"အမေလည်း အဲ့သလိုဇွတ်မိုက်ခဲ့လို့ သူငယ်ချင်းကောင်းတစ်ယောက် ဆုံးရှုံးခဲ့ရတယ်လေ . ."

"ဒါပေမယ့် ခင်ပွန်းကောင်းတစ်ယောက် ရခဲ့တယ်မဟုတ်





လား၊ ရှင် သိပ်လည်းစိတ်မပူပါနဲ့ . . ကျွန်မရှင့်လိပ်စာကို ဖောင်ထဲက
ယူပြီး ရှင့်အိမ်ရောက်ပြီးပြီ၊ ခါတ်ပုံကိစ္စလည်း မေးပြီးပြီ၊ ကျွန်မက
သူ့သူငယ်ချင်းရဲ့ သမီးဆိုတာလည်း သိသွားပြီ၊ ရှင်နဲ့ပတ်သက်နေ
တယ်ဆိုတာလည်း ပြောပြလိုက်ပြီ . ."

"ဗျာ . ."

"အဟင်းဟင်း . . ရှင်တို့ယောကျ်ားတွေ တစ်သက်လုံ
စွာလာတာ . . ဒီတစ်ခါ ကျွန်မတို့မိန်းမတွေအလှည့်ပဲ၊ ဟင်း . .
သူ့သမီးကြိုက်ရင် သူ့အမေကို အရင်ပေါင်းဆိုတာက ပါသေးတယ်
အဲ့ဒါကြောင့် . . . ကျွန်မလည်း ရှင့်အမေကို အရင်ပေါင်းတာ သိပြ
လား . ."

"ဗုဒ္ဓေါ . ."

ရဲရင့်တစ်ယောက် အပြင်မှာရှာနေသောမိုးက ရင်ဘတ်
ထဲတိုးဝင်လာသလို အေးခနဲစိမ့်ခနဲဖြစ်ကာ . . ကြက်သီးဖြန်းဖြန်း
ထသွားသည်။ စိတ်ထဲမှာလည်း မရိုးမရွ ခံစားနေရသဖြင့် ဆီးသွား
ချင်စိတ်ဖြစ်လာကာ . . .

"အား . . ဒုက္ခ . . ဒုက္ခပဲ သွန်းဖြိုးရာ . ."

"ဘာဖြစ်လို့လဲ . ."

"ကျွန်တော် . . ဆီးသွားချင်နေပြီ . ."

"အဲ့တော့ . . . ဒီနေရာမှာဘယ်လိုလုပ်သွားမှာလဲ . ."

"ရတယ် . . ကားသာရပ်လိုက် . ."

သူမ . . ဘေးဘီတစ်ချက်ဝေ့ကြည့်ပြီး လမ်းဘေးကပ်ရ



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်သည်။ ကားရပ်သည်နှင့် ရဲရင့်ပြေးဆင်းကာ လမ်းတစ်ဖက်ရှိ ကားဘေးနားမှာ ပျောက်ကွယ်သွားလေတော့သည်။

ခဏကြာမှ . . ပေါ့ပေါ့ပါးပါး ပြန်ပြေးလာကာ . . ကားထဲဝင်ထိုင်ရင်း . . .

"ဟူး . . . ခုမှပဲ နေသာထိုင်သာ ရှိသွားတော့တယ် . ."

""ရှင် . . ဒီလောက်မြို့လည်ခေါင်ကြီး ဘယ်နေရာသွားလိုက်တာလဲ . ."

"ဟိုကားဘေးမှာလေ . ."

"တကယ်ပါပဲ . ."

"မလွှယ်နိုင်လို့ပါ သွန်းဖြိုးရာ . . နားလည်ပေးပါ . ."

သူမ မရွံ့မရဲပြုံးကာ ကားကိုဆက်မောင်းသည်။

ခဏကြာမှ . .

"ရှင့်စိတ်ထဲမှာ ကျွန်မကိုဘယ်လိုရှိတယ်ဆိုတာတော့ သိချင်တယ် . ."

"ပြောရမလား . ."

"အင်း . ."

"ရှုံးမလောက်ချစ်တယ် . . သေမလောက်စွဲလန်းမိတယ်၊ မင်းကားကိုသေးပန်းမိလို့ . . မင်းနဲ့ရန်ဖြစ်ကတည်းက ချစ်ချစ်ကြီးနဲ့ကို ဟစ်နေတာလေ . ."

"အခိခိခိ . . လူယုတ်မာကြီး၊ ကဲ . . . အဲ့ဒါထားပါတော့ မြတ်ထူးပြန်တွေ့ရင် ရှင်ဘယ်လိုရင်ဆိုင်မလဲဟင် . ."





"ကျွန်တော့်ဖြစ်က . . . ဘမျိုးဘိုးတူဆိုတာလို ဖြစ်နေပါပြီ သွန်းဖြိုးရာ၊ ခုမှတော့ . . အဖေ့လိုပဲ စာတစ်စောင်နဲ့တောင်းပန်ပြီး တစ်သက်လုံး အမုန်းခံရတော့မှာပေါ့ . ."

"နေပါဦး . . ရှင်ကျွန်မကို ချစ်ရဲ့သားနဲ့ ဘာလို့ဖွင့်မပြောတာလဲ . ."

"မြတ်ထူးက သူဦးထားတာဆိုလို့ . ."

"ဩော် . . အဲ့သလိုလည်း ဦးစားပေးနိုင်တာပေါ့ . ."

"အင်း . . သူငယ်ချင်းက . . ဒါ ငါအရင်တွေ့တာ . . ငါ့ဟာဆိုတော့ ကျွန်တော်ဘယ်လိုလုပ်ရမလဲ . ."

တော်သေးတာက . . မိန်းမကခိုးလာလို့ ယောကျ်ားသာခိုးရရင် . ."

"တော်ပြီ . . မပြောနဲ့ နားရှက်တယ် . ."

"ဗျာ . ."

တခိခိရယ်ကြသည်။ သာမန်အားဖြင့် အချစ်ကဆန်းကြယ်သည်ဟု ပြောနိုင်သော်လည်း သေချာတွေးကြည့်လျှင် လူသားဆန်သောလူတို့၏စိတ်က ဆန်းကျယ်နေပါသည်။ ရဲရင့် အလိုက်သင့်ရယ်ကာမောကာ လိုက်ပါလာသည့်တိုင် ရင်ထဲမှာမောနေသည်။

သေသေချာချာ မှာထားပြောထားသည့်ကြားက မြတ်ထူးအပေါ် ကတိမတည်ရာ သစ္စာမဲ့ရာကျသွားသော သူ့အပြစ်ကို . . . မြတ်ထူးနားလည်အောင် ဘယ်လိုမှ ရှင်းပြလို့မရနိုင်တော့ပြီ။

ကောင်းပြီ . . မြတ်ထူးအပေါ် သူငယ်ချင်းကောင်းပီသစွာ

www.burmeseclassic.com



ကိုယ့်ရင်ဘတ်ကိုယ် တုတ်နဲ့မွှေပြီး. . ရွှာသွန်းဖြိုး၏ စွန့်စားမှုကို လက်မခံဘဲ. . မြတ်ထူးလက်ထဲ ပြန်အပ်လိုက်ပါပြီတဲ့ ရွှာသွန်းဖြိုး ဘယ်လိုခံစားရမလဲ. . ။

ကမ္ဘာဦးကတည်းက ရှိလာခဲ့တဲ့ မိန်းမတစ်ယောက်ရဲ့ စောင့်စည်းမှုကို ဖျောင်းခနဲမြည်အောင် ရိုက်ချိုးပြီး ဖွတ်တိုးလာခဲ့တာတောင်. . သူမ ထင်သလို အဆင်မပြေလျှင်. . ရက်မွန်ပြီး အလွန်အကျွံတွေ လုပ်ပစ်မှာစိုးရသည်။

အမေ့တုန်းကတော့ အဖေသာငြင်းလိုက်လျှင် ကိုယ့်ကိုယ်ကိုယ် သတ်သေပစ်ဖို့အထိ ဆုံးဖြတ်လိုက်တာတဲ့. . . ရွှာသွန်းဖြိုးကရော. . ။

ရဲရင့်တွေးရင်း ကြက်သီးထသွားပြီ။ ဒါပဲကောင်းပါတယ်ဟု ဖွတ်တိုးဆုံးဖြတ်ပစ်လိုက်သည်။ သေဆုံးသွားမှ ယူကျုံးမရဖြစ်တာထက်နိုင်းစာလျှင် သူ့ကိုအသက်ရှင်စေပြီး ကိုယ့်ကိုအမုန်းခံတာမှ တော်ဦးမည်။

"ကောင်းပါတယ်. . ဒါပဲကောင်းပါတယ်. ."

"ဘာကောင်းတာလဲ. ."

"ဪ. . . မိန်းမရတာကောင်းတယ်လို့. ."

ပြီး



